

နှင်းဆွတ် ... ဧရ

နွေမှာ ပူပြင်းတဲ့နွေအပူချိန်ကို ခံခဲ့ရ ...
မိုးတွင်းမှာ မိုးသက်လေပြင်းတွေ သဲသဲမဲမဲကျတဲ့ဒဏ်ကို ခံစားပြီးခါစ
မိုးအကြွင်းအကျန် ရေစက်ကလေးတွေမှာ
ကျခါစ နှင်းက ဝင်ဆွတ်တာ ...
နှင်းဆွတ်ရည် မဟုတ်
နှင်းဆွတ် ... ရေ တဲ့
အေးချမ်းတော့မယ့်နိမိတ် ဆိုတဲ့ သဘောပေါ့ ...

နှင်းဆွတ် ... ရေ



## (၁)

**၂၀၁၄**

ကနုတ်ပန်းများဖော်ထားသော ကျွန်းသားတံခါးကို ဖွင့်လိုက်ပြီး သားမောင်၏ မျက်နှာကို မြင်လိုက်ရတော့ ဒေါ်လေး မျက်နှာမှာ အပြုံးရိပ်ဖွဖွ ပေါ်လာသည်။

'သား . . လာလေ၊ ဘာလာ လုပ်လဲ'

သားမောင်က ပခုံးတွန့်ပြ၍ လက်ထဲက ချိုင့်ကိုပြသည်။

'ဘွားဘွား ပို့ခိုင်းလိုက်လို့ ၊ ကြာဆံချက်'

'အေး အေး သားလေး . . လာ'

ဒေါ်လေးနောက် သူ လိုက်ဝင်လာသည်။

လေအေးစက် အသားကုန် ဖွင့်ထားသော ဧည့်ခန်းထဲတွင် ဆုံလည်ကုလားထိုင်ကလေး ကိုယ်စီနှင့် ထိုင်နေသော မိန်းကလေးသုံးဦး ရှိနေသည်။

တစ်ဦးက ပလတ်စတစ်စခြုံထားပြီး ဘေးမှကတ်ကြေး၊ ဘီး၊ ဘရပ်ရှ်တို့ တင်ထားသည့် ဘီးတပ်စင်ကလေး တစ်ခုရှိနေ၍ နောက်မှာ ဘောင်းဘီရှည် ဝတ်ထားသော မိန်းကလေးတစ်ဦး ရှိုရှို့ကလေး ရပ်စောင့်နေသည်မို့ ဒေါ်လေး ဆံပင်ညှပ်ပေးရင်း တန်းလန်းဖောက်သည် ဖြစ်မည်ဟုခန့်မှန်းရသည်။



တစ်ဦးက ခေါင်းကို နောက်သို့ လှန်ချထားပြီး မိန်းကလေးနှစ်ဦးက လေပူမှုတ်နေတာလား၊ စုပ်နေတာလား မသိသော ကိရိယာများနှင့် ဆံပင်သားကို ဆွဲ၍ ပုံဖော်နေသည်။

နောက်တစ်ဦးကတော့ ခေါင်းမှာ ခေါင်းပေါင်းတဘက် ပေါင်းထားပြီး အပူပေးအုပ်ဆောင်းတစ်ခု အောက်မှာ ထိုင်၍ စာဖတ်နေသည်။

အခန်းထဲမှာက စီလင်းဒီယွန်၏ တေးသံတိုးတိုး ပျံ့လွင့်၍နေသည်။

သားမောင် အနေရခက်စွာဖြင့် ထမင်းစားခန်းဘက်သို့ ခပ်သုတ်သုတ် လျှောက်ခဲ့သည်။ ဒေါ်လေး၏ သင်တန်းသူ မိန်းကလေးတစ်ဦးက သူ့လက်ထဲက ချိုင့်ကို လှမ်းယူ၍ လှယ်ပေးနေခိုက် သူ ထမင်းစားပွဲမှာ ထိုင်စောင့်နေသည်။

သူအနေရခက်သည်မှာ မိန်းကလေးတွေချည်းပဲ ရှိနေ၍မဟုတ်။ သည်ဆိုင်က တကယ်တော့ ယူနီဆက်စ်ခေါ် ယောက်ျားကလေးရော၊ မိန်းကလေးပါ လက်ခံသည့် ဆိုင်မျိုးဖြစ်သည်။ ပြီးတော့ သည်ဆိုင်ကို ဒေါ်လေး ဖွင့်ခဲ့တာ သူ့တစ်သက် အနှစ်နှစ်ဆယ်ကျော်နေပြီ ဆိုတော့ သည်ဆိုင်ထဲကို သူကလေးဘဝကတည်းက အကြိမ်ကြိမ် ရောက်ဖူးနေခဲ့တာ ဖြစ်သည်။

ခုထက်ထိ ကျင့်သားမရသေး။

သည်ဆိုင်ထဲရောက်တိုင်း သူချက်ချင်း ထပြန်ချင်သည့်စိတ် ဖြစ်ဖြစ်လာမိသည်။ သည်ဆိုင်ကို လာသော ဖောက်သည်တွေရှေ့မှာ နေရတာ သူ မပျော်ပါ။

ငွေကြေးတတ်နိုင်သူတွေက မိမိအသွင်သဏ္ဌာန်အတွက် ငွေတွေအများကြီး သုံးကြတာကို သူ့စိတ်ထဲက ဘယ်လိုမှ မနေပါ။ မုဒိတာပင် ပွားနိုင်ပါသေးသည်။

ခက်တာက အဲသည်ငွေကြေး တတ်နိုင်သူများသည် သူတို့ငွေကြေးတတ်နိုင်ကြောင်းကို အမြဲလိုလိုပင် သတိတရရှိနေတတ်ကြခြင်း ဖြစ်ပါသည်။ အဲသည်အချက်ကလည်း သူတို့ ဟန်ပန်၊ သူတို့ပြောသောစကားတွေထဲမှာ

အမြဲတမ်း ပေါ်နေတတ်သည်လေ။ အထူးသဖြင့် သည်လိုဆိုင်မျိုး၊ အချိန်အကြာကြီး ဖြုန်းရသည့်နေရာမျိုးမှာ ပို၍ပင် သိသာထင်ရှားတတ်သည်။

ဒါကြောင့် သူမပျော်တာပါ။

'ဆံပင်ညှပ်မှာလားကွယ့်'

ဒေါ်လေးမေးသံသဲ့သဲ့ ကြားရသဖြင့် သူ ပုတီးစေ့ကလေးများ သီထားသောခန်းဆီးကိုဖြတ်၍ ဧည့်ခန်းဘက် လှည့်ကြည့်မိသည်။ သူနှင့် သက်တူရွယ်တူခန့် ယောကျ်ားကလေးတစ်ဦး ရပ်နေတာ တွေ့ရသည်။ ဆံပင်က လိမ္မော်ရောင်ကို ခေါင်းအလယ်တည့်တည့်မှာ ချွန်၍ထောင်ထားသည်။ တော်တော်ကျပ်သော ရှပ်အင်္ကျီအပြာရောင် တောက်တောက် လက်ရှည်ကို ရင်ဘတ်ခွဲ၍ ဝတ်ထားသည်။ ဘောင်းဘီက အညိုနုရောင် ဂျင်းပုံစံကျပ်ကျပ်။ ခါးပတ်က အဝါရောင်အပြားကြီးကြီး။ နားမှာစိန်နားကပ်ကို လှမ်းတွေ့လိုက်ရသေးသည်။ ရုပ်ကတော့ ရွက်ကြမ်းရေကျို မရှိတရှိ။

သားမောင် သက်ပြင်းချမိ ပြန်သည်။

'မျက်နှာပေါင်းတင်ချင်လို့ပါ မမ'

သားမောင် မျက်လုံး ပြူးသွားသည်။ ဒေါ်လေးကတော့ တူအရွယ်က မမ အခေါ်ခံရတာ ထူး၍ကြည်နူးနေပုံ မပေါ်။ အေးဆေးပင် ပြန်မေးသည်။

'ဝက်ခြံကြောင့်လားကွယ့်၊ ဝက်ခြံလည်း သိပ်မရှိပါဘူး'

'မဟုတ်ပါဘူး မမ၊ အသားလှချင်လို့ပါ'

သင်တန်းသူ မိန်းကလေးက သားမောင်ကို ချိုင့်ပြန်လာပေးရင်း ပါးစပ်ကို အုပ်၍ အသံမထွက်အောင် ရယ်သည်။

'ဩော်၊ ပွဲတစ်ခုခု ရှိတယ်ထင်တယ်'

ဒေါ်လေးက ပြန်မေးပြန်သည်။

'မရှိပါဘူး မမ၊ ကျွန်တော်က ပုံမှန် အမြဲတင်တာပါ၊ အရင်က မန္တလေးမှာ နေတော့ မန္တလေးက 'ချယ်ရီ' မှာ အမြဲသွားလုပ်ပါတယ်၊ အခု ရန်ကုန်ရောက်လာတော့ မေးကြည့်တော့ မမဆိုင်က နာမည်အကြီးဆုံးပဲ၊ မင်းသား၊ မင်းသမီးတွေလည်း လာတယ်ဆိုလို့'



ဒေါ်လေးက ရယ်သည်။

'မမဆိုင်က ဆံပင်ပဲ ကိုင်တာကွယ့်၊ ပွဲလမ်းရှိရင် မမနဲ့ ပါတနာလုပ်ထားတဲ့ဆိုင်တော့ ဒီလမ်းထဲမှာတင်ရှိတယ်၊ အဲဒီကို သွားလိုက်ပါလား၊ ဒီမှာကတ်ပြားလေး၊ မမ လွှတ်လိုက်တယ်ပြော၊ သေသေချာချာ လုပ်ပေးပါလိမ့်မယ်'

'ဩော် ဒီလိုလား၊ ကျေးဇူးပါ မမရေ၊ ကျွန်တော်က ကျွန်တော့်အရေပြားကို ကျွန်တော် သိပ်ဂရုစိုက်တာ မမရဲ့၊ စကင်းခရမ်တောင် အမျိုးမျိုးသုံးတာ၊ လက်ဆို အပေါ်ဘက်နဲ့ အောက်ဘက် မတူရဘူးလေ၊ ကျွန်တော် သေသေချာချာ လေ့လာထားတာ၊ အရေပြားသာ တစ်ခုခုဖြစ်ရင် ကျွန်တော်တော့ သေမှာ မမရဲ့'

သားမောင်က တိုးတိုးကလေး သေလိုက်. . ဟုပြောတော့ သင်တန်းသူ မိန်းကလေးက မျက်လုံးပိတ်အောင် ရယ်နေသည်။

စောစောက ယောကျ်ားလေး ပြန်ထွက်သွားသံကြားရပြီး ဒေါ်လေးက ထမင်းစားခန်းထဲကို ဝင်လာသဖြင့် သားမောင် မျက်နှာပိုး သတ်လိုက်ရသည်။

ဒေါ်လေးက ထိုင်နေသော သားမောင်ပခုံးကို လက်တစ်ဖက်နှင့် ပွေ့ဖက်၍ မဖြီးမသင် ရှုပ်ပွနေသော သားမောင်ဆံပင်ကို လက်တစ်ဖက်က ထိုးဖွကျီစယ်သည်။

'ဆံပင်ကြီးကလည်း ရှည်နေပြီ၊ မသပ်မရပ်နဲ့ တစ်ခါတည်း ညှပ်သွား၊ ဒေါ်လေးကိုယ်တိုင် ညှပ်ပေးမယ်'

'မဖြီးလို့ပါ ဒေါ်လေးရဲ့၊ ရုံးဖွင့်ရက်ဆို ဖြီးပါတယ်'

ဒေါ်လေးက တိုးတိုးရယ်သည်။

'ဒါဆိုလည်း ထမင်းစားသွား၊ သား စားချင်တာမှာလိုက်'

'မစားတော့ဘူး ဒေါ်လေး၊ သား ကြာဆံချက်စားထားပြီးသား၊ အဘွားကလည်း ကြီးကြီးတို့အိမ် လွှတ်ဦးမှာတဲ့'

ခန်းဆီးကလေးလှပ်၍ သင်တန်းသူတစ်ဦး ဝင်လာပြန်သည်။ မျက်နှာက မသာမယာ။

သူ့နောက်မှာ မိန်းကလေးတစ်ဦး ရပ်နေတာကိုတွေ့ရသည်။

ဒေါ်လေးက သူ့ကို . . သား ခဏဟုပြော၍ လိုက်သွားသည်။

'ညီမလေး အဆင်မပြေဘူးလား'

'မပြေဘူး. မမမေ၊ ညီမက အညိုရောင်ဆိုးခိုင်းတာ ဒီမှာကြည့်ပါဦး'

ဆံပင်ကို ပြ၍ ပြောသည့်အသံက ဘောက်ဆတ်ဆတ်။

'ဒီအရောင်ကို မမမေ ရွေးပေးလိုက်တာပါကွယ်၊ အညိုပဲဟာ'

'ဒါအနက်ဘက် လုနေတယ် မမ မေရဲ့၊ ဆံပင်အညိုဆိုးချင်တယ် ဆိုတာက အလင်းရောင်ထဲမှာ တောက်နေချင်လို့ ဆိုးကြတာ၊ ခပ်မှိုင်းမှိုင်းညို တော့ ဘယ်တောက်တော့မှာလဲ'

'အားနာလိုက်တာကွယ်၊ ခြောက်အောင် နည်းနည်းစောင့်ကြည့်ပါဦး၊ ခြောက်တော့အရောင်က တစ်မျိုးဖြစ်မှာလေ'

'ဘူးပေါ်ကအရောင် ကြည့်ပြီးပြီ မမမေရယ်၊ ရင့်ကိုရင့်နေတာ၊ မရဘူး၊ အဲဒါမမမေ ပြန်နှုပေး'

'ကဲ ကဲ၊ ညီမသဘောပါကွယ်၊ ခဏကလေးထိုင်စောင့်၊ မမမေ ကိုယ်တိုင် စပ်ပြီး ယူခဲ့မယ်၊ ခဏလေး'

ဒေါ်လေးက အခန်းထဲ ပြန်ဝင်လာသည်။ မျက်နှာကြီး စူပုပ်နေသော သားမောင်ကို တွေ့တော့ ရယ်သည်။

'ကဲ သားပြန်ချင်လည်း ပြန်တော့၊ မုန့်ဖိုးယူသွားပါဦးလား'

'ဒေါ်လေး'

'အေးပါအေးပါ၊ မေ့လို့ ငါ့သားက ကလေးမှမဟုတ်တော့တာ၊ ကဲကဲသွား'

သားမောင်ချိုင့်လွတ်ကို ဆွဲ၍ ဧည့်ခန်းဘက် ထွက်ခဲ့သည်။

စောစောက ခေါင်းပေါင်းထားပြီး ရေနွေးငွေ့စက်အောက်မှာ ထိုင်၍ မဂ္ဂဇင်းစာအုပ် ဖတ်နေသည့် မိန်းကလေးဘေး အရောက်တွင် ထိုမိန်းကလေးက လှည့်ကြည့်သည်။

'ဒီမှာ'

သားမောင် အူကြောင်ကြောင်နှင့်ရပ်၍ လှည့်ကြည့်သည်။ မိန်းကလေးက သူ့ဘေးက ခုံပုကလေးပေါ်တွင် တင်ထားသော ရေနွေးပန်းကန်လုံးကလေးကို မေးငေါ့ပြသည်။



'အဲဒါလေးဖြည့်ပေးပါလား'

သေချာပါပြီ၊ သူ့ကို ဒေါ်လေးဆိုင်က အလုပ်သမားဟု ထင်နေပြီ၊ သူ့ပုံစံကလည်း ထင်စရာ။ ဆံပင်က ရှည်ရှည်စုတ်ဖွား၊ ဂျင်းဘောင်းဘီက အရောင်မပီမပြင်၊ ရှပ်အကျီလက်ရှည်ကို ခါးကအပြင်ထုတ် ချဝတ်ထားသေးသည်။ လက်က စတီးချိုင့်နှင့်။

ဖြေရှင်းတာက ခိုင်းတာ လုပ်လိုက်တာထက် ပိုကြာတော့မည်။ သူ ခေါင်းညိတ်ပြ၍ ရေနွေးခွက်ကိုကောက်ယူပြီး ထမင်းစားခန်းထဲပြန်ဝင်ခဲ့သည်။

ဆံပင်ဆိုးဆေး ဖျော်ပြီး ထွက်လာသည့် ဒေါ်လေးနှင့် တည့်တည့်တိုးသည်။

'သား ဘာကျန်ခဲ့လို့လဲ'

သူ ပခုံးတွန့်ပြသည်။ ဒေါ်လေးက သူ့လက်ထဲက ရေနွေးခွက်ကို ကြည့်သည်။ သူတို့ဘက် လှမ်းကြည့်နေသော မိန်းကလေးကို ငဲ့ကြည့်သည်။ သဘောပေါက်သွားဟန်ဖြင့် မျက်နှာအနည်းငယ် ပျက်သွားသည်။

နောက်က ပါလာသော မိန်းကလေး တစ်ဦးကို မေးတစ်ချက် ဆတ်ပြသည်။ မိန်းကလေးက သားမောင် လက်ထဲက ရေနွေးခွက်ကို လှမ်းယူ၍ အထဲပြန်ဝင်သွားသည်။

သူက ပခုံးထပ်တွန့်ပြ၍ ဒေါ်လေးကို အသံတိတ်လက်ပြ၍ တာ့တာ လုပ်သည်။ ဒေါ်လေးက ပြန်လုပ်သည်။

သူ တံခါးမရှေ့ရောက်ချိန်မှာ ဒေါ်လေးက ရေနွေးယူခိုင်းသော မိန်းကလေးကို ရှင်းပြနေသံ ကြားရသည်။

'အန်တီ့ တူလေးပါကွယ်၊ အန်တီ့ကို မုန့်လာပို့ပေးတာ'

'ဩော်ဟုတ်လား ဆောရီးနော်'

'ရပါတယ်ကွယ်၊ မိတ်ဆက်မပေးမိလို့ပါ၊ သူ့နာမည်က ဒေါက်တာ ဇာနည်မျိုးတဲ့'

'ရှင် ဆရာဝန်လား'

'ဟုတ်တယ်ကွယ့်၊ ရန်ကုန် အနောက်ပိုင်းဆေးရုံကြီးက လက်ထောက် ဆရာဝန်ပါ'

သားမောင် တံခါးကို ကမန်းကတန်း ဖွင့်၍ အပြင်သို့ ထွက်ခဲ့ပါသည်။

**၁၉၈၈**

ကတ္တရာ လမ်းမကြီးပေါ်တွင် နေရောင်က ထိန်တောက်နေသည်။ လူအုပ်ကြီးက ဝရုန်းသုန်းကား ပြေးလွှားနေကြသည်။

ဆူးလေဘုရားကို နောက်ဘက်မှာ ခပ်ပျပျ မြင်နေရသည်။

သေနတ်သံများက ဆူညံစွာ ထွက်ပေါ်နေသည်။

အသက် ၁၆ နှစ်ခန့် ကျောင်းဝတ်စုံ အဖြူ အစိမ်းဝတ်ထားသည့် မိန်းကလေးတစ်ယောက် လမ်းမပေါ်မှာ သေနတ်ဒဏ်ရာနှင့် လဲနေသည်။

အဲသည်မိန်းကလေးဆီကို သူပြေးသွားဖို့ ကြိုးစားသည်။ ခြေလှမ်းတွေကို ဘယ်လိုမှရုန်း၍မရ။

ကျည်ဆန်တွေ ကတ္တရာလမ်းပေါ်မှာ လျှပ်ပြေးနေတာကို သူမြင်နေရသည်။ ကြောက်စိတ် ဘယ်လိုမှ ဖြစ်မလာ။

ကြောက်စရာလား။

ဒါ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့လေ။

သူသိနေတာပဲ။ သူ မမွေးသေး။

သူ မမွေးခင်က ရှုခင်းကို သူ ဘာကြောင့်ပြန်မြင်နေရသည် ဆိုတာ သူ မသိ။ စဉ်းစားချိန်လည်း မရ။ အခြေအနေက သိပ်ရှုပ်ထွေးနေသည်။ အိပ်မက်ပဲ ဖြစ်ကောင်းဖြစ်နိုင်သည်။

မြင်ကွင်းထဲသို့ မိန်းမပျိုတစ်ဦး ပြေးဝင်လာသည်။ အသက် ၂၀ ကျော်ခန့် ရှိမည်။ သူလည်း ကျောင်းဝတ်စုံနှင့်ပါပဲ။ ဟာ ဒါဆိုဆရာမပေါ့။ မိန်းမပျိုက ကျောင်းသူကလေးဆီ ပြေးနေသည်။

'ဆရာမ၊ ဆရာမ၊ မပြေးနဲ့၊ ထိသွားမယ်'

သူ အော်ပြောလိုက်သည်။ ဘာသံမှ ထွက်မလာ။

ဆရာမကလေး လဲကျသွားသည်။ လမ်းပေါ်မှာ လိမ့်သွားသည်။

'ဆရာမ'



သူ အကျယ်ကြီး ခေါ်လိုက်သည်။ သည်တစ်ခါ အသံက ထွက်သွားသည်။

ဆရာမလဲကျနေရာက မျက်လုံးဖွင့်၍ သူ့ကိုကြည့်သည်။

ပြီးတော့ အားလုံးမှုန်ဝါးပျောက် ကွယ်သွားသည်။

**၂၀၁၄**

သူချွေးတွေ ရွှဲနစ်လျက်သား အိပ်ရာမှ လန့်နိုးလာသည်။

ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။

ဘုရား၊ ဘုရား။

ဒါအိပ်မက်တဲ့လား။

အိပ်မက်က ဘာဖြစ်လို့ဒီလောက်တောင် ပီပြင်နေရတာတဲ့လဲ။ အိပ်မက်ဆိုလျှင် သည်အတိုင်း တစ်ခါ၊ အလွန်ဆုံး နှစ်ခါပေါ့။ ဘာကြောင့် သည်အတိုင်း ထပ်ကာ တလဲလဲ မက်နေရတာတဲ့လဲ။ သားမောင် တုန်ယင်ချောက်ချားစွာ ထထိုင်သည်။ ရင်ထဲက တဒိုင်းဒိုင်း ခုန်နေဆဲ။

ဆရာက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'ဥပါဒန်ကြောင့် ဥပဒ်ရောက်တော့မယ်ကွာ၊ မင်းတစ်ခုခုကို အစွဲအလမ်း လွန်နေတာပါ၊ အခုတလောမှာ စာပေစိစစ်ရေးကလည်း ဖြေလျှော့လိုက်တော့ ၁၉၈၈ အရေး အခင်းကို မီလိုက်တဲ့ လူတွေက အဲဒီအရေးအခင်းနဲ့ ပတ်သက်လို့ အသေးစိတ်တွေ ပြန်ရေးကြ၊ ပြန်ထုတ်ဝေကြတာ မင်း အဲဒါတွေဖတ်ထားမိလို့ စိတ်စွဲလမ်းနေတာ နေမှာပေါ့'

သားမောင် သက်ပြင်းချသည်။

ပြီးတော့ လက်ထဲက 'အိုင်ပက်' ထဲတွင် အဆင်သင့်ဖွင့်ထားသော စာမျက်နှာကို ဆရာ့ဆီ လှမ်းပေး၍ ပြသည်။

ဆရာက သူ့အိုင်ပက်ကို ယူ ကြည့်သည်။

အိုင်ပက် ဖန်သားပြင်ပေါ်တွင် အသက်နှစ်ဆယ်ကျော်ခန့် အရွယ် မိန်းမပျိုတစ်ဦး၏ပုံ အဖြူအမည်း ဓာတ်ပုံအဖြစ် ရှိနေသည်။ မျက်နှာကို ဘာမှ ပြင်ဆင်လိမ်းကျံထားခြင်း မရှိသည့်အပြင် ဆံပင်ကို သပ်ရပ်စွာ နောက်သို့ ဖြီးသင်၍ စည်းထားသော ငယ်နုသည့် မျက်နှာကလေးမှာ ကြည့်ရသူရင်ကို အေးမြစေလောက်အောင် လှပသည်ကို ဆရာ သတိထားမိ၏။

'တော်တော်လှတဲ့ မိန်းကလေးပဲကွ၊ ဒါဘယ်သူလဲ'

'ဆက်ကြည့်ပါ ဆရာ'

ဆရာက အိုင်ပက် မျက်နှာကို ပွတ်သပ်လိုက်သည်။ အဖြူအမည်း ဓာတ်ပုံတစ်ပုံ ထပ်ပေါ်လာသည်။

စောစောက မိန်းမပျို လမ်းပေါ်တွင် လဲကျနေသော ပုံပါ။ ဝမ်းဗိုက် နေရာတွင် သွေးများရွှဲနေသည်။

ဆရာ ပါးစပ် အဟောင်းသား ဖြစ်သွားပါသည်။ သားမောင်က ဆက်ပြောသည်။

'သူ့နာမည် မခတ္တာဦးတဲ့၊ ကျောင်းဆရာမပါ ဆရာ၊ အဲဒီနေ့က လူအုပ်ကြီးထဲမှာ သူ့တပည့်လေးတွေ ပါသွားတယ်ကြားလို့ စိတ်ပူပြီး လိုက်ခေါ်ရင်း အဖြစ်ဆိုးနဲ့ တိုးရတာပါ ဆရာ'

ဆရာက တစ်စုံတစ်ခု ပြောရန်ပြင်သည်။ သို့သော် သားမောင်က ဆက်ပြောနေသည်။

'ဒါကို မြင်ထားလို့ ကျွန်တော် အိပ်မက်မက်နေတာ မဟုတ်ဘူးဆရာ၊ အိပ်မက် ခဏခဏမက်လို့ ကျွန်တော် လိုက်ရှာတော့ အင်တာနက်မှာ ဒါကို တွေ့ရတာ၊ သူ့မျက်နှာ မြင်တာနဲ့ ကျွန်တော် မှတ်မိတယ်၊ ကျွန်တော် နားမလည်နိုင်တာက ကျွန်တော် မမွေးခင်ကတည်းက ကွယ်လွန်သွားတဲ့ မိန်းမပျိုတစ်ယောက်ရဲ့ မျက်နှာကို မမြင်ဖူးခင် ကတည်းက ကျွန်တော် ဘာလို့ အိပ်မက်ထဲမှာ ထည့်မက်နေ သလဲဆိုတာပဲ ဆရာ'



ဆရာ ပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေရာက သတိပြန် ဝင်လာပြီး ခပ်သွက်သွက် ခေါင်းခါသည်။

'ခပ်ဆင်ဆင်ရုပ် မြင်လိုက်တာ နေမှာပေါ့ကွာ၊ အယူမသီး စမ်းပါနဲ့၊ ဒါတွေက မင်းအတွက် ဘာအရေးပါလို့လဲ၊ မင်းပဲ အမ်အာရ်စီပီ ဝင်ဖြေ မလို့ဆို၊ စာကျက်စရာရှိတာ ဖြောင့်ဖြောင့်ကျက်စမ်းပါ ငါ့ကောင်ရာ'

သားမောင်က သက်ပြင်းချသည်။

'မတတ်နိုင်ဘူး ဆရာရယ်၊ ဆရာက ကျွန်တော့်ကို ရူးတယ်ပြောလည်း ကျွန်တော်ခံရမှာပဲ၊ ကျွန်တော် အိပ်မက်တိုင်း အိပ်မက်တိုင်းမှာ ကျွန်တော် သူ့ကို စကားပြောဖို့ ကြိုးစားခဲ့တာ၊ ရခါနီးလေးဆဲဆဲမှာ လန့်နိုးသွားတာချည်းပဲ၊ အိပ်မက်ထဲမှာပဲဖြစ်ဖြစ် တစ်ခါလောက်တော့ သူ့ကိုသတိပေးပြီး သူ့အသက် ကို ကယ်လိုက်နိုင်တာမျိုး ဖြစ်ဖူးချင်လိုက်တာ'

ဆရာ မျက်လုံးပြူးသွားသည်။

'တော် တော်၊ မင်းဆက်ပြောရင် မင်းကို ငါတကယ် စိတ်ရောဂါဆရာဝန် ပြတော့မှာနော်'

သားမောင် စိတ်ပျက်လက်ပျက် ရယ်ချမိသည်။

'ကျွန်တော် ငယ်ငယ်ကတည်းက ဖတဆိုးပါ ဆရာ၊ အမေကလည်း နိုင်ငံခြားမှာပဲ နေနေတာ၊ ကျွန်တော် လူမှန်းသိကတည်းက တစ်ခါမှ ပြန် မလာဘူး၊ ဆေးကျောင်းသား ဘဝကတည်းက ကျွန်တော် ဆရာ့ကိုပဲ မိဘလို သဘောထားပြီး ဆရာ့နောက် လိုက်ခဲ့တာပဲဟာ၊ ကျွန်တော် တကယ် ရူးနေ တယ်ထင်ရင်လည်း ဆရာ့ဟာ ဆရာကု၊ ဘယ်သူ့မှ လွှဲမနေနဲ့'

ဆရာက ဖွဖွရယ်၍ ခေါင်းခါသည်။

'အေး မင်း မပြတော့ဘူး၊ ငါ့ကိုယ် ငါပဲ ပြတော့မယ်၊ မင်းနဲ့ စကားပြောရတော့ ငါပါ ရူးချင်လာပြီ'

ဆရာတပည့်နှစ်ယောက် ပြိုင်တူ ရယ်မိကြပါသည်။

၀

## (၂)

**၂၀၁၄**

ဆရာ့အခန်းထဲမှ ဧည့်သည် မထွက်မချင်း စောင့်လိုက်ရသဖြင့် သားမောင် မိနစ်နှစ်ဆယ်လောက် အချိန်ပုပ်သွားသည်။

ထွက်သွားသော ဧည့်သည်က ဆေးကျောင်းသားဟု ယူဆရသော လူငယ်တစ်ဦးနှင့် သူ့အမေဟု ယူဆရသော ဝတ်ကောင်းစားလှနှင့် အဒေါ်ကြီးတစ်ဦးပါ။

သူဝင်သွားတော့ ဆရာကပြုံး၍ ကုလားထိုင်ဘက် ငွေ့ယမ်းပြသည်။

'လာဟေ့၊ ဟေ့ကောင်၊ ဘယ်ကလှည့်လာလဲ'

'ဆေး-၁ လာရင်းနဲ့ ဆရာ့ဆေးရုံဘက် ဝင်လာတာ ဆရာ၊ အနောက်ပိုင်း ဆေးရုံမှာ ကျွန်တော်က မနေ့ညက ဂျူတီလေ၊ ဒီနေ့နားရတာနဲ့၊ ဆေးခန်းဆက်ကြည့်တော့ ဆရာ ဒီညနေ မထိုင်ဘူး ဆိုလားလို့'

သားမောင်က ဝင်ထိုင်ရင်း မေးသည်။

ဆရာ ညနေပိုင်း ထိုင်သော ဆေးခန်းတွေမှာ သားမောင် ဝင်ကူလုပ်ပေးနေတာ နှစ်နှင့်ချီနေလေပြီ။



'အေးကွ၊ နိုင်ငံခြားဆရာဝန်အဖွဲ့ ညစာကျွေးရမှာမို့၊ ငါ မင်းတောင် ဆက်မလို့ပဲ၊ မင်းလည်း ညက ပင်ပန်းထားတော့ နားပေါ့'

သားမောင် ပခုံး တွန့်ပြသည်။

'မပင်ပန်းပါဘူး ဆရာရယ်၊ ညစ်လာတာပဲ ရှိတာ'

ဆရာက မျက်ခုံးပင့်ကြည့်သည်။

'ဘာညစ်လာတာတုံးဟ'

'ထုံးစံအတိုင်းပေါ့ ဆရာရယ်၊ လူနာအသစ်တက်တာ ဟိုက၊ ဒီက အမျိုးစပ်လို့ ရတာတွေ ရှိနေတာနဲ့ ဖုန်းတွေက တစ်ချိန်လုံးလာ၊ တစ်ချိန်လုံး အဖိခံနေရလို့'

ဆရာက ရယ်သည်။

'ဘာ မကျေနပ်ကြတာလဲ'

'အကြီးဆုံး ဆရာဝန်ကြီး ကိုယ်တိုင် လာမကြည့်လို့တဲ့'

'ဟုတ်လား၊ မမက ဘာလို့ မလာတာလဲ'

'လာလောက်အောင်လည်း အရေးမကြီးပါဘူး ဆရာရယ်၊ အဖျားမကျသေးတာလောက်ပါ၊ မမကလည်း မန္တလေးမှာ စာမေးပွဲသွားစစ်နေတာ ဘယ်လိုလုပ်လာမှာလဲ'

ဆရာ ခေါင်းညိတ်သည်။

'ဟုတ်သားပဲ၊ ငါတောင် ပထမ သွားရမလိုလိုနဲ့၊ နောက်တော့ မစော သွားပေးလို့ နေခဲ့ရတာ၊ မင်း ရှင်းမပြဘူးလား'

'ပြတာပေါ့ ဆရာရယ်၊ အဲဒါဆေးရုံကို ဆရာဝန်အငယ်နဲ့ ထားခဲ့ပြီး ခရီးသွားတာ ဒါ မလုပ်သင့်ဘူးတဲ့၊ ဆေးရုံအုပ်ခေါ်ပေးဆိုတော့ ခေါ်ပေးလိုက်ရတယ်၊ ဆေးရုံအုပ်ကလည်း ကျွန်တော့်ပဲ ဆူတာပဲ၊ မမကိုလည်း နောက် စာမေးပွဲ ပေးမစစ်တော့ဘူးတဲ့'

ဆရာက ရယ်သည်။

'ဘာကြီးလဲဟ'

'သိပါဘူး ဆရာရယ်၊ ဖုန်းဆက်တဲ့လူ ရာထူးက 'တိုင်းဒေသကြီး' ဘာဆိုလား၊ ကျွန်တော် ဘာရာထူးမှန်းတောင် မသိတဲ့ ရာထူးမျိုးပါ'

ဆရာက သက်ပြင်းချသည်။

'အေးကွာ၊ တို့လူမျိုးကလည်း ခုထက်ထိ သူများထက် ငါအသာစီးရတယ် ဆိုတာကိုပဲ ဂုဏ်ယူဝင့်ကြွားချင် နေကြတုန်းကွ၊ သူများထက် ဘာပိုအနာခံပေးလိုက်တယ် ဆိုတာကမှ ဂုဏ်ယူစရာအစစ်ဆိုတာ သဘောမပေါက်ကြသေးဘူး၊ ဈေးဝယ်ရင်တောင် သူများထက် နည်းတဲ့ဈေးနဲ့ ရလာရင် ပတ်ကြွားချင်ကြတာ၊ မုန့်ဟင်းခါး ဝယ်စားရင်တောင် ဟင်းရည် ပိုထည့်ပေးနော် ပြောချင်ကြတာ'

'ဘာဆိုင်လို့လဲ . . ဆရာရဲ့'

'ဆိုင်ပ့ါကွာ။ ဒီ ဆေးရုံတွေမှာ ခုတင်ခ၊ ဆရာဝန်ခ၊ ဆရာမခရော၊ တချို့ဆေးတွေ တန်ဖိုးရော ဘာမှပေးစရာ မလိုတာ လူတိုင်း အတူတူ၊ အပေါက်စောင့် ပိုက်ဆံတောင်းတာ ခံရတာ၊ အိမ်သာ ညစ်ပတ်တာ၊ ဆရာမ ဟောက်တာခံရတာ ဒါလည်း လူတိုင်း အတူတူ၊ အသည်းအသန် တကယ်ဖြစ်နေတဲ့ လူနာရှင်က သူ့လူနာ ဂရုမစိုက်မှာစိုးလို့ဆိုပြီး ဟိုလူ့လိုက်အပ်၊ ဒီလူ့လိုက်အပ် ဖြစ်နေတာက ဖြစ်ကောင်းတဲ့ကိစ္စ မဟုတ်ပေမယ့် သူတို့ဘက်က နားလည်ပေးလို့ရတယ်၊ လူနာ အေးအေးဆေးဆေး ဖြစ်ပါလျက်နဲ့ ကိုယ့်ဆေးကုမယ့် ဆရာဝန်၊ ဆရာမကို ငါ ဘယ်သူလဲ သိသလား လုပ်တာမျိုးကျတော့ လူမျိုးလိုက်ကို ရှက်စရာ ဖြစ်လာပြီ၊ ငါ ဘယ်သူလဲဆိုတာထက် ငါသူများကို ဘာလုပ်ပေးခဲ့ဖူးသလဲ ဆိုတာကို ဂုဏ်ယူတတ်ကြမှ လူမျိုးကြီးစိတ်ဓာတ် ကွ၊ ပိုဆိုးတာက အဲသည် ငါက 'ဘယ်သူကြီး' ဖြစ်လာတာ၊ ဘာနည်းနဲ့ ဖြစ်လာလဲ လူသိတောင်မခံ နိုင်တဲ့ လူတွေကလည်း ခပ်ကုပ်ကုပ်မနေပဲ စွာနေကြတာဟေ့'

သားမောင် သဘောကျစွာ ရယ်မိသည်။

'ဆရာလည်း ပေါက်ကွဲနေပ့ါလား၊ စောစောက ဧကာင်ကြောင့်လား'

ဆရာ ခေါင်းညိတ်ပြသည်။



'ဟောက်စ်ဆာဂျင်ကွာ၊ ဂျူတီကို ကောင်းကောင်း မဆင်းဘူး၊ အဲဒါနဲ့ အရေးယူတဲ့အနေနဲ့ ထပ်တိုးဆင်းခိုင်း လိုက်တာ၊ ထုံးစံအတိုင်းပဲ တစ်ပတ်လောက် လျှော့ပေးပါ ဘာညာပေ့ါ'

'ဆရာက လျှော့ပေးလိုက်ရောလား'

'လျှော့စရာလားကွာ၊ စာတောင် ထွက်ထားပြီးသား ကိစ္စ၊ ပညာရှင်ဆုံးဖြတ်ချက်ဆိုတာ ခဏခဏ လွှမ်းခြုံပယ်ဖျက်နေရင် ဘာသိက္ခာရှိတော့မှာလဲ'

'ဒီတော့'

'ဘာမှ မဒီတော့ဘူး၊ အဲဒီ မိဘတွေ အပေါ်သွားပြောမှာပဲ၊ ပြောပါစေလေ၊ အပေါ်က ပေးချင်ပေးပေ့ါ၊ ငါ့လက်နဲ့ မပေးဘူး၊ ဒါပဲတတ်နိုင်တာပဲ'

သားမောင် သက်ပြင်းချသည်။

'ဆရာ့လောက် အဆင့်ရောက်လည်း ဒါတွေကြုံနေရတာပဲနော်'

ဆရာက ရယ်သည်။

'ဒါထက် ဆိုးတာတောင် ရှိသေး၊ ကိုယ်ရေးအရာရှိ ဆိုတဲ့ ကောင်က မိဘက အရေးကြီးတာဝန် ထမ်းဆောင်နေရလို့ သားသမီးကို အနီးကပ် မဆုံးမနိုင်လို့ လစ်ဟင်းတာ ဆရာကြီးတို့အပိုင်းက နားလည်ပေးလိုက်ပါ ဆိုပြီး လက်ချာ လာရိုက်သွားတာတောင် ရှိသေး'

သားမောင် ခေါင်းခါသည်။

'တိုင်းပြည် ဒီအဆင့်အထိ ရောက်လာအောင် ရှေ့က အသက်ပေးသွားတဲ့ လူတွေ ကျွန်တော်တို့ တိုင်းပြည် ဒီလို တိုင်းပြည်ဖြစ်သွားပြီ၊ ဒီလို လူမျိုးတွေ ရှိနေတယ် ဆိုတာသာသိရင် ရင်ကျိုးမှာပဲနော်'

ဆရာက မျက်မှောင်ကြုတ်သည်။

'ဗိုလ်ချုပ်အောင်ဆန်းလို လူမျိုးတွေကို ပြောတာလား'

'အဲဒီက စတာပေ့ါ၊ သာမန် ပြည်သူလူထုဖြစ်တဲ့ မခတ္တာဦးတို့အဆုံးပေ့ါ'

'ပါလာပြန်ပြီ ဒီဇာတ်လမ်း'

'ဟုတ်တယ်လေ ဆရာ၊ ကျောင်းဆရာမ တပည့်ကို ဝင်ဆွဲရင်း သေရတယ်ဆိုတာ ဘာနိုင်ငံရေးမှ မပါဘူး၊ တာဝန်သိစိတ်နဲ့ မြင့်မြတ်တဲ့ လူသားစိတ်

သက်သက်ပဲ မဟုတ်လား၊ စောစောကလို လူမျိုးတွေနဲ့ သူ့လိုလူမျိုးတွေ မြန်မာလူမျိုးချင်း အတူတူပဲဆိုတာ အံ့ဩစရာမကောင်းဘူးလား'

ဆရာက လက်ကာပြသည်။

'ငါ မင်းနဲ့ နိုင်ငံရေးသာဆွေးနွေးချင် ဆွေးနွေးမယ်၊ အဲဒီအိပ်မက်ကိစ္စတော့ မဆွေးနွေးနိုင်ဘူး၊ ရှာသာကြီးဆိုတာ အဝေးကြီးကွ'

သားမောင် ရယ်၍သာ နေမိသည်။

**၁၉၈၈**

သေနတ်သံများက ဆူညံစွာ ထွက်ပေါ်နေသည်။

ကတ္တရာ လမ်းမပေါ်မှာတော့ သွေးစိုနေသော ကျောင်းဝတ်စုံနှင့် လဲကျနေသည့် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦး။

လူအုပ်ကြီးက ဝရုန်းသုန်းကား ခြေဦးတည့်ရာ ပြေးနေကြသည်။

တချို့ သူ့ကိုပင် တွန်းတိုက်သွားကြသေးသည်။

ဘုရား၊ ဘုရား။

ငါ တကယ် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက် အချိန်ကို ပြန်ရောက်နေတာပါလား။ ငါ မွေးတောင် မမွေးရသေးမယ့် အချိန်ပါလား။

လူအုပ်ထဲက တက္ကသိုလ်ကျောင်းသားအရွယ် လူငယ်နှစ်ဦး လဲကျနေသော မိန်းကလေးဘက် ပြန်လှည့်ပြေးတာ တွေ့လိုက်ရသည်။ သို့သော် သေနတ်သံများက မိုးပိုသည်းလာသလို ဆက်တိုက် ထွက်ပေါ်လာပြီး ကတ္တရာလမ်းမပေါ်မှာ မီးပွင့်များ ခုန်ပေါက်နေသည်။ လူငယ်နှစ်ဦး ရှေ့မတိုးနိုင်ကြ။

သားမောင်က ကျောင်းဆရာမ ကလေး မခတ္တာဦးကို အမောတကော လှည့်ပတ်ရှာဖွေနေသည်။

တားမည်။ သည်တစ်ခါတော့ သူ ရအောင်ကို တားမည်။

သူ့ ညာဘက်က ပြေးနေသော လူအုပ်ကြီးကို လှမ်းကြည့်နေဆဲ ဘယ်ဘက်က ရိပ်ခနဲဖြတ်ပြေးသည့်လူရိပ်ကို မျက်လုံးထောင့်ထဲမှာ လှမ်းမြင်သည်။



ကမန်းကတန်း လှည့်ကြည့်သည်။

ဟုတ်ပါပြီ။ သူပါပဲ။ ကျောင်း ဆရာမကလေး မခတ္တာဦး။ လဲကျနေသော ကျောင်းသူကလေးဆီ ပြေးနေသည်။

'ဆရာမ၊ ဆရာမ'

သူ ကြိုးစား၍ အော်လိုက်သည်။ အသံက သည်တစ်ခါ တကယ် ထွက်လာသည်။ သို့သော် သေနတ်သံ၊ လူသံတွေ ဆူညံနေသဖြင့် ခတ္တာဦး ကြားဟန် မတူ၊ ဆက်ပြေးသည်။

'မခတ္တာဦး'

သူ အသားကုန် ကုန်းအော်လိုက်သည်။

ကျောင်းဝတ်စုံ အဖြူအစိမ်းဝတ်ထားသော သွယ်လျသည့် ကိုယ်လုံးကလေး တုံ့ခနဲ ရပ်သွားသည်။ လှည့်ကြည့်သည်။

ကြားပြီ။ ကြားပြီ။

သည်တစ်ခါ သူ့ အသံကို ခတ္တာဦး တကယ်ကြားပြီ။

သူ ဝမ်းသာအယ်လဲ ဆက်အော်၍ လက်မြှောက် ဝှေ့ယမ်းပြသည်။

'ဆရာမ၊ မခတ္တာဦး၊ မသွားပါနဲ့'

သည်တစ်ခါ ခတ္တာဦး ကြားဟန် မတူ။ ရပ်လျက်က ကြောင်တက်တက်နှင့် ဟိုကြည့် သည်ကြည့် ရှာနေသည်။

'မခတ္တာဦး'

'ဒက်. . ဒက်. . ဒက်. . ဒက်'

ခတ္တာဦး ခွေလဲကျသွားသည်။

ဟာ. . . သွားပြီ။

သူ ခတ္တာဦးဆီ ပြေးသွားဖို့ ပြင်သည်။

တယ်လီဖုန်းမြည်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

•

**၂၀၁၄**

ထုံးစံအတိုင်း ချွေးတွေ ရွှဲနစ်၍ သူ အိပ်ရာမှ နိုးလာသည်။

ခုတင်ဘေး စားပွဲပေါ်က တယ်လီဖုန်း မြည်သံက ကျယ်လောင်စွာ ဆက်၍ ထွက်ပေါ်နေသည်။

သူ နာရီကို မော့ကြည့်သည်။ ည ၁၂ နာရီ။

ဘိုးဘိုး၊ ဘွားဘွားတို့ အိပ်ပျော် နေကြလောက်ပြီ။ ဘယ်ကဖုန်းပါလိမ့်။

'ဟယ်လို'

ဖုန်းကိုကောက်ကိုင်၍ ထူးလိုက်သည်။

လူကိုသဲသဲကွဲကွဲ မမှတ်မိတော့သော်လည်း တရေးနိုးမှာပင်သည် နူးညံ့၍ အကြင်နာရိပ် လွှမ်းခြုံထားသည့် အသံက သူ့အတွက် မမှတ်မိစရာ အကြောင်းမရှိပါ။

'သားလေးလား'

သူ သက်ပြင်းချသည်။ သည် ကေတီဂဲလားဝေးဆိုသည့် စကော့လူမျိုး နာမည်နှင့် အမျိုးသမီးကြီး တစ်ဦးကို သူဘာကိစ္စ အမေလို တရင်းတနှီး ခဏခဏ စကားပြောပေးဖို့ လိုအပ်နေသလဲ ဆိုတာ သူစဉ်းစား၍ မရ။

မေမေနိုင်ငံခြား ထွက်သွားတာ ဖေဖေမဆုံးခင်ကတည်းက ဖြစ်သည်။ ဖေဖေဆုံးတော့ မေမေပြန်မလာဘူး ဆိုတာကို ဖေဖေ့မိဘများဖြစ်သည့် ဘိုးဘိုးနှင့် ဘွားဘွားကတောင် အပြစ်တစ်ခါမှ မပြောဘူးဆိုတာ မထူးဆန်း လွန်းနေဘူးလား။ သည်တော့ အဲသည်တုန်းက လူမှန်း မသိတသိ အရွယ်သာ ဖြစ်သော သူက ဘာမှမှတ်ထားပြီး စိတ်ဆိုးနေစရာ အကြောင်းမရှိ။

ဘော့ဘ်ဂဲလားဝေး ဆိုသည့် လူကြီးနှင့် ထပ်အိမ်ထောင်ပြုလိုက်သည် ကြားတော့ သူ တော်တော် လူမှန်းသိနေပါပြီ။

'မေမေ့ကို နားလည်ပေးလိုက်နော်. . သား'

ယောက်မဖြစ်သော ဒေါ်လေးကပင်လျှင် မေမေ့ဘက်က ကာကွယ် ပြောပေးခဲ့သေးသည်။



ဘာမှ နားလည်ပေးစရာလည်း မရှိ၊ နားလည် မပေးစရာလည်းမရှိပါ။ သူ့ဘဝမှာ အမေဆိုတာကို တစ်ခါမှ ရင်းရင်းနှီးနှီး မသိခဲ့ဖူးတော့ ဆုံးရှုံး သွားရသည်ဟုလည်း မတွေးမိပါ။

အဲသည်လူကြီးက ဘိုးဘိုးနှင့်တောင် ရွယ်တူတဲ့။ ဒါကော ဘာဖြစ်သေး လဲ။ အစကတည်းက အမေရိကန် ပြည်ထောင်စုမှာနေသည့် သည်စကော့လူမျိုး ပုဂ္ဂိုလ်ကြီးဟာ သူ့အတွက် သူစိမ်းပါပဲ။ ငယ်လည်း စိမ်းမှာပဲ။ ကြီးလည်း စိမ်းရုံသာ။

သူ လူပျိုပေါက်အရွယ်ရောက်တော့ ပေါင်းမိသည့် သူငယ်ချင်းတွေက မေမေတစ်ခေါက်မှ ပြန်မလာဘူးဆိုတာကို တော်တော်တအံ့တဩ ရှိကြသည်။

'နင့်အမေက နင့်ကို မချစ်ဘူးလားဟယ်'

မိန်းကလေးသူငယ်ချင်း တစ်ယောက်ကတောင် မေးဖူးသည်။ သူ ပခုံးပဲ တွန့်ပြလိုက်ရသည်။

တစ်ပတ်တစ်ခါထက် မနည်း သူ့ကို ဖုန်းဆက်နေသည့် မေမေ့အသံက နွေးထွေးလှသည်။ နောက် အိမ်ထောင်နှင့်လည်း သားသမီး မထွန်းကားဘူး ဆိုတော့ တစ်ဦးတည်းသောသား သူ့ကို ချစ်မှာတော့ အမှန်။ ခက်တာက သူကိုယ်တိုင်ကိုက မေမေ သူ့ကိုချစ်သလား၊ မချစ်ဘူးလားဆိုတာကို စိတ်ဝင်စား၍ မရတာပါ။

'ဟုတ်ကဲ့ မေမေ'

သူ တုံ့ဆိုင်းဆိုင်း ဖြေသည်။

'သား အမ်အာရ်စီပီ ဖြေဖို့ ငွေ သွင်းရမယ့် ဘဏ်စာရင်း နံပါတ် တီးမေးလ်နဲ့ ပို့ပေးဦးလေ၊ မေမေ ဒီက လှမ်းသွင်းပေးမယ် ပြောထားတယ် မဟုတ်လား'

တော်ဝင်သမားတော်ဘွဲ့ (အမ်အာရ်စီပီ) စာမေးပွဲများကို ယူကေ သွားဖြေစရာ မလိုတော့ဘဲ ယူကေက ဆရာတွေ မြန်မာပြည်မှာ လာစစ်ပေး နေကြတာ သားမောင်တို့အတွက် အဆင်ပြေလှသည်။ သို့သော် စာမေးပွဲကြေး ကတော့ ယူကေထက် အများကြီး များနေသည်။

'စောပါသေးတယ် မေမေ၊ နီးတော့ သားပြောပါ့မယ်'

'အေး၊ အေး၊ ဒါထက် သား သီတာဦးကို မှတ်မိလား'

'သီတာဦး'

သားမောင် မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ မပေါ်။

'၂၀၀၈ တုန်းက သားကို မေမေတစ်ခေါက်သွားရှာခိုင်းတဲ့ မိန်းကလေးလေ၊ သားနဲ့ရွယ်တူဆိုတော့ အခုဆို ၂၄ လောက်ရှိမှာပေါ့'

သားမောင် မှတ်မိသွားသည်။

သီတာဦးဆိုတာ သူနှင့်ရွယ်တူ မိတဆိုး ဖတဆိုးလေးတဲ့။ သနားစရာကောင်းသည်တဲ့။ သူကော ဘယ်လောက်များ ထူးလို့လဲဟု သူမဲ့ပြုံးပြုံးခဲ့ဖူးသည်။ ကွယ်လွန်သွားသော သူ့မိဘတွေက ဖေဖေနှင့် မေမေ့အပေါ် ကျေးဇူးများခဲ့သည်တဲ့။ အခုဘယ်မှာ နေသည်ဆိုတာကိုတော့ စုံစမ်း၍ရပြီး ဘယ်လိုနေသည်၊ ဘာလိုအပ်သည် သေသေချာချာ မသိရ၍ သွားရှာပြီး မေမေ့ကို ပြန်ပြောပါတဲ့။ ၂၀၀၈ က မေမေ သူ့ကို ပြောဖူးသည်။

သူလည်း မေမေ ပြောသည့် လိပ်စာအတိုင်း သွားရှာပေးပါသည်။ ခက်တာက အဲသည် ၁၈နှစ် သမီးက အိမ်မှာမရှိ။ ထောင်ထဲ ရောက်နေသည်။ ဘယ်မြို့က ဘာထောင်ဆိုတာတောင် ဘယ်သူမှမသိ။

၂၀၀၇ ခုနှစ် ရွှေဝါရောင် အရေးအခင်းမှာ ဘုန်းကြီးတွေ မေတ္တာပို့လမ်းလျှောက်ကြတုန်းက ဘုန်းကြီးတွေရှေ့က လက်ချင်းချိတ်ပြီးကာသွားသော လူတွေထဲမှာ ပါသွားတာတဲ့။

ဘယ့်နှယ်ဟာလေးပါလိမ့်။ လူကတော့ အဒေါ်ဝမ်းကွဲတစ်ယောက် စောင့်ရှောက်မှုနှင့် တက္ကသိုလ်ဒုတိယ နှစ်တက်နေသည့် ချာတိတ်မကလေး။ စိတ်က ကမ္ဘာကြီးကို ကုသမည် တကဲကဲဆိုသည့် ပုံစံမျိုး။

ဆိုင်ရာက ခေါ်စစ်မည်လုပ်တော့ ပျောက်သွားသတဲ့။ နောက်တော့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း အပြီးမှာ လူငယ်ပရဟိတ အဖွဲ့တစ်ဖွဲ့နှင့်အတူ ဧရာဝတီတိုင်းထဲမှာ ဆန်လိုက်ဝေရင်း ပြန်ပေါ်လာသတဲ့။ အိမ်ပြန်တော့ အဖမ်းခံရသည်။



ထောင် ဘယ်နနှစ် ချခံရသည်ကိုပင် သေသေချာချာ မသိ။

နိုင်ငံရေးနှင့် ခပ်စိမ်းစိမ်းပဲ နေတတ်သော ဆေးကျောင်းသားကလေး သားမောင် အဲသည်ကိစ္စကို မေမေ့ကို ပြန်ပြောပြပြီးသည်နှင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားတာ ယနေ့ထက်ထိ။

'မှတ်မိပြီ မေမေ၊ ဘာဖြစ်လို့လဲ'

မေမေ့ သက်ပြင်းချသံ ကြားရသည်။

'လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျ နေသူများ စာရင်းဆိုတဲ့ထဲမှာပါတယ်လို့ ကြားတယ် သား၊ သား တစ်ခေါက် လောက် ထပ်သွားရှာပေးပါလား'

သူ ပင့်သက်ရှိုက်မိသည်။

'ရှာတွေ့တော့ ဘာလုပ်ပေးရမလဲ မေမေ'

'သူ့ အခြေအနေ မေမေ့ကို ဆက်လေ၊ မေမေကတော့ တတ်နိုင်သရွေ့ အကုန်လုပ်ပေးချင်တာပဲ၊ ကျေးဇူးရှင်တွေရဲ့ တစ်ဦးတည်းကျန်ခဲ့တဲ့ သမီးလေး မို့ပါ သားရယ်'

'ကောင်းပြီလေ'

မေမေနှင့် တခြားကိစ္စနည်းနည်း ထပ်ပြောပြီး သူဖုန်းချလိုက်သည်။ အိပ်ခန်းနှင့် တွဲလျက်ရှိသော ရေချိုး ခန်းထဲဝင်၍ မျက်နှာကို ရေဖောဖော သီသီနှင့် သစ်သည်။ နားထင်ကို ရေဆွတ်သည်။ ရင်တုန်တာ ပျောက်သွားသော်လည်း ခေါင်းက ကိုက်နေဆဲ။

အိပ်မက်ကို သတိရမိပြန်သည်။

ဘုရား၊ ဘုရား အိပ်မက်က အခု တလော ပိုပြီးထင်ရှား ထင်ရှားလာပါလား။ ဒါ ဘာသဘောတဲ့လဲ။

သက်ပြင်းချ ခေါင်းခါရင်းက ရေချိုးခန်းထဲက ပြန်ထွက်ခဲ့သည်။

○

## (၃)

၂၀၁၄

တာဝန်ခံ ဆရာဝန်မကြီး အခန်းထဲသို့ သားမောင် ဝင်သွားတော့ ဆရာဝန်မကြီးက သူ့ထုံးစံ ပြုံးချိုသော မျက်နှာနှင့် သားမောင်ကို ထိုင်ခုံနေရာ ပြသည်။

'သားမောင်၊ နက်ဖြန် စနေနေ့ ဂျူတီ မရှိဘူး မဟုတ်လား၊ ဘာလုပ်ဖို့ရှိလဲ'

သားမောင်ကို ဆေးကျောင်းသား ဘဝကတည်းက ခေါ်ခဲ့သည့်အတိုင်း သူ 'သားမောင်' ပဲ ဆက်ခေါ်သည်။

'ကိစ္စတစ်ခုရှိလို့ သန်လျင်ဘက် သွားရမယ် တီချယ်၊ ဘာဖြစ်လို့လဲ'

ဆရာဝန်မကြီး သက်ပြင်းချသည်။

'တီချယ် အထူးကုကွင်းဆင်းအဖွဲ့နဲ့ သွားရမှာ၊ သားမောင်ကို ခေါ်သွားချင်လို့'

သားမောင် မျက်လုံးပြူးသွားသည်။

'တစ်နေ့ကပဲ ဒီတစ်ခေါက် အလှည့်က၊ လိုက်ရမှာ ဟိုပြောင်းလာတဲ့ ဒေါက်တာခင်ခင်ကြည်ဆို'

'အေးကွယ်၊ မလိုက်နိုင်ဘူးတဲ့'



'ဘာဖြစ်လို့လဲ တီချယ်'

'တပ်ရင်းမှူးကတော် ဖြစ်နေတယ်ကွယ်၊ သူ့ယောကျ်ား တပ်မှာ ကိစ္စမတွေ့ရှိလို့လို့ ပြောတာပဲ၊ သူ ဆက်တာတောင် မဟုတ်ဘူး၊ သူ့ ယောကျ်ားဆက်တာ၊ သူက မနေ့ကရော၊ ဒီနေ့ရောလည်း မလာဘူး'

သားမောင် စိတ်တိုသွားသည်။

'ကျွန်တော်က အလှည့် ကျကျ၊ မကျကျ အမြဲလိုက်ပါတယ်၊ တီချယ် သိသားပဲ၊ အခုက နိုင်ငံခြားက အမေ ဖုန်းဆက်ခိုင်းတဲ့ကိစ္စ ဖြစ်နေလို့'

ဆရာဝန်မကြီး မျက်လုံးကျယ် သွားသည်။

'သားမောင် အမေက ငယ်ငယ်ကလေး ကတည်းက ပြန်မလာတာ မဟုတ်ဘူးလား'

'ဟုတ်တယ်၊ တီချယ်၊ ဒီကိစ္စကိုတော့ ဘာဖြစ်လို့လဲ မသိဘူး၊ သူ တော်တော် အရေးတကြီးခိုင်းတယ်၊ သူ့မိတ်ဆွေတစ်ယောက်ရဲ့ သမီးကို သွားရှာခိုင်းတာ၊ လွန်ခဲ့တဲ့ ခြောက်နှစ်တုန်းက တစ်ခါ ရှာခိုင်းတယ်၊ မတွေ့ခဲ့ဘူး၊ အခုတစ်ခါ'

ဆရာဝန်မကြီး မျက်မှောင်ကြုတ်သွားသည်။

'ဘာလို့မတွေ့တာလဲ'

သားမောင် ဖြေရခက်စွာ ပခုံးတွန့်ပြသည်။

'နိုင်ငံရေးနဲ့ ပါသွားတာ၊ အခု လွတ်လာလို့တဲ့'

ဆရာဝန်မကြီး ပါးစပ်အဟောင်းသား။

'ဘယ်အရွယ်မို့လဲ'

'ကျွန်တော်တို့ အရွယ်ပါပဲတဲ့'

ဆရာဝန်မကြီး သက်ပြင်းချသည်။

'အေးလေ၊ သားမောင် မေမေက ခိုင်းတာ ဒါဆို တော်တော်အရေးကြီးတဲ့ ကိစ္စရှိလို့ နေမှာပေါ့၊ ရတယ်၊ ရတယ်၊ တီချယ် တစ်ယောက်တည်းပဲ သွားလိုက်တော့မယ်'

သားမောင် စိတ်အိုက်သွားသည်။

'အဲလိုတော့လည်း တီချယ် ဘယ်နိုင်ပါ့မလဲ၊ ကဲပါ၊ ကျွန်တော်ပဲ လိုက်ခဲ့ပါမယ်၊ ဆေးရုံမှာပဲ စုပြီး စထွက်မယ် မဟုတ်လား'

'မဟုတ်ဘူးကွယ့်၊ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်ပါမှာ၊ သူ့အိမ်မှာ သွားစုကြမှာ'

သားမောင် စိတ်ပိုအိုက်သွားပြန်သည်။

နောက်တစ်နေ့မှာ ဆေးကုရမည့် မြို့နယ်ကို ရောက်သွားတော့ သားမောင် ပို၍ပင် စိတ်အိုက်သွားရပြန်သည်။

နေက ချစ်ချစ်တောက်ပူလို့။

နေပူကြီးထဲမှာ လူတွေအုပ်လိုက်ကြီး ရပ်စောင့်နေကြသည်။ ဘယ် အချိန်ကတည်းက စောင့်နေကြမှန်းမသိ။

ကျောင်းဝတ်စုံ အဖြူအစိမ်းနှင့် ကလေးငယ်တွေလည်း အများကြီး ပါသည်။ စနေနေ့ ကျောင်းပိတ်ရက်မှာ သည်ကလေးတွေကို သည်နေပူကြီးထဲ မှာ ထွက်ရပ်ပြီး သူတို့ကိုကြိုဖို့ ဘယ်သူက ညွှန်ကြားထားပါသနည်း။ ညွှန်ကြား တော့ရော သူတို့ဆရာမတွေက မလုပ်ပေးနိုင်ဘူးဟု ဘာကြောင့် မငြင်းခဲ့ပါ သနည်း။

ဆေးသွားကုသည့်ကိစ္စက ဆေးကုစရာ နေရာရယ်၊ အကုခံမည့် လူနာ ရယ်ပဲ လိုအပ်တာလေ။ ဒီလိုအခမ်းအနားတွေ လိုလို့လား။

ပြောရင်လည်း သူ့ကိုမလောက်လေး မလောက်စား ဆရာဝန်ပေါက်စ ကလေးက ဂျစ်တိုက်နေသည်ပဲ ပြောကြဦးမှာပဲ။ သားမောင်ပါးစပ်သာ ပိတ်နေလိုက်သည်။

လာကုသူတွေကတော့ အများကြီး။

ဆရာဝန်မကြီးကတော့ စိတ်ရှည်ရှာပါသည်။ တစ်ယောက်ချင်းကို အီးစီဂျီဆွဲလိုက်၊ ပြန်ကြည့်လိုက်၊ ဓာတ်မှန်ရိုက်လိုက်၊ ပြန်ကြည့်လိုက်နှင့်။



ကျန်အထူးကု အဖွဲ့တွေသာ အားလုံးပြီးသွား၍ ထမင်းစားနေကြပြီ။ မျက်စိနှင့် ဆေးပညာနှစ်ဖွဲ့က ထုံးစံအတိုင်း တစ်ဝက်မကျိုးသေး။

ခေါင်းဆောင်လာသော တိုက်ပုံအကျီ ရင်ဘတ်ကြယ်သီးအစေ့တပ် ထားသည့် ပုဂ္ဂိုလ်ကြီးပင် မျက်နှာပျက်လာသည်။

'ဆရာမကြီးတို့ တချို့လူနာတွေ ဆေးရုံပဲ လိုက်ခဲ့ဖို့ ချိန်းလိုက်လို့ မရ ဘူးလား'

'မရဘူးလေ၊ ဆရာတို့ကလည်း နဂိုကတည်းက ရန်ကုန်အထိလာပြဖို့ အခက်အခဲရှိတဲ့ လူတွေမို့ ကျွန်မတို့ကို စောင့်နေတာပေါ့၊ ကျွန်မတော့ ပြီးအောင် ရှင်းပေးသွားချင်တယ်'

ဆရာဝန်မကြီးကလည်း ပြတ်သည်။

ဒါနှင့်ပဲ နောက်ဆုံးမှာတော့ တိုက်ပုံဝတ် ပုဂ္ဂိုလ်ကြီးနှင့် အဖွဲ့ 'ကိစ္စ ကလေးတွေ ရှိသေးလို့' ဟု ဆိုကာ ဝက်ဂွန်ကားနှစ်စီးနှင့် ပြန်ထွက်ခွာ သွား သည်။ လက်ပြသူတွေက ပြသည်။ လက်အုပ်ချီသူ တချို့လည်း တွေ့ရသည်။

ဆရာဝန်အဖွဲ့ ကားကြီးတစ်စီးတိုက် ကျန်ခဲ့သည်။

ကလေးအထူးကု ဆရာဝန်များနှင့် အုပ်ချုပ်ရေးဘက်မှ ဆရာဝန်များ က သားမောင်တို့အဖွဲ့ကို ဝင်ကူကြသည်။

ရန်ကုန်ကို မှောင်မှ ပြန်ရောက်သည်။

ဒါနှင့်ပဲ သားမောင် သန်လျင်ကို နောက်တစ်နေ့ တနင်္ဂနွေနေ့မှ သွား နိုင်တော့သည်။

သန်လျင်က ပြောင်းလဲနေပြီ။

လုံးချင်းပျဉ်ထောင် အိမ်ကလေး တွေနေရာမှာ ကန်ထရိုက်တိုက်တွေ အစားထိုးနေကြပြီ။

သားမောင်သွားရှာသည့် လိပ်စာကတော့ မြို့ပြင် တော်တော်စွန်းစွန်း ကျသေးသဖြင့် ပျဉ်ထောင်အိမ်ကလေးတွေနှင့် ခြံသေးသေးကလေးတွေ ရှိနေသေးသည်။

လိပ်စာထဲက အိမ်က ရှေးဆန်ဆန် ရေနံချေးအမည်းရောင် သုတ်ထားသည့် ပျဉ်ထောင်အိမ်ကလေးပါပဲ။ အိမ်ရှေ့ခြံ ကျဉ်းကျဉ်းကလေးထဲမှာတော့ ကွပ်ပျစ်တစ်ခု ချထားပြီး ကွပ်ပျစ်ပေါ်မှာ အသက် ၅၀ ကျော်ခန့် မိန်းမကြီး တစ်ဦး ထိုင်နေသည်။

ခြံဝက အုတ်တိုင်ကလေးမှာ ခြံနံပါတ်ကလွဲ၍ ဘာဆိုင်းဘုတ်မှ မရှိ။ သံတံခါးကလေး တပ်ထားသော်လည်း တံခါးက ပွင့်နေသဖြင့် သားမောင် ခေါင်းပြူ၍ အသံပြုလိုက်သည်။

'ဒီမှာ ခင်ဗျာ၊ မသီတာဦးတို့ အိမ်ပါလား'

မိန်းမကြီးက မော့ကြည့်သည်။ သူ့မျက်နှာထားက တင်းသည်။ ဧည့်သည်လာတာ သိပ်နှစ်မြို့ပုံ မရ။

'ဘာကိစ္စလဲ'

'မသီတာဦးများ ရှိပါသလား'

'မရှိဘူး'

တုံးတိပြေ၍ သားမောင်မျက်နှာကို စိုက်ကြည့်နေသဖြင့် သားမောင် နေရခက်လာသည်။

'ဘယ်အချိန်လောက်များ ပြန်ရောက်ပါမလဲ ခင်ဗျာ'

'မသိဘူး၊ ဒီနေ့တော့ ပြန်မလာဘူး၊ ခရီးသွားတာ'

သားမောင် သက်ပြင်းသာ ချလိုက်ရသည်။

'ဟုတ်ကဲ့၊ ကျွန်တော့် နာမည် ဇာနည်မျိုးပါ၊ အမေရိကားမှာနေတဲ့ ကျွန်တော့်အမေ မစ္စကေသီ၊ အဲ ဒေါ်ကေသီက မသီတာဦးကို သွားတွေ့ပြီး သူ့ကို ဆက်သွယ်ဖို့ လိပ်စာပေးခိုင်းလိုက်လို့ပါ၊ မေမေ့ လိပ်စာများထားခဲ့လို့ ရမလား မသိဘူး'

အံ့ဩစရာ။



စောစောက မိန်းမကြီးမျက်နှာက တင်းမာမှုတွေ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားသည်။

နေရာမှထလာပြီး သူ့မျက်နှာကို အနီးကပ်ကြည့်သည်။

'သား သားက သားမောင်ပေါ့၊ ဟုတ်လား'

သားမောင် အံ့ဩစွာဖြင့် ပြန်ဖြေသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ အန်တီက ကျွန်တော့်အမေနဲ့သိနေလားမသိဘူး'

'သိတာပေါ့ကွယ်၊ လာ လာ ထိုင်ပါဦး၊ ဘာနဲ့ လာတာလဲ'

ကွပ်ပျစ်ပေါ်ခေါ်၍ အတင်း ထိုင်ခိုင်းသည်။ ရေနွေးကြမ်း ပန်းကန်လွတ် တစ်ခုကိုချ၍ ရေနွေးကြမ်းငှဲ့ပေးသည်။ သားမောင် ကြောင်တက်တက်နှင့် လှမ်းယူသည်။

'လိုင်းကားနဲ့ပါပဲ အန်တီ'

'အန်တီက သီတာဦးရဲ့ အဒေါ်ကွယ့်၊ သီတာကလေးက အန်တို့ လက်ပေါ်ပဲ ကြီးရတာ၊ မိဘတွေက သူတော်တော် ငယ်ငယ်ကတည်းက ဆုံးသွားတော့'

သားမောင် ခေါင်းညိတ်ပြသည်။

'ဟုတ်ကဲ့၊ မေမေက အဲသလို ပြောပြဖူးပါတယ်၊ ၂၀၀၈ လောက် တုန်းကတော့ အင်းစိန်ဘက်မှာလို့ ကြားတော့ ကျွန်တော် သွားစုံစမ်းပါသေးတယ်၊ မသီတာဦးက . . .'

သားမောင် စကားဆက်ရ ခက်သွားသည်။ မိန်းမကြီးက နားလည်စွာ ပြုံးသည်။ သားမောင် စကားဆက်သည်။

'အဲဒီတုန်းက အိမ်က ပိတ်ထားတယ်၊ အိမ်နီးချင်းတွေကလည်း ဘာမှ သေသေချာချာ မသိကြဘူး၊ အခုတစ်ခါ မေမေက ဒီလိပ်စာထပ်ရလို့ လှမ်းပေးတာပါ'

မိန်းမကြီးက ခေါင်းညိတ်သည်။

'အန်တို့ နာမည်က ဒေါ်သက်သက်ဖြိုးတဲ့၊ အစ်ကိုတစ်ယောက် ရှိသေးတယ်၊ အန်တီတို့ မောင်နှမက လူပျိုကြီး၊ အပျိုကြီးတွေပေါ့ကွယ်၊ ၂၀၀၈ က

သမီးလေး အထဲရောက်ပြီး မကြာဘူး၊ တို့ မောင်နှမပါ လာခေါ်သွားတယ်လေ၊ သိပ်တော့ မကြာပါဘူး၊ ဒါပေမဲ့ သားရောက်တာ အဲဒီ အချိန်ဖြစ်မှာပေါ့'

သားမောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အာဂမိသားစုနှင့် တွေ့နေရတာကိုး။

'ကဲ ထားပါလေ၊ ကေသီရော နေကောင်းရဲ့လား၊ သားလည်း ဘွဲ့ရရော ပေါ့၊ ဘာတွေလုပ်နေလဲ'

'မေမေက နေကောင်းပါတယ် အန်တီ၊ သိပ်ပြန်မလာတော့ ကျွန်တော် နဲ့လည်း မတွေ့တာကြာပြီ၊ ကျွန်တော်က ဆရာဝန် လုပ်နေပါတယ်။

'အို၊ ကောင်းလိုက်တာကွယ်'

ဒေါ်သက်သက်ဖြိုးက သားမောင် လက်မောင်းကို အားပါးတရပုတ်၍ ရင်းနှီးစွာ ပြောသည်။

'သမီးလေးလည်း လွတ်သာလာတယ်ကွယ်၊ တစ်ချိန်လုံး စောင့် ကြည့်ခံနေရတာပါပဲ၊ ဟိုနားက လက်ဖက်ရည် ဆိုင်ကနေ ချောင်းကြည့်နေတဲ့ တစ်အုပ်က အမြဲရှိတယ်၊ သားကိုကလည်း မမြင်ဖူးတော့ သူတို့ လူတွေ လာတီးခေါက်တာ မှတ်နေတာ'

သားမောင် ဝင်လာခါစက မျက်နှာထား တင်းနေရသည့် အကြောင်း ရင်း ယခုမှပဲ ရှင်းသွားတော့သည်။

'ဒါဆို မသီတာဦးက တကယ် ခရီးမသွားဘူးပေါ့ ဟုတ်လားအန်တီ'

ဒေါ်သက်သက်ဖြိုးက ရယ်သည်။

'သွားပါတယ်ကွယ်၊ မုံရွာမှာ၊ လေးရက်လောက်တော့ ကြာမယ် ထင်တယ်၊ သား မေမေ ဆက်သွယ်ရမယ့် လိပ်စာပေးခဲ့၊ အန်တီတို့ ဆက် လိုက်ပါ့မယ်'

သားမောင် စိတ်အေးသွားသည်။ ကိစ္စတစ်ခုတော့ ပြီးမြောက်သွား သဖြင့် အဝေးက လာရကျိုးတော့ နပ်သယောင် ရှိသွားသည်။ အိတ်ထဲက မေမေ့ လိပ်စာ၊ အီးမေးလ်၊ ဖုန်းနံပါတ်တွေ ရေးထားသော စာရွက်ကို ထုတ်ယူ ၍ ဒေါ်သက်သက်ဖြိုးကို ပေးလိုက်သည်။



'သမီးလေးက မနေ့ ညကမှ သွားတာကွယ့်၊ မင်းတို့နှစ်ယောက်က မိဘချင်း ဒီလောက် ခင်ခဲ့ကြပြီး တစ်ခါမှ မဆုံဖူးတော့ ဆုံစေချင်လိုက်တာကွယ်'

သားမောင် သက်ပြင်းချသည်။

တကယ်တော့ သူလည်း အဲသည့် သီတာဦး ဆိုသည့် မိန်းကလေးကို တွေ့ဖူးချင်နေသည်။ ကျောင်းသူအရွယ် ကျောင်းကောင်းကောင်း မတက်ဘဲ နိုင်ငံရေး လုပ်လိုက်၊ ထောင်ကျလိုက် ဖြစ်နေတာတွေကို စိတ်ဝင်စားလှ၍တော့ မဟုတ်၊ သူကလွဲလျှင် မြန်မာ တစ်ပြည်လုံး ဘယ်သူနှင့်မှ အဆက်အသွယ် မလုပ်၊ ဘယ်သူ့အကြောင်းမှ ပြောလှသည် မဟုတ်သော သူ့မေမေက ဘာ ဖြစ်လို့ သည်မိန်းကလေး ကိစ္စကို တခုတ်တရ ရှိနေရသလဲ ဆိုတာကို စိတ် ဝင်စားမိ၍ ဖြစ်သည်။

ယခုတော့ မနေ့က သူလာဖြစ်လျှင် ဆုံရမှာဖြစ်လျက်နှင့် ဟိုကတ်တီး ကတ်ဖဲ့ ဗိုလ်မှူးကတော် ဆရာဝန်မကြောင့် လွဲပြီ။ မေတ္တာပို့ရုံက လွဲ၍လည်း ဘာမှမတတ်နိုင်ပါ။

**၀၉၀၀**

လူအုပ်ကြီးက သားမောင်ကို ဖြတ်၍ ပြေးနေသည်။

အရပ်မျက်နှာ တစ်ခုတည်းကို ဦးတည်ပြေးနေတာ မဟုတ်။ ကစဉ့် ကလျား ခြေဦးတည့်ရာ ပြေးနေကြတာ ဖြစ်သည်။ တချို့က သူ့ကို ပခုံးချင်း ဝင်တိုက်သွားသဖြင့် သူယိုင်ယိုင်သွားသည်။ သေနတ်သံတွေကလည်း ဆူညံ နေဆဲ။

ထူးဆန်းလိုက်တာ။

ငါအိပ်မက် မက်နေတာ မဟုတ်တော့ဘူး။ ဒီလူအုပ်ကြီး အလယ်မှာ တကယ်ရောက်နေပြီ။

ကဲ၊ ရောက်မှတော့ ခတ္တာဦးကို ရအောင်ရှာ။ ရအောင်တား။

နောက်ဆုံး တစ်ခါ အိပ်မက်မက်စဉ်က သူ့ဘယ်ဘက်မှ ခတ္တာဦး ဖြတ်ပြေးသည်ကို သတိရ၍ ဘယ်ဘက်သို့ လှည့်ကြည့်သည်။

သွေးရူးသွေးတန်း ပြေးလွှားနေသော လူအုပ်ကြီးပဲ ရှိနေတုန်း။ ခတ္တာကို အရိပ်အယောင်ပင် မမြင်ရသေး။

ရှေ့ကို လှမ်းကြည့်တော့ ကတ္တရာ လမ်းပေါ်မှာ လဲကျနေသည့် ကျောင်းသူကလေးကို ထုံးစံအတိုင်း မြင်ရသည်။

ဘယ်ဘက်ကို ထပ်လှည့်ကြည့်သည်။

ဟိုမှာ။

ကျောင်းဝတ်စုံ အဖြူအစိမ်းနှင့် ကျောင်းဆရာမကလေး ခတ္တာဦး ပြေးဝင်လာနေသည်။

'ဆရာမ၊ ဆရာမ'

ခတ္တာဦးဘက် ပြေးသည်။

'ဆရာမ၊ မခတ္တာဦး၊ မသွားပါနဲ့'

ခတ္တာဦး တုံ့ခနဲ ရပ်သွားသည်။ နောက်ပြန်လှည့်ကြည့်သည်။

ဒါပဲ။ အဲဒီအချိန် ကွက်တိပဲ။

သူနေရာမှ ပြေးထွက်သွားပြီး ခတ္တာဦးကို လှမ်းဆွဲလိုက်သည်။

'ဒက်. . . ဒက်. . . ဒက်. . . ဒက်'

သူ့လက်ဖဝါးနှင့် ခတ္တာဦး လက်မောင်းထိပြီး လှမ်းဆွဲမိချိန်မှာ ခတ္တာဦး ယိုင်လဲကျသွားသည်။

ကတ္တရာလမ်းပေါ်မှာ လိမ့်သွားသည်။

'ဆရာမ'

သူ ဆက်ပြေးလိုက်သည်။

ခတ္တာဦးကို ပွေ့ထူသည်။ ခတ္တာဦး ဝမ်းဗိုက်မှာ သွေးကွက်ကို တွေ့ရသည်။ မျက်လုံးကတော့ သူ့ကို ဖွင့်ကြည့်သည်။

'ဆရာမ၊ ဆရာမ ဗိုက်မှာ မှန်ထားတယ်၊ ဒီနေရာ စိတ်မချရဘူး၊ ကျွန်တော် ဆရာမကို ပွေ့ခေါ်သွားမယ်၊ အားတင်းထားပေးပါ၊ ရမလား'



မျက်နှာမှာ ကတ္တရာလမ်းနှင့် ပွတ်တိုက်မိသော ဒဏ်ရာများနှင့် သွေးခြည်ဥနေလျက်က ခတ္တာဦး ကြောင်တက်တက်နှင့် ခေါင်းညိတ်သည်။

ခတ္တာဦး ကိုယ်ကလေးက ပေါ့ပါးသည်။ ပေါင် ၉၀ ပင် ရှိမည်မထင်။ သူ အသာပင် ပွေ့ယူ၍ အနီးဆုံး လမ်းထောင့်သို့ အားသွန် ပြေးသည်။ သေနတ်သံတွေက နောက်မှာ တိုး၍ ကျန်ခဲ့သည်။

လမ်းထောင့် တိုက်အကွယ်မှ ကျောင်းသားဟု ထင်ရသည့် နဖူးစည်း အနီနှင့် လူငယ်သုံးဦး ပြေးထွက်လာ၍ သူ့ကို ကူသယ်ကြသည်။

အနားက ဆိုင်ခန်းဟု ထင်ရသော ပိတ်ထားသည့် အခန်းတစ်ခန်းမှ သစ်သား တံခါးပွင့်လာ၍ အသက် အစိတ်ခန့်အရွယ် မိန်းမပျိုတစ်ဦး ထွက်လာပြီး လက်ယပ်ခေါ်သည်။

'မောင်လေးတို့၊ ဆရာမ ကလေးကို ဒီထဲခေါ်ခဲ့'

ကျောင်းသားသုံးယောက်နှင့် သားမောင် ခတ္တာဦးကိုပွေ့၍ အဲသည့် အခန်းထဲ ဝင်ပြေးကြသည်။

စောစောက မိန်းမပျိုက ဧည့်ခန်းထဲတွင် ရှိနေသည့် ကွပ်ပျစ် တစ်လုံးကို ပြတော့ သူတို့ ခတ္တာဦးကို အဲသည်မှာ ချကြသည်။

မိန်းမပျိုက ခတ္တာဦး၏ ဒဏ်ရာကို ငုံ့ကြည့်၍ မျက်နှာပျက်သွားသည်။

'ဒုက္ခပါပဲ၊ အိမ်မှာ ထည့်ဖို့ ဆေးတွေ ဘာတွေတော့ ရှိတယ်၊ ဒါက ဘယ်လောက် နက်မှန်း မသိဘူး၊ ဆရာဝန် တစ်ယောက်လောက် ရှိမှဖြစ်မှာ'

သားမောင် ရုတ်တရက် သတိရသွားသည်။ ငါက ဆရာဝန်ပဲ။

'ကျွန်တော် ဆရာဝန်ပါ အစ်မ'

ခတ္တာဦး မျက်လုံးဖွင့်၍ သူ့ကို ထူးဆန်းစွာ စိုက်ကြည့်သည်။ သူက ခေါင်းတစ်ချက် ဆတ်ပြတော့ ခတ္တာဦး ခေါင်းညိတ်ပြသည်။ အိမ်ရှင် မိန်းမပျိုက အထဲဝင်သွားပြီး ရှာ၍ရသမျှသော ဆေးဝါး၊ ဂွမ်း၊ ပတ်တီးတို့နှင့် ပြန်ထွက်လာသည်။

ကျောင်းသားသုံးဦးက နောက်ဆုတ်ပေးသည်။

သူက ခတ္တာဦး၏ သွေးတွေ ရွဲနေသော ကျောင်းဝတ်စုံ အင်္ကျီအဖြူကလေးကို ညင်သာစွာ မကြည့်သည်။ အိမ်ရှင် အမျိုးသမီး ကမ်းပေးသော အရက်ပြန် ဆွတ်ထားသည့် ဂွမ်းစနှင့် ညင်သာစွာ သုတ်ကြည့်သည်။

ခတ္တာဦးဆီက စုတ်သတ် ညည်းတွားသံ ထွက်လာသည်။

'ဟာ. . . တော်သေးတာပေါ့'

သူ အသံထွက်၍ ရေရွတ်မိသည်။ ကြွက်သားပြင်အထိ နက်သော်လည်း ဒဏ်ရာက ဗိုက်ကို ဖေါက်မသွားဘဲ ရှပ်ထွက်သွားသော အစင်းကြောင်းကြီး ဖြစ်နေသည်။

သူ လှမ်းဆွဲလိုက်တာ အချိန်မီ ကလေးပေါ့။

သူ့ဟာသူသာ ဆက်ရပ်နေရင် ထုတ်ချင်းခတ် ပေါက်သွားမှာ။ သည်တစ်ခါတော့ ခတ္တာဦးကို သူ တကယ် ကယ်လိုက်နိုင်ပြီပဲ။

အိမ်ရှင် မိန်းမပျိုနှင့်သူ ခတ္တာဦး ဒဏ်ရာကို ဆေးထည့် ပေးကြသည်။

'မသေကောင်း၊ မပျောက်ကောင်း ဆရာမရယ်၊ ကဲ. . . အစ်မ အဝတ်အစားတွေ ခဏလဲ ပေးထားမယ်၊ ဒီမှာ စောင့်နေ၊ အစ်မ သွားယူလိုက်ဦးမယ်'

အိမ်ရှင် မိန်းမပျိုထ၍ ထွက်သွားသည်။

သူလည်း နေရာမှ ထမည် ပြင်သည်။ အဲသည့်အချိန်မှာ ခတ္တာဦးက သူ့လက်မောင်းကို လှမ်းကိုင်လိုက်သည်။

'ဆရာမ၊ ဘာဖြစ်လို့လဲ'

ခတ္တာဦးက သူ့မျက်နှာကို ထူးဆန်းစွာ စိုက်ကြည့်နေသည်။ ပြီးမှ တိုးတိုးမေးသည်။

'ကျွန်မ အသက်ကို ရှင် ကယ်လိုက်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့. . .'

သူ တထိတ်ထိတ်နှင့် နားစွင့်နေသည်။ ခတ္တာဦး သူ့ကို ထူးဆန်းစွာ စိုက်ကြည့်နေဆဲ။



'ကျွန်မ နားမလည်တာက ရှင်ဘယ်သူလဲ၊ ရှင် ကျွန်မကို မခတ္တာဦးလို့ ခေါ်လိုက်တာ ကျွန်မ သေသေချာချာ ကြားလိုက်တယ်၊ ရှင် ဘာဖြစ်လို့ ကျွန်မကို သိနေတာလဲ'

သူ ဘယ်လိုမှ ဖြေနိုင်သော မေးခွန်း မဟုတ်ပါ။

မဖြေနိုင်သော မေးခွန်းကို ဘယ်လို ဖြေရမလဲ ကြံစည်နေရင်းက သူ နောက်ထပ် အရေးအကြီးတာ တစ်ခုကို ထိတ်လန့်တကြား သတိထားမိသွားသည်။

၁၉၈၈ ခုနှစ် အိပ်မက်ကနေ ခုထက်ထိ သူလန့်မနိုးသေးပါ။

○

## (၄)

**၁၉၈၈**

'ပြောလေ ရှင်ဘယ်သူလဲလို့'

ခတ္တာဦးက သိလိုစိတ် ပြင်းပြစွာ ထပ်မေးသည်။

သားမောင် ဘာဖြေရမှန်း မသိတော့။

'အခု မမွေးဖွားသေးတဲ့ သူတစ်ယောက်ပါ'

အဲသလို ဖြေရမှာလား။ သူ့ကို ရူးနေသည်ဟုပဲထင်မှာ သေချာလှသည်။

'အိပ်မက် မက်နေတဲ့ လူတစ်ယောက်ပါ။ ခင်ဗျားက အိပ်မက်ထဲက လူပေါ့'

ဒါလည်း မဟုတ်သေး။

'ခင်ဗျားအကြောင်းကို အင်တာနက်မှာ တွေ့ဖူးလို့ သိနေတာပါ'

ဘုရား ဘုရား။ ၁၉၈၈ ခုနှစ်က မိန်းကလေး။ အင်တာနက် ဆိုတာ ဘာကိုခေါ်မှန်းတောင် သိမည်မထင်။

သက်ပြင်းချ၍ ခေါင်းခါမိသည်။

'ကျွန်တော်က သားမောင်ပါ၊ လူငယ် ဆရာဝန် တစ်ယောက်ပါ၊ မခတ္တာဦးကို ဘယ်လိုသိတယ်ဆိုတာတော့ အေးအေးဆေးဆေးမှ ရှင်းပြပါရစေတော့၊ လောလောဆယ် မခတ္တာဦး ဒဏ်ရာက အရေးပိုကြီးပါတယ်'



ခတ္တာဦးက ယဲ့ယဲ့ပြုံးသည်။

'ရှင်က ကျွန်မ အသက်သခင်ကျေးဇူးရှင်ပဲ၊ ပြီးတော့ ကျွန်မကို ဆေးကုနေတဲ့ ဆရာဝန်ပဲ၊ ဆရာညွှန်ကြားတာ နားထောင်ရမှာပေါ့၊ ကျွန်မကိုတော့ 'မတ္တာ'လို့ပဲ ခေါ်ပါ၊ ဆရာဝန်ဆိုကတည်းက ကျွန်မအစ်ကိုအရွယ်ပဲ ဖြစ်မှာပါ'

'အမှန်က ကျွန်တော်ကခင်ဗျားထက် အသက်နှစ်၂၀ကျော် ငယ်ပါတယ်'

အဲသလိုသာ ဖြေလိုက်လို့ကတော့ လူနာ သတိလစ်သွားနိုင်သည်။

လဲလျောင်းနေသော ခတ္တာဦး မျက်နှာကလေးကို ပြန်ကြည့်မိသည်။ ဟုတ်ပ။ လှလိုက်တာ။ ဆရာပြောလည်း ပြောစရာပါပဲ။ မျက်နှာမှာ ပွန်းရှဒဏ်ရာတွေ ရှိနေသည့်ကြားက ငယ်နုသော မျက်နှာကလေးက ငေးကြည့်ရလောက်အောင် ကြည်လင်လှပသည်။ သည်ဒဏ်ရာတွေက သူ့ မျက်နှာကလေးကို အရုပ်ဆိုးသွားအောင် မစွမ်းနိုင်ကြ။ ပိုမို၍ သနားစဖွယ်၊ ကြင်နာစဖွယ် ဖြစ်စေအောင်သာ ဖန်တီးနေကြသည်။ သည်လို ကြည်လင် အေးမြသည့် အလှမျိုးကို ၂၀၁၄ ခုနှစ်မှာတောင် တစ်ယောက်မှ မမြင်ခဲ့ဖူးပါ။

ဘုရား၊ ဘုရား။

တကယ်တော့ အိပ်မက်ထဲမှာသာ သည်မိန်းကလေး ရှင်သန်နေခွင့်ရနေတာလေ။ တကယ့် အပြင်မှာက လွန်ခဲ့သည့် တစ်နာရီလောက်ကပဲ သည်မိန်းကလေး ကွယ်လွန်သွားခဲ့ရမှာ မဟုတ်ဘူးလား။

ကျကွဲသွားသည့် ကြွေရုပ်ကလေးပေါ့။

သည်လို တန်ဖိုးရှိလှသည့် ကြွေရုပ်ကလေးတစ်ရုပ်ကို ကျကွဲသွားအောင် ဘယ်သူတွေက လုပ်လိုက်ပါသနည်း။ ဘယ်သူတွေမှာ တာဝန်ရှိပါသနည်း။

စဉ်းစားရင်း သူ မွန်းကျပ်လာသည်။

သည်မေးခွန်းအတွက် သူ့မှာ အဖြေမရှိ။ သည်မေးခွန်းက အနှစ် ၂၀ ကျော်လုံး ဘယ်သူမှ မေးပိုင်ခွင့် မရှိခဲ့သည့် မေးခွန်းမဟုတ်ပါလား။

သူ သက်ပြင်းချသည်။

'အေးလေ၊ ခတ္တာပေါ့၊ တို့ကိုလည်း ဆရာ မခေါ်ပါနဲ့၊ သားမောင် အဲကိုသားလို့ပဲ ခေါ်ပေါ့'

မိန်းကလေးက ပြုံး၍ ခေါင်းညိတ်ပြသည်။

စောစောက ဝိုင်းကူသယ်ပေးကြသည့် နဖူးစည်းအနီနှင့် လူငယ်သုံးဦး သူတို့နား ပြန်ရောက်လာသည်။ နဖူး စည်းအနီတော့ မရှိကြတော့။

'ကဲ ကျွန်တော်တို့ ဒီလိုတော့ နေနေကြလို့ မဖြစ်သေးဘူး၊ ဟိုလူတွေ အိမ်တွေလိုက်ရှာ ဖမ်းရင် ပါသွားဦးမှာ၊ လူခွဲပြီး တစ်ယောက်ချင်းပြန်မှ၊ ဆရာမက လမ်းလျှောက်နိုင်ပါ့မလား'

လူငယ်တစ်ဦးက မေးသည်။ သူ ခေါင်းခါပြလိုက်သည်။

'ဗိုက်ကြွက်သား ထိထားတယ်၊ လမ်းလျှောက်လိုက်ရင် သွေးတွေ အများကြီး ထွက်လာလိမ့်မယ်'

အိမ်ရှင် မိန်းမပျို ပြန်ရောက်လာသည်။

'ဆရာမကို ထားခဲ့ကြလေ၊ ကျွန်မ အမျိုးသားက အပြင်မှာ၊ ခဏနေရင် ပြန်လာလိမ့်မယ်၊ ကျွန်မမောင် တစ်ယောက်နဲ့ ညီမတစ်ယောက်က နယ်ခဏ သွားနေကြတယ်၊ သန်းခေါင်စာရင်းတွေ ဘာတွေစစ်ရင်လည်း ဆရာမကို ကျွန်မ ညီမလို့ ပြောလိုက်မယ်၊ ဆရာမ မိဘတွေ စိတ်ပူနေမှာပဲ စိုးတာ'

ခတ္တာဦးက ယဲ့ယဲ့ပြုံးသည်။

'ကျွန်မက အဆောင်နေတာပါ မမ၊ ကျွန်မ အိမ်ကလည်း နယ်မှာပါပဲ၊ အဆောင်ကလည်း ကျွန်မ ပြန်မလာရင် နယ်ပြန်သွားတယ်ပဲ ထင်မှာပါပဲ'

'ခတ္တာက ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်လာရတာလဲ'

သူ မနေနိုင်ဘဲ ဝင်မေးမိသည်။

ခတ္တာဦး မျက်နှာကလေး ငေးငေးငိုင်ငိုင် ဖြစ်သွားသည်။

'ကျွန်မ သင်နေတဲ့ အတန်းက ကလေးတွေ ပါသွားတယ်လို့ ကြား လိုက်တာ၊ ကျောင်းစိမ်းကလေးတွေနဲ့ ပါသွားတာတဲ့၊ ကျွန်မကလေးတွေက ကလေးလေးတွေပဲ ရှိသေးတာ၊ မနေ့ကတည်းက ထပ်ဆန္ဒပြရင် ပစ်မယ် ဆိုတာ ကြားနေပြီးသား၊ သူတို့လေးတွေပါရင် မပစ်ဘူးထင်လို့ ခေါ်သွား ကြတာနေမှာပေါ့၊ ကျွန်မက နိုင်ငံရေး နားမလည်ပါဘူး၊ ကိုယ့်ကလေးတွေ



တော့ အပစ်မခံနိုင်တာ အမှန်ပဲ၊ အဲဒါနဲ့ ကိုယ်ပါရင် နည်းနည်း လုံခြုံမလားလို့ အဆောင်ကနေကျောင်းစိမ်း ပြန်ဝတ်ပြီး လိုက်ခေါ်တာ'

'ဟို ထိသွားတဲ့ ကလေးမကလေးက ခတ္တာ စာသင်နေတဲ့ ကလေးလား'

ခတ္တာဦးက ဖြည်းညင်းစွာ ခေါင်းခါသည်။

'ကျွန်မ ကလေးတွေက ကျွန်မ အုပ်မိလိုက်တယ်၊ အတင်းချော့မော့ပြီး အိမ်ပြန်လွှတ်လိုက်တယ်၊ ပြန်အလှည့်မှာ စောစောက ကိစ္စနဲ့ တည့်တည့် တိုးတာ၊ ဟိုကျောင်းသူကလေး ထိတော့ ကိုယ့်ကျောင်းသူ ဟုတ်ဟုတ် မဟုတ်ဟုတ် မနေနိုင်ဘူးလေ၊ အဲဒါနဲ့ တက်ဆွဲတာ'

လူငယ်တစ်ဦးက တက်ခေါက်သည်။

'အေးဗျာ ရက်စက်လိုက်ကြတာ၊ ဒီအစ်ကို တက်ဆွဲတာ မြန်ပေလို့ပေါ့၊ နို့မို့ဆို ဆရာမပါ ပါသွားပြီ'

သားမောင် ခေါင်းနပန်းကြီးသွားသည်။

လက်တွေ့မှာ ဒီအစ်ကို မရှိဘူးလေ။ မွေးကို မမွေးသေးဘူး။ သည် ဆရာမကလေးလည်း သေဆုံးသွားခဲ့ ပြီလေ။

ဘုရား၊ ဘုရား။

ဘာတွေဖြစ်နေတာလဲ။ ဘာဖြစ်လို့ ငါ အခုထက်ထိ ဒီအိပ်မက်ကနေ လန့်မနိုးရသေးတာလဲ။

'ကဲ အဲဒါဆို မောင်လေးတို့ လူခွဲထွက်ကြပေတော့၊ ဒီဆရာကရော ဘယ်ကို ပြန်မှာလဲ'

အိမ်ရှင် အမျိုးသမီးက သူ့ကို လှည့်မေးသည်။

'ကျွန်တော်က ၂၀၁၄ ခုနှစ်ကို ပြန်ရမှာပါ မမ'

အမှန်တရားက တော်တော် ဖြေရခက်သည့် အဖြေပါတကား။

'ကျွန်တော်က ဟို ကျွန်တော်လည်း အဆောင်ပါပဲခင်ဗျ၊ ဒီကိစ္စတွေ စဖြစ်ကတည်းကတော့ ဟိုရောက် ဒီရောက်နဲ့ အဆောင်လည်း ပြန် မရောက် တာ ကြာပါပြီ'

'ဆေးရုံကရော'

'ဆေးရုံက ဆေးရုံလည်း မရှိဘူး ခင်ဗျ၊ ကျွန်တော်က အလုပ်မဝင်ရသေးတဲ့ ဆရာဝန်ပါ'

ဟုတ်တယ်လေ။ ဝင်ဖို့ အနှစ် ၂၀ ကျော် လိုနေသေးတဲ့ဟာ။ သူက ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးကိုသွားပြီး ကျွန်တော် ဒီဆေးရုံက ဒေါက်တာဇာနည်မျိုးပါဟု ပြောတော့ သိမည်သူ ရှိမှာမို့လား။

အိမ်ရှင်အမျိုးသမီး မျက်နှာ ဝင်းပသွားသည်။

'ဒါဆို ဆရာလည်း ဒီမှာပဲ နေနေလိုက်ပါလား၊ မရှိတဲ့ ကျွန်မ မောင်နေရာ စာရင်းပြလို့ရတယ်၊ ဒီ ဆရာမကလေးလည်း ဆရာဝန်ရှိနေတော့ စိတ်ချရတာပေါ့'

လူငယ်ကလေး သုံးဦးထဲက တစ်ဦးက လက်မထောင်ပြသည်။

'ကောင်းတယ်၊ ဒီက အစ်မ စီစဉ်တာ ကွက်တိပဲ၊ ကဲ ဆရာ ခွင့်ပြုဦး၊ ကျွန်တော်တို့ သွားမယ်၊ ဘာမှမဖြစ်ကြရင် ပြန်ဆုံကြသေးတာပေါ့'

ဘာမှ မဖြစ်ကြရင်တဲ့။

အဲသည် လူငယ်သုံးဦးအကြောင်းကို သူ ဘာမှမသိ။ ဘာမှ မဖြစ်ကြမည့်သူတွေလား။ တစ်ခုခုဖြစ်ကြမည့် သူတွေလားပင် မသိ။

သက်ပြင်းချ၍ လက်သာ မြှောက်ပြလိုက်မိသည်။

ဖျတ်ခနဲသူ လန့်နိုးသွားသည်။

နိုးတာနှင့် သူ့ ခေါင်းက ကြည်လင်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ရေးဝလိုက်သူတစ်ယောက်လို နိုးလာခြင်းဖြစ်သည်။

တော်သေးတာပေါ့။

နောက်ဆုံးမတော့ သည်အိပ်မက်က သူ ရုန်းထနိုင်ခဲ့ပြီ။ ဆရာမကလေး ခတ္တာဦး၏ အသက်ကို အိပ်မက်ထဲမှာပဲ ဖြစ်ဖြစ်၊ တစ်ခါလောက်ပဲဖြစ်ဖြစ် ကယ်ဖူးလိုက်ချင်သည့် သူ့ဆန္ဒ ပြည့်ဝခဲ့သော်လည်း လာမည့် ၂၆ နှစ်လုံးလုံး ဘာတွေ ဆက်ဖြစ်လာမည်ဆိုတာကို သိထားပြီးသူ တစ်ယောက်က



မသိထားသေးသူတွေ ကြားထဲမှာ ဘယ်လို အံဝင်ခွင်ကျနေရမည်ဆိုတာ တွေးရဲစရာတောင် မရှိသော ဘဝကြီးပါ။

သူ သက်ပြင်းချမိသည်။

ခတ္တာဦး၏ မျက်နှာကလေးကို ပြန်မြင်ယောင်မိသည်။ သွေးစကလေးတွေ ရှိနေသော မျက်နှာကလေးက တကယ်တော့ ရေစိုနေသည့် ကြာပန်းကလေးကို ကြည့်ရသလို တင့်တယ်လှသည်။

စိတ်ထားကလေးကလည်း လှလိုက်တာ။

ကိုယ် မသိသော ကျောင်းသူ ကလေးကိုပင် အသေခံ၍ ဝင်ဆွဲသတဲ့။ နိုင်ငံရေးကိုတော့ နားမလည်ပါဘူး။ ကိုယ့်ရှေ့မှာ ကျောင်းသူ ကလေး အပစ်ခံရတော့ ဝင်ဆွဲတာတဲ့။

အရာရာ ကိုယ်သာဖို့၊ ကိုယ်ရဖို့၊ ကိုယ့်ကို ဦးစားပေးနိုင်းဖို့၊ ကိုယ်အနာမခံရဖို့၊ အစစ ကိုယ့်ကိုယ်ကိုယ် ဦးစားပေးတတ်လွန်းသော လူတွေ နေရာရနေကြသည့် ၂၀၁၄ ခုနှစ်လို ကာလကြီးက လာခဲ့ရသည့် သားမောင်အဖို့ ၁၉၈၈ ခုနှစ်မှာ ကွယ်လွန်ကျန်ရစ်ခဲ့သည့် ခတ္တာဦးလို မိန်းကလေးမျိုးက အစား ပြန်မရနိုင်တော့သည့် ရတနာပစ္စည်းတစ်ခု ပျောက်ဆုံးသွားရသလို ရှိလှသည်။

'ဆရာ နိုးလာပြီလား'

မိန်းကလေးသံတစ်သံ ကြားရ၍ သူလှည့်ကြည့်မိသည်။ သူက ပက်လက် ကုလားထိုင်တစ်လုံးမှာ အိပ်ပျော်နေတာဖြစ်ပြီး မေးသူက သူ့ ဘယ်ဘက်မှာ ရပ်နေတာ ဖြစ်နေသည်။

မေးသူ၏ မျက်နှာကို မြင်လိုက်ရတော့ သူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

သူနှင့် ခတ္တာဦးကို တံခါးဖွင့်ပေး ခဲ့သည့် အိမ်ရှင် အမျိုးသမီးပါလား။

မြတ်စွာဘုရား။

ငါ ၁၉၈၈ ခုနှစ်မှာပဲ ရှိနေတုန်းပါပဲလား။

'မောင်လေး အဲ ဆရာ အိပ်ပျော်နေတာ တွေ့တယ်၊ တော်တော်ပင်ပန်းထားတယ်ထင်လို့ မနှိုးဘဲ ပေးနားထားတာ'

အိမ်ရှင် အမျိုးသမီးက ဆက် ပြောနေသည်။

သူ မျက်စိကို ဖွင့်ချည်၊ ပိတ်ချည် လုပ်ကြည့်သည်။ သူ့ရှေ့က မြင်ကွင်းက ပြောင်းမသွား။ သည်မိန်းမပျိုပါပဲ။

နောက်ဆုံး သက်ပြင်းသာ ချလိုက်ရသည်။

'မောင်လေးပဲ ခေါ်ပါ မမ၊ ကျွန်တော့်နာမည် ကိုသားပါ'

အိမ်ရှင်မမက ပြုံးသည်။

'မောင်လေးနာမည်က အဆန်းပဲ၊ မမနာမည်ကလည်း 'မွေး'တဲ့၊ တစ်လုံးတည်းပဲ၊ ဆရာမလေးလည်း သက်သာပုံရတယ်၊ မမ အမျိုးသားလည်း ပြန်ရောက်လာပြီ၊ မမ ကော်ဖီဖျော်လိုက်မယ်၊ ပင်ပန်းနေ၊ ဆာနေကြရောပေါ့'

သူ့နောက်မှာ အသက် ၃၀ ခန့် အမျိုးသားတစ်ဦး ရောက်လာသည်။ လက်ထဲမှာ ကိုင်လာသော စပို့ရှပ် တစ်စုံနှင့် လုံချည်တစ်ထည်ကို သူ့ကို ကမ်းပေးသည်။

'အစ်ကို့နာမည်က ထွန်းထွန်းဦးတဲ့၊ မမွေး အမျိုးသား၊ ညီလေးလဲချင်ရင် လဲဖို့ အစ်ကို့ အဝတ်တွေ ယူခဲ့တယ်၊ ရေချိုးချင်ရင်လည်း ချိုး၊ ကော်ဖီတော့ အရင်သောက်လိုက်ဦး'

သူ **နေရာမှထ၍** ပြုံးပြီး 'ကျေးဇူး ပါအစ်ကို' ဟု ပြောလိုက်သည်။

ခတ္တာဦးကို စောစောက ကွပ်ပျစ်မှာပဲ ခေါင်းအုံးများ ကျောမှီ၍ ထိုင်လျက်သား တွေ့ရသည်။ ကျောင်းစိမ်းနှင့်တော့ မဟုတ်တော့။ တီရှပ်အဝါနှင့် အိမ်နေရင်း လုံချည် လိမ္မော်ရောင်ကလေး ဝတ်ထားတာ တွေ့ရသည်။ မမွေး၏ အဝတ်အစားတွေပဲဖြစ်မည်။

'ခတ္တာ သက်သာရဲ့လား'

သူက ကြင်နာစွာ မေးတော့ ခတ္တာက အားတင်း၍ ပြုံးပြသည်။

'ပူပြီး စပ်နေတယ်နော်၊ ကျည်ဆန်ဆိုတာ အဲသလိုပဲလား'



သူ စဉ်းစားကြည့်သည်။ အဲသည်အဖြေကို သူ မသိ။

'မသိဘူး ခတ္တာရဲ့၊ တို့က အရပ်ဆရာဝန်၊ ကျည်ဆန်မှန်တဲ့ လူနာ ဆေးမကုဖူးဘူး'

ခတ္တာက ဖွဖွရယ်သည်။

မှန်ပါသည်။

ကျောင်းဆရာမနှင့် ကျည်ဆန်ရော ဘာများဆိုင်ပါသနည်း။ စစ်ဖြစ်နေတာ မဟုတ်ဘဲနှင့် ကျောင်းဆရာမ ကျည်ဆန်မှန်တာ ကမ္ဘာ့သမိုင်းမှာ ဘယ်နှခါများ ရှိနိုင်မှာတဲ့လဲဟု သူတွေးမိသည်။

မမွေးက လင်ပန်းကလေးနှင့် ကော်ဖီကရား၊ ကော်ဖီခွက်များကို သယ်လာပြီး ခတ္တာဦး ရှေ့ကွပ်ပျစ် ကလေးပေါ်တွင်ပင်ချ၍ တင်ပါးလွှဲဝင်ထိုင်သည်။

သူနှင့် ကိုထွန်းထွန်းဦးတို့က သစ်သား ခွေးခြေကလေးတွေယူ၍ အနားမှာ ထိုင်ကြသည်။

'ဒီက ညီမလေး ခတ္တာရဲ့ မိဘတွေကတော့ ရှမ်းပြည်ဘက်မှာတဲ့၊ ညီလေး မိဘတွေကရော'

သူ ရုတ်တရက် ဘာဖြေရမည်မသိ။

ကဲပါလေ။ နားလည်လွယ်ရင် ပြီးရော။

'နိုင်ငံခြားမှာပါ အစ်ကို၊ လောလောဆယ်တော့ အဆက်အသွယ်တွေ မရတော့ ကျွန်တော် တစ်ယောက်တည်းပါပဲ'

မုသားမပါသော စကား။ ဘယ်လိုလုပ် အဆက်အသွယ် ရနိုင်မှာတဲ့လဲ။

ကိုထွန်းထွန်းဦးက ကော်ဖီကို တစ်ကျိုက်ကျိုက်ပြီး ပြန်ချသည်။

'အစ်ကို အပြင်မှာ ကြားလာတဲ့ သတင်းကတော့ ဆရာမလေး တစ်ယောက် သေနတ်မှန်ပြီး ပွဲချင်းပြီး ဆုံးသွားတယ်လို့ ကြားတာ'

ခတ္တာဦး မျက်လုံးကလေး ဝိုင်းသွားသည်။

သားမောင်က 'အဲဒါက အမှန်လေ' ဟု ကြိတ်တွေးနေမိသည်။

'ညီမလေး အဆောင်မှာ ထောက်လှမ်းရေးတွေ သွားစုံစမ်းသတဲ့၊ ဖြစ်နေတဲ့ သတင်းကတော့ ကျောင်းသားတွေက သယ်သွားတယ်တဲ့၊ အဲဒါ ဆေးရုံ ဆေးခန်းတွေလည်း လိုက်မေးနေကြတယ်၊ အစ်ကို့ အမြင်တော့ ညီမလေး ခဏတော့ ပုန်းနေရဦးမယ့်ပုံပဲ'

'သူတို့က ဘာလုပ်မလို့လဲ အစ်ကို'

သားမောင် မနေနိုင်ဘဲ ဝင်မေးသည်။

'မှန်းရခက်တယ်၊ မသေပါဘူးဆိုရင် သက်သေထူပြီး သူတို့ အမည်းစက်သူတို့ ဖျက်ချင်တာလည်း ဖြစ်နိုင်တယ်၊ ဆေးကုပေးဖို့လည်း များတယ်၊ အစ်ကို စိတ်ပူတာက နေကောင်းပြီးရင် ပြန်မလွှတ်ပေးဘဲ အကြာကြီး ခေါ်ထားပြီး စစ်နေမှာကိုပဲ'

ခတ္တာဦး မျက်နှာကလေး ငယ် သွားသည်။

'ကျွန်မ ဘာလုပ်ရမလဲ အစ်ကို'

မမွှေးက ခတ္တာဦး၏ ပခုံးကို ကြင်နာစွာ ပွေ့ဖက်သည်။

'မကြောက်ပါနဲ့ ခတ္တာရယ်၊ မမတို့ ခတ္တာကို စောင့်ရှောက်မယ် သိလား၊ မမနဲ့ ကိုဦး တိုင်ပင်နေတာက ဒီအိမ်ကိုလည်း မကြာခင် ခြေရာခံ မိသွားနိုင်တော့ နယ်ကို ခေါ်သွားမလားလို့'

ခတ္တာဦး မျက်လုံးကလေး ဝိုင်းသွားသည်။

'နယ်ကို ဟုတ်လား မမ'

'ဟုတ်တယ်၊ မမတို့က အညာက၊ မမမောင်နဲ့ ညီမလေးတောင် အညာကို ခဏပြန်နေကြတာ၊ ကိုထွန်းထွန်းဦးကလည်း သင်္ဘောသား၊ သင်္ဘောလည်း ချက်ချင်း ပြန်တက်နိုင်မှာ မဟုတ်တဲ့ အတူတူ မမတို့ အမျိုးတွေရှိတဲ့ အညာကို ခဏပြန်နေမလားလို့ တိုင်ပင်နေကြတာ၊ ညီမလေးကို ရှမ်းပြည်အထိ ပြန်ပို့ပေးဖို့ကလည်း မလွယ်သေးတော့ မမတို့ အညာကိုပဲ ခေါ်သွားမလားလို့၊ တစ်ခုပဲ ရှိတယ်'

မမွှေးက သားမောင်ကို လှမ်းကြည့်သည်။



'လမ်းမှာ ဒုက္ခရာက စိတ်ချရပ့်ါ မလားလို့ မောင်လေးနဲ့ တိုင်ပင်ရမှာပဲ၊ မမတို့က တတ်နိုင်သလောက် စောစောထွက်ချင်တယ်၊ ဒီနားတစ်ဝိုက်က သိပ်မကြာဘူး စစ်မယ့် ဆေးမယ့်သူတွေ ရောက်လာကြတော့မှာ'

သားမောင် အံကို တင်းတင်း ကြိတ်လိုက်သည်။

'ကျွန်တော် လိုက်ခဲ့မယ်ဆိုရင်ကော မမ'

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟုတ်တယ်လေ၊ လောလောဆယ် ကျွန်တော်လည်း တစ်ယောက်တည်း ယောင်နေတာပဲ၊ ခတ္တာကို မမတို့ အညာအထိလမ်းမှာ ကျွန်တော် လိုက်စောင့်ရှောက်ပေးမယ်၊ အခြေအနေတွေ အေးဆေးမှ ပြန်မှာပေ့ါ'

အားလုံး ကြက်သေသေနေကြသည်။

ခဏနေမှ ကိုထွန်းထွန်းဦးက နေရာမှ ဖျတ်ခနဲ ထရပ်သည်။

'ဆီ ဆီ'

မမွှေးက မျက်မှောင်ကြုတ်သည်။

'ဘာဆီလဲ'

'ဓာတ်ဆီ၊ ဓာတ်ဆီ၊ ကားက ရှိတယ်၊ ဓာတ်ဆီလိုတာ၊ ဟိုဘက်အိမ်မှာ ရမလား တစ်ချက်သွားမေးလိုက်ဦးမယ်'

ကိုထွန်းထွန်းဦး အပြေးတစ်ပိုင်း ထွက်ခွာသွားသည်။

○

## (၅)

**၁၉၈၈**

ကိုထွန်းထွန်းဦး အိပ်ခန်းထဲ ပြန်ဝင်လာ၍ ခေါင်းခါပြသည်။

'ဟိုဘက် အိမ်မှာလည်း နှစ်ဂါလန်ပဲ ရှိသတဲ့၊ စမ်းချောင်းဘက်က ကိုဆွေတို့ဆီမှာတော့ များများရှိမှာ သေချာတယ်၊ ကို တစ်ခေါက်လောက် ပြေးကြည့်လိုက်ဦးမယ်'

မမွှေးမျက်နှာမှာ စိုးရိမ်ဟန် ပေါ်လာသည်။

'ဒီလောက် အပစ်အခတ်၊ အဖမ်းအဆီးတွေကြားမှာ ကိုရယ်၊ မနက်မှ သွားပါလား'

ကိုထွန်းထွန်းဦးက လက်ပတ်နာရီကို ကြည့်သည်။

'ကာဖျူးက တစ်နာရီတောင် လိုသေးတာပဲ၊ ကားနဲ့ တစ်ပတ်ပတ်လိုက်လို့ ရပါတယ်'

'စမ်းချောင်းကို တစ်နာရီနဲ့ မရလောက်ဘူးနော် အစ်ကို'

သားမောင်က ယောင်၍ဝင်ပြောမိသည်။ ကိုထွန်းထွန်းဦး မျက်လုံးပြူးသွားသည်။

'တစ်နာရီနဲ့ ဘာလို့မရရမှာလဲ ညီလေးရဲ့'



'ကားပိတ်တာနဲ့၊ ဘာနဲ့'

ကိုထွန်းထွန်းဦး ပိုမျက်လုံးပြူး သွားသည်။

'ဟာ၊ ဒီဆရာဝန် ဘယ်နိုင်ငံကများ ရောက်လာပါလိမ့်၊ လမ်းပေါ်လည်း ထွက်ကြည့်ဦး၊ ဘာကားတစ်စီးမှ မရှိဘူး'

အဲသည်တော့မှ သားမောင် သူ့အမှားကို သူ သတိရမိတော့သည်။ ဟုတ်ပ။ ၁၉၈၈ ခုနှစ်မှာ ကားက ဘယ်ပိတ်ဦးမှာတဲ့လဲ။ အရေးအခင်းကြောင့် ကားတွေ လမ်းပေါ်မှာတောင် ပျောက်ဆုံးနေမှာလေ။

'အဲဒါဆိုလည်း ကျွန်တော်ပါ အဖော်လိုက်ခဲ့မယ်လေ အစ်ကို'

သူ မမွေးဖွားသေးသော အချိန်က ရန်ကုန်မြို့၏ မြင်ကွင်းကို အိပ်မက်ထဲမှာတောင် သူ စပ်စုချင်လာမိသည်။

'ကောင်းသားပဲ၊ ညီလေး အဆောင်နီးရင် ဝင်လေ၊ အဝတ် အစားလေး ဘာလေး ယူလို့ရတာပေါ့'

သားမောင် ဆွံ့အသွားသည်။ ခဏနေမှ တိုးတိုးဖြေသည်။

'အဆင်မပြေလောက်ဘူး၊ အစ်ကို'

သူဆိုလိုတာက တစ်မျိုးဖြစ်သော်လည်း ကိုထွန်းထွန်းဦးက တစ်မျိုး သဘောပေါက်သွားသည်။

'အေးလေ၊ ဟုတ်ပါတယ်၊ ဟိုကောင်တွေ ရောက်ချင် ရောက်နေမှာ၊ အဝတ်အစားနဲ့ ပိုက်ဆံ အတွက်ကတော့ စိတ်မပူနဲ့ ညီလေး၊ အစ်ကိုတို့ တာဝန်ထား'

'မြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့ကြဦးနော်'

မမွှေးက စိတ်ပူစွာ ထပ်မှာသည်။

သည်နေ့မှ တွေးဖူးပြီး ကျင်လည်ရာခေတ်၊ အချိန်ကာလပင် မတူသည့် ယောကျ်ားသားနှစ်ဦးကတော့ သွေးသောက် ညီအစ်ကိုများလို ရင်းနှီးချစ်ခင်စွာ အတူထွက်ခဲ့ကြလေသည်။

ပျဉ်ထောင်အိမ် ခြေတံရှည်ကလေးများ၊ တစ်ထပ် သို့မဟုတ် နှစ်ထပ် တိုက်ပုကလေးများနှင့် ခြံဝင်းကလေးများ အစီအရီ ဖြစ်နေသောစမ်းချောင်းကို သားမောင် ပါးစပ်အဟောင်းသား ငေးကြည့်နေမိသည်။

ခြတ်ဆီရောင်းပေးသော ခြံကြီးကလည်း အကျယ်ကြီး။ အထဲမှာလည်း ပျဉ်ထောင်အိမ်ကလေး နှစ်လုံးသာ ရှိသည်။ ဆင်ခြေဖုံး ရပ်ကွက်ကလေးနှင့်ပင် တူနေသေးတော့။ ဆင်ခြေဖုံးဟု ပြောရမှာကလည်း ခပ်လှမ်းလှမ်းတွင် ပြည်လမ်းမကြီးကိုပင် လှမ်းမြင်နေရသည်။

ပြည်လမ်းမကြီး၏ ဟိုဘက်ခြမ်းတွင်လည်း ပုဏ္ဏရိက် စည်းရိုးကလေးများ ကာရံထားသော ခြံဝင်းများကိုသာ မြင်နေရသည်။ ဆိတ်ငြိမ် အေးဆေး လှပါဘိခြင်း။ နေပါဦး။ ဟိုနေရာက မဟာမြိုင် ဆေးရုံပေါ်လာမည့်နေရာ မဟုတ်ဘူးလား။ ကြော်ငြာဆိုင်းဘုတ်ကြီးတွေလည်း တစ်ခုမှ မမြင်ရ။

အပစ်အခတ်၊ အဖမ်းအဆီးများ ကလွဲလျှင် ၁၉၈၈ သည် သားမောင် အတွက်တော့ ၂၀၁၄ ထက်ပင် သာယာအေးချမ်းနေသည်။

'ကိုထွန်းထွန်းဦးတို့ ပခုက္ကူ ပြန်မလို့လား'

'ဟုတ်တယ်၊ ကိုဆွေရေ၊ နက်ဖြန်တက်ကြမလို့'

အိမ်ရှင် ကိုဆွေက ခြတ်ဆီပုံးများထဲ ဆီဖြည့်ပေးရင်းက မေး၍ ကိုထွန်းထွန်းဦးက ဖြေသည်။

'ဟိုမှာရော အခြေအနေကောင်းကြရဲ့လား'

'ကောင်းမယ်ထင်တာပဲဗျာ၊ ဖုန်းတွေကလည်း မရ၊ အော်ပရေတာတွေလည်း အလုပ်မဆင်းကြတော့ဘူး ထင်ပါရဲ့'

သားမောင် ရောင်ရမ်း၍ ပါးစပ်ကို ပိတ်လိုက်ရသည်။ ဟန်းဖုန်းတွေ ဆက်ကြည့်ပါလားဟု ပြောလိုက် မိမှာစိုး၍ ဖြစ်သည်။

'ကဲ ရပြီဗျာ၊ အဆင်ပြေ ချောမွေ့ပါစေ၊ ဟုတ်လား'

'ကျေးဇူးပဲ ကိုဆွေ'



ကိုထွန်းထွန်းဦးက ခြတ်ဆီပုံးကို ကားနောက်ခန်းသို့ လှမ်းတင်ပြီး သားမောင်ကို ကားပေါ်တက်ဖို့ မေးငေါ့ပြသည်။

'မေလေးပါလား၊ လာလေ၊ ဆီလိုလို့လား'

ကားပေါ် အတက်မှာ ကိုဆွေ နှုတ်ဆက်သံကို ကြားရသည်။ 'မေလေး' ဆိုသည့် နာမည်ကို စိတ်ထဲတွင် တော်တော်ရင်းနှီးသလို ဖြစ်နေ၍ လှည့်ကြည့်မိသည်။

ဒူးအောက် စကတ်အရှည် ဝတ်ထားသည့် ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးနှင့် အိမ်အကူဟု ထင်ရသည့် အသက် ၂၀ ခန့်အရွယ် မိန်းကလေးတစ်ဦး ခြံဝင်းထဲ ဝင်လာကြသည်။ အိမ်ဖော်မိန်းကလေးက ဆီပုံးဆွဲလာသည်။

တော်တော်ချောတဲ့ မိန်းကလေးပါလား။

၁၉၈၈ ခုနှစ်မှာ မိန်းကလေးတိုင်းများ လှနေကြသလားမသိ။

'ဟုတ်တယ်၊ ဦးဆွေ၊ နှစ်ဂါလန်လောက်'

'လေးဂါလန်လောက် ယူထားဟ၊ နောက် ရချင်မှရမှာ'

မိန်းကလေးက ရယ်သည်။

'မသယ်နိုင်ဘူး ဦးဆွေရ'

'ညည်း အစ်ကို ခေါ်လာရောပေါ့'

မိန်းကလေးက ပခုံးတွန့်ပြသည်။

'မနက်ကတည်းက ပြန်မလာသေးဘူး၊ မေမေတောင် စိတ်တွေပူလို့'

သူတို့ ကားကလေး နောက်အဆုတ် အထွက်မှာ မိန်းကလေးနှင့် သူ မျက်နှာချင်း ဆုံမိသွားသည်။

အလင်းရောင် စနည်းလာချိန်မို့ ကားထဲက သူ့မျက်နှာကို မိန်းကလေး သဲသဲကွဲကွဲ မြင်မည်မထင်။

ဒါတောင် သူ့မျက်နှာကလေးက တွေဝေဟန် ပေါက်သွားသည်။ တစ်ခုခုကို စဉ်းစားနေသည့် ဟန်မျိုး။

သူ့ကို မြင်ဖူးသည်ဟု ထင်နေတာမျိုးလား။ သူကလည်း ထိုမိန်းကလေးကို မြင်ဖူးသည်ဟု ထင်လာသည်။

မေလေး၊ မေလေး၊ မေ. .

'ကဲ ဒါဆိုလည်း ငါ့တပည့်တွေ လိုက်ပို့ခိုင်းပေးပါ့မယ် 'မ' လေးလုံး ရယ်၊ ကဲ ကဲ၊ ပုံးပေး'

'မ' လေးလုံး။

ဘုရားရေ။

မေမိမိမောင် ဆိုရင် 'မ' လေးလုံးပေါ့။

ဒေါ်လေး . . ဒေါ်လေး ပါလား။

သူတို့ ကားကလေးက ခြံဝင်းထဲက ထွက်လာသည်။

'မမမေ' နာမည်ဖြင့် ထင်ရှားကျော်ကြားသည့် ဆံပင်အလှပညာရှင် ဖြစ်မလာသေးသည့် ဒေါ်လေး ဆယ်ကျော်သက်မလေးကတော့ သူ့ကို တွေဝေစိတ်ရှုပ်ထွေးသည့် အမူအရာနှင့် ငေးမောကြည့်၍ ကျန်ခဲ့သည်။

အစ်ကို မနက်ကတည်းက ပြန်မလာသေးလို့တဲ့။

အဲဒါ ဖေဖေပေါ့။

ဖေဖေက အခု သားမောင် အရွယ်လောက် ဖြစ်နေလိမ့်မည်။ သားမောင်နှင့် ဖေဖေက ရုပ်ချင်း အတော်ဆင်သည်ဟု ပြောကြသည်။ ဒါကြောင့် သူ မြင်ဖူးသည် ထင်နေတာနေမှာပေါ့။

သားမောင် သက်ပြင်းသာ ချမိသည်။

ကားကလေး လမ်းသွယ်ပေါ် ပြန်ရောက်သည်နှင့် ကိုထွန်းထွန်းဦးက နာရီကို ငုံ့ကြည့်၍ ပြောသည်။

'အချိန်နည်းနည်း ရသေးတယ်၊ ညီလေး၊ ဟို ညီမလေးအတွက် ဆေးလေး ဘာလေး ဝယ်ရင်မကောင်းဘူးလား'



သားမောင် မျက်မှောင်ကြုတ်သည်။

'ဆေးဆိုင်တွေ ဖွင့်ပါ့မလား၊ အစ်ကို'

'ဟုတ်သားပဲ၊ ညီလေးနဲ့ သိတဲ့ ဆေးခန်းကလေး ဘာလေး ဒီနား တစ်ဝိုက်မှာ မရှိဘူးလား၊ အကူအညီ တောင်းရအောင်'

၂၀၁၄ ခုနှစ်က ဆရာဝန်ကို ၁၉၈၈ ခုနှစ်မှာ အသိဆေးခန်းမရှိဘူးလားဟု မေးနေသော ကိုထွန်းထွန်းဦး ကို သားမောင် ဘာပြန်ဖြေရမှန်းမသိ။

စမ်းချောင်း။ စမ်းချောင်း။ စမ်းချောင်း။

ဟာ။ ဟုတ်ပြီ။

တီချယ် ရှိတာပေါ့။

သားမောင်၏ တာဝန်ခံ ဆရာဝန်မကြီးမှာ ပထမ လက်ထောက် ဆရာဝန် ဘဝကတည်းက စမ်းချောင်းက ကိုယ်ပိုင် ဆေးခန်းကလေးကို မပြောင်းမလဲ ထိုင်ခဲ့ပြီး ဘယ်တော့မှလည်း အထူးကုဆေးရုံ၊ ဆေးခန်းကို ပြောင်းမထိုင်ခဲ့သလို ဘယ်လိုအခြေအနေပဲ တွေ့တွေ့ လူနာတွေ သံယောဇဉ်ဖြင့် ဆေးခန်းကို ဆက်ဖွင့်သူဖြစ်ကြောင်း သားမောင် မှတ်မိလိုက်သည်။

အသက် ၃၀ ကျော် တီချယ်ကတော့ သားမောင်ကို မှတ်မိစရာ အကြောင်း မရှိ။ သည်လိုပဲ ကြုံဖန်မိတ်ဆက်ရမည်။

'ရှေ့က လမ်းထဲ ချိုးဝင်လိုက် အစ်ကို'

ဆရာဝန်မကြီး ဆေးခန်းရှေ့ရောက်တော့ အလင်းရောင်က သိသိသာသာ နည်းလာပြီ။

ဆေးခန်းကလေးကတော့ သူမှတ်မိနေသည့် ပုံစံအတိုင်းကလေးပါပဲ။ အနှစ် ၃၀ အတွင်းမှာ ဆရာဝန်မကြီး ရာထူးတွေသာ အဆင့်ဆင့် တိုးတက်သွားသည်။ ပကာသန မမက်သော စိတ်ကတော့ ပြောင်းလဲခဲ့ပုံ မပေါ်။

ဝါကြန့်ကြန့် မီးလုံးကလေး ထွန်းပေးထားသည့် ရေနံချေးသုတ်ထားသော သစ်သားခြံတံခါးကလေးကိုဖွင့်၍ သားမောင်နှင့် ကိုထွန်းထွန်းဦးတို့ ဝင်သွားသည်။

ဆေးခန်းထဲမှာ လူနာ ရှင်းနေသည်။

နှစ်ပေမီးချောင်းကလေး ထွန်းထားသော လူနာစောင့်ခန်းထဲက ခုံတွေမှာ လူနာတစ်ယောက်မှ မရှိ။

ဆရာဝန်မကြီး အမြဲတမ်း လူနာများခဲ့သည်ဟု သားမောင် သိထားသည်။ အရေးအခင်းကာလမို့ ရှင်းနေတာသာ ဖြစ်ရမည်။ နေဝင်မီးငြိမ်း အမိန့်ချိန်ကလည်း နီးနေပြီလေ။

'မီးတော့ မှန်သားနော်'

သားမောင် လွှတ်ခနဲ ရေရွတ်မိသည်။

ကိုထွန်းထွန်းဦးက သူ့ကို အူကြောင်ကြောင် လှည့်ကြည့်သည်။ သူ နောင်တရသွားသည်။ ရပ်ကွက်တွေကို မီးအလှည့်ကျဖြတ်သည့် ကိစ္စ ၁၉၈၈ ခုနှစ်က ပေါ်သေးဟန်မတူ။

အတွင်း စမ်းသပ်ခန်းကလေးက ခန်းဆီးကို လှပ်၍ ဆရာဝန်မကြီး ထွက်လာသည်။

သားမောင် ချက်ချင်း မှတ်မိ သွားသည်။

အသက် ၃၀ ကျော်အရွယ် ငယ်ငယ်ကလေး ဖြစ်နေတာက လွဲ၍ တီချယ်က သည်ရုပ်အတိုင်းပါပဲ။

အချိန်ကလည်း သိပ်မရတော့ပြီမို့ သားမောင် ခတ္တာဦး၏ အခြေအနေကို ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း ပြောပြ၍ ဆေးလိုနေကြောင်း ရှင်းပြလိုက်သည်။

ဆရာဝန်မကြီးက အံ့ဩပုံ မပြပါ။ ဒါမျိုးတွေ သည်ရက်ထဲမှာ ကြုံနေကျလားတော့ မသိ။

'မေးခိုင်ဆေးတော့ ထိုးပေးရမှာပေါ့၊ မမမှာ ရှိတယ်၊ ဆရာ့ထိုးပေးမလား၊ ပေးလိုက်မယ်'



'သားမောင်' ခေါ်နေကျ သူက 'ဆရာ' အခေါ်ခံရတော့ တစ်မျိုးကြီး ဖြစ်သွားသည်။ဟုတ်သည်လေ၊ ယခုက သိပ်မှ မကွာတော့ပေပဲကိုး။

'ဟုတ်ကဲ့ပါ တီချယ်'

ပါးစပ်ကယောင်၍ တီချယ်ထွက် ဖြစ်အောင် ထွက်သွားသေးသည်။ ဆရာဝန်မကြီး မျက်နှာ အံ့ဩဟန် မသိမသာ ပေါ်သွားသည်။

'တို့နဲ့ စာသင်ဖူးတာလား၊ ဆေး-၁ ကလား'

သားမောင် ခေါင်းကုတ်သည်။

'ဟုတ်ပါတယ်၊ တီချယ်'

ဆရာဝန်မကြီး မျက်မှောင်ကြုတ်သည်။

'မမြင်ဖူးသလိုပဲ နော်၊ တို့က တပည့်တွေ သိပ်မှတ်မိတာ'

ဒါလည်း ဟုတ်တာပဲ။ အဲသည် အချိန်က ဆေး-၁ မှာ တစ်နှစ်ကျောင်းသူ ကျောင်းသား ၂၀၀ လောက်ပဲ ရှိမည်။ မှတ်မိတော့မပေါ့။

'ကျွန်တော်က တီချယ့်ဝဒ်ကိုတော့ မရောက်ဖူးပါဘူး'

'ဟုတ်လား၊ ဘယ် ဝဒ်ကလဲ'

ရန်ကုန်ဆေးရုံကြီးက ဆေးကုသဆောင် နာမည်တစ်ခု ရမ်းသမ်းရွတ်လိုက်တော့ ဆရာဝန်မကြီးက ရယ်သည်။

'ဆရာ့ဟာက ခွဲစိတ်ဆောင်ကြီး ဥစ္စာ၊ ကဲပါ၊ စိတ်တွေတော်တော်များနေပြီ ထင်ပါရဲ့၊ ထိုင်ထိုင်၊ တို့ 'က လောက်စာစီလင်' တွေလည်း ပေးလိုက်မယ်၊ ဆေးထိုးအပ်လည်း ပေးလိုက်မယ်၊ ပြုတ်ဖို့တော့ ရှိတယ် မဟုတ်လား'

'ဘာပြုတ်ဖို့လည်း တီချယ်'

'ဟဲ့၊ ဆေးထိုးအပ် ပြုတ်ဖို့လေ၊ ဒန်အိုးတို့ ရေတို့ပေါ့'

ကိုထွန်းထွန်းဦးက ဝင်၍

'ရှိပါတယ် ဒေါက်တာ' ဟု ဖြေတော့ ဆရာဝန်မကြီး ခေါင်းညိတ်ပြ၍ အထဲပြန်ဝင်သွားသည်။

ဒုက္ခ။

၂၀၁၄ ခုနှစ်မှာ ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသဆောင်ဖြစ်နေသည့် နံပါတ်က ၁၉၈၈ ခုနှစ်မှာ ခွဲစိတ်ဆောင် ဖြစ်လို့ဖြစ်။ ဆေးထိုးအပ်ကို တစ်ခါသုံးပဲ သုံးဖူးသည့် ဆရာဝန်က ယခုဖန်ဆေးထိုးအပ်ကို ပြုတ်ရပေဦးတော့မည်။

မလွယ်ပါလား။

ဆေးထိုးပေးတော့ ခတ္တာဦး မညည်းရှာပါ။

လက်မောင်းကလေးကို ပွတ်ရင်း တိုးတိုးပြောသည်။

'ကိုသားလည်း နားလေ၊ သိပ်ပင်ပန်းနေရောပေါ့'

သားမောင် နံရံပေါ်က နာရီကို မော့ကြည့်သည်။

ည ၁၀ နာရီ။

ကိုထွန်းထွန်းဦးနှင့် မမွှေးတို့က ဧည့်ခန်းထိုင်ခုံတွေကို ဖယ်၍ ဖျာခင်း၊ ခြင်ထောင် ထောင်နေကြသည်။ သားမောင်ဖို့ပေါ့။

သားမောင် ခတ္တာဦး၏ မျက်နှာလေးကို ပြန်ကြည့်လိုက်သည်။

နွမ်းလျလျ။

သားမောင်ရင်ထဲတွင် ဟာခနဲ ဖြစ်သွားသည်။

ယခု သူ အိပ်လိုက်ပြီးလျှင် အိပ်မက်ရှည်ကြီးမှ နိုးထတော့မည်။ လွတ်မြောက်ရတော့မည်။

လွတ်မြောက်ရတာက ပျော်စရာ ဖြစ်သော်လည်း ခတ္တာဦးက ၁၉၈၈ ခုနှစ်မှာ ကျန်ခဲ့တော့မည်။

ရိုးရိုးကျန်ခဲ့မှာ မဟုတ်။

ကယ်တင်မည့်သူ မရှိတော့သဖြင့် သေနတ်ထိမှန်သည့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးကျန်ခဲ့မှာ ဖြစ်သည်။



ဒါက အမှန်တရား။

အဲသည် အမှန်တရားကို အိပ်ရာနိုးလျှင် သူတွေ့ရတော့မည်။

ယှဲ့ယှဲ့ကလေး ပြုံးပြနေသော ခတ္တာဦး၏ မျက်နှာကလေးမှာ ချွေးစို့နေသည်ကို ပြန်ငေးကြည့်မိသည်။

သည် အမှန်တရားကို ရင်ဆိုင်ဖို့ သူ့ရင်ဘတ်က အဆင်သင့်ဖြစ်ပြီလားဆိုတာ သူ မသေချာလှပါ။

သားမောင် နေရာမှ ထ၍ ဧည့်ခန်းထဲရှိ ခြင်ထောင်ထောင်ထားသော နေရာသို့ လေးကန်သော ခြေလှမ်းများနှင့် လျှောက်လာခဲ့ပါသည်။

၀

## (၆)

**၁၉၈၈**

မော်တော်ကားရှေ့ခန်း ယာဉ်မောင်းသူ၏ ဘေးခုံမှ လိုက်ပါလာရင်း ကားလမ်းဘေး တစ်ဖက်တစ်ချက်ဆီမှာ စိမ်းညို့နေသော ရော်ဘာတောအုပ်ကြီးကို သားမောင် တအံ့တဩ ငေးကြည့်နေမိသည်။

၂၀၁၄ ခုနှစ်က အတိုင်းအတာနှင့်ဆိုရင် မြို့ပြင်တောင် မရောက်သေးဘူးလေ။ ယခုတော့ ဘာအိမ်၊ ဘာကန်ထရိုက် တိုက်ခန်းမှ မမြင်ရတော့။

ပြည်လမ်းမကြီးကတော့ သူသိသော ပြည်လမ်းထက် သိသိသာသာ ပိုကျဉ်းနေသည်။ သို့သော် လမ်းပေါ်မှာ ကားက မရှိသလောက်ဆိုတော့ ဒါလည်း ပြဿနာမရှိ။

ကားလမ်းဘေး တစ်ဖက်တစ်ချက်မှာလည်း အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများ စီတန်းလျက်ရှိသည်။

ဒါတွေအားလုံး ဘယ်အချိန်က ပျောက်ကွယ်သွားခဲ့ကြတာပါလိမ့်။

သချာတာကတော့ တစ်နိုင်ငံလုံးက အမြဲစိမ်း သစ်တောကြီးတွေ ပြောင်တလင်းခါအောင် ခုတ်ပစ်ခဲ့ကြသည့် ပညာမဲ့၊ စေတနာမဲ့ 'ကားပက်



ဘက်ဂါ' ခေါ် ခေတ်ပျက်သူဌေးတို့ အဲသည် အချိန်မှာ 'သူဌေးလား မမြောက်' ကြသေးတာတော့ အမှန်ပင်။

နောက် အနှစ် နှစ်ဆယ်။

တစ်နေ့ကပင် မကြာမီ ရွေးကောက်ပွဲ လုပ်ပေးမည်ဟု ကာကွယ်ရေးဦးစီးချုပ်က ကြေညာသွားခဲ့သော်လည်း ယခုဖြစ်လာမည့် ရွေးကောက်ပွဲ၏ ရလဒ်ကို 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ စနစ် တည်ဆောက်ရန်' ဟူသော အကြောင်းပြချက်နှင့် တပ်မတော် ခေါင်းဆောင်တို့ အနှစ် နှစ်ဆယ်ကြာအောင် လျစ်လျူရှုဦးမှာ သူ ကြိုသိနေသည်။ ခေတ္တ အာဏာကို ထိန်းသိမ်းပေးရာမှ အာဏာကြောင့် ရရှိလာသော အခွင့်အရေးတို့ကို ခေါင်းဆောင်တို့ တိမ်းမူးသာယာရာမှ စိတ်တွေပြောင်းကြဦးမှာလည်း သူသိနေသည်။ ထိုခေါင်းဆောင်တို့ကို ပြည်သူလူထုထဲမှ စိတ်ပြောင်းသွားသော ကိုယ်ကျိုးရှာ လောဘသမားတို့ ဝင်ပေါင်းစည်းရုံး၍ ထိုစဉ်က မည်သူမှ ကြားဖူးဦးမည် မဟုတ်သော ခရိုနီ စီးပွားရေးဈေးကွက်ကြီး ကျယ်ပြန့်လာမှာကိုလည်း သူသိနေသည်။

သမိုင်းမှာသင်ရသော လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေးစနစ်ထက် ပိုဆိုးမည့် အာဏာရှင်စီးပွားရေးစနစ်ဆိုးကြီးပါ။ တစ်တိုင်းပြည်လုံး သယံဇာတတွေ ပြုတ်ပြုတ်ပြုန်းသည့်အပြင် ဂေဟာစနစ်ပါပျက်စီးထိခိုက်၍ နောက်ထပ် အနှစ် ၂၀တိတိအကြာတွင် မြန်မာ့သမိုင်းမှာ မကြားစဖူးသော သဘာဝ ဘေးအန္တရာယ်နာဂစ် မုန်တိုင်းကြီးကြောင့် လူတွေသိန်းချီ သေဆုံးကြ ဦးမှာပါ။

မနှစ်ကပင် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံ စာရင်းဝင် ကြေညာခံထားရသည့် နိုင်ငံ။ စစ်အစိုးရ အုပ်ချုပ်နေသည့် အတွက်ဟုဆိုကာ ကမ္ဘာ့စီးပွားရေး ဆက်ဆံမှုတွင် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံလို့ ရသင့်ရထိုက်သည့် အခွင့်အရေးတွေ ဘာမှ မရသည့်အပြင် စီးပွားရေး ဝိုင်းပိတ်ဆို့ခံရသဖြင့် ဆင်းရဲတွင်း နက်သည်ထက် နက်ဦးမည့် နိုင်ငံ။

သူဌေး လက်သစ်တွေ အချမ်းသာကြီး ချမ်းသာလာပြီး အဆင်းရဲဆုံး ပြည်သူတွေ ပို၍ အတိဒုက္ခရောက်ကြကာ အာဟာရချို့တဲ့သည့် ကလေးငယ်တွေ များလာဦးမှာလည်း သူသိနေသည်။

လက်ရှိတွင်ပင် မိုင်းယန်းဒေသနှင့် မဲသဝေါဒေသတို့တွင် စစ်ပွဲများ အရှိန်အဟုန်နှင့် ဆက်ဖြစ်နေသည်။ တပ်မတော်သားတွေရော၊ ပြည်သူတွေပါ သေကျေပျက်စီးနေကြသည်။ အဲသည်စစ်ပွဲနှစ်ခုကနေ ပေါ်လာမည့် စစ်သူရဲကောင်းနှစ်ဦးသည် သူကျင်လည်ခဲ့ရာ အချိန်ကာလကျရင် အရပ်သားအဖြစ် နိုင်ငံခေါင်းဆောင်တွေ ဖြစ်လာကြဦးမည်ကတော့ အမှန်။ သို့သော် စစ်ပွဲတွေကတော့ ၂၆ နှစ်လုံးလုံး ဆက်ဖြစ်နေဦးမှာ ဖြစ်သည်။ အသက်အိုးအိမ် စည်းစိမ်တွေ ဆက်လက် ဆုံးရှုံးရဦးမှာ အမှန်ဖြစ်သည်။ မိဘမဲ့ကလေးငယ်တွေ များလာမှာလည်း အမှန်ဖြစ်သည်။ မိန်းမပျိုကလေးတို့၏ ကာယိန္ဒြေနှင့်အရှက် သိက္ခာတို့ ထိပါးစော်ကားခံနေကြရဦး မည်ကအမှန်ပင် ဖြစ်သည်။ ယခုတောင် သူအိပ်မက် စမမက်ခင်အထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှာ တိုက်ပွဲတွေ ဖြစ်နေဆဲ။

ဘုရား။ ဘုရား။

သားမောင် ခေါင်းတွေ မူးဝေ နောက်ကျိလာသည်။

ကားအတွင်းဘက်သို့ ငဲ့စောင်းကြည့်မိသည်။

ကားက သားမောင်တစ်ခါမှ မမြင်ဖူးသည့်ကား နောက်ပိုင်းတွင်'၁၈၀၀' ဆိုသည့် စာတန်း ကပ်ထားသော မာဇဒါ အမျိုးအစား ကားကလေးပါ။ လေအေးစက် မရှိသဖြင့် ပြတင်းပေါက်များဖွင့်၍ မောင်းနေရသည်။ မောင်းနေသူက ကိုထွန်းထွန်းဦး။ နောက်ခန်းတွင် ထိုင်နေသော မိန်းမပျိုနှစ်ဦးအနက် မမွေးက ခေါင်းကို လက်ကိုင်ပဝါ ဖြန့်စည်း ထားသော်လည်း ဆရာမကလေး ခတ္တာဦးက ဆံပင်ရှည်ကို ဖားလျားချထားသဖြင့် ပြတင်းပေါက်မှ လေတိုးမှုကြောင့် ဆံနွယ်တို့ တဖျတ်ဖျတ် ယိမ်းခါလျက်ရှိနေသည်။

သည်မိန်းကလေး၏ အသက်ကို သူ မထင်မှတ်ဘဲ ကယ်လိုက်နိုင်သည်လေ။ အကယ်၍သာ သူသည် အိပ်မက်က နိုးမထနိုင်တော့ဘူးဆိုရင် . . . ။

သားမောင် သက်ပြင်းချမိသည်။

မနေ့ည သူအိပ်ရာဝင်စဉ်အချိန်က သူ့အတွက် ၁၉၈၈ ခုနှစ်မှာ ဒါနောက်ဆုံးအချိန်ပဲဟု ထင်ခဲ့မိသည်။ မိမိနှင့်မပတ်သက်ရာ ခေတ်မှာ ကျင်



လည် နေရတာကို စိုးရိမ်ထိတ်လန့် စိတ်နှင့် ၂၀၁၄ ကို ပြန်ချင်တာ အမှန်ပင်ရှိသော်လည်း အိပ်ရာမှ လန့်နိုးသွားချိန်မှာ ခတ္တာဦး သေဆုံးသွားတာ ၂၆ နှစ် ကြာခဲ့ပြီဆိုသည့် အမှန်တရားတစ်ခုကို သူ ရင်ဆိုင်ရမှာ စိုးရိမ်စိတ်နှင့် ရင်တွေ ဗလောင်ဆူခဲ့ရတာလည်း အမှန်။

တကယ်နိုးလာတော့ သူထင်သလိုမဟုတ်ဘဲ ၁၉၈၈ ခုနှစ်က အိပ်မက်ထဲတွင်ပဲ နိုးလာခဲ့သည်။

သည်အိပ်မက်ကိုသာ သူနှစ်နှင့် ချီ၍ ဆက်မက်နေရမည် ဆိုရင်. . .

'လိပ်ပြာအကျိုး သက်ရောက်မှု' ဆိုသည့် သိပ္ပံဝေါဟာရ တစ်ခုကို သူ လေ့လာဖူးသည်။ သေရမည့် လိပ်ပြာ ကလေးတစ်ကောင် ရှင်ခဲ့ရင် သို့မဟုတ် ရှင်ရမည့် လိပ်ပြာကလေး တစ်ကောင် သေခဲ့ရင်တောင်မှ နှစ်ပေါင်းများစွာ ကြာသည့်အခါ ကမ္ဘာ့ သမိုင်းကြောင်းကြီး ပြောင်းသွားတတ်သတဲ့။

သေဆုံးသွားရမည့် ကျောင်းဆရာမကလေးတစ်ယောက် ရှင်သွားတာရယ်၊ နောက်ထပ် ၂၆ နှစ်လုံးလုံး ဘာတွေဆက်ဖြစ်မည်ကို ကြိုသိနေသော ဆရာဝန်ကလေးတစ်ယောက် မိုးပေါ်က ကျလာတာရယ်က မြန်မာ့ သမိုင်းကို ကြီးကြီးကျယ်ကျယ် မပြောင်းလဲစေနိုင်ပဲနေမှာ မဟုတ်။

သူ ဘာတွေဆက်ကြုံရမှာလဲ ဆိုတာ သူသိပြီးသားဟု အပိုင်တွက်၍ မရပါ။

ဖြစ်နိုင်ရင်တော့ သူ ကာကွယ်ရေး ဦးစီးချုပ်ကို သွားတွေ့ချင်ပါသည်။ ထိုပုဂ္ဂိုလ်ကြီး ဦးဆောင်နေသည့် လမ်းကြောင်းသည် အများပြည်သူတွေ အပေါ်မှာရော၊ နောက်ဆုံး တစ်နေ့ သူ့ကိုယ်သူ အပေါ်မှာရော ဘယ်လို အကျိုးဆက်တွေ ဖြစ်လာမှာလဲဆိုတာ ရှင်းပြချင်လှပါသည်။

ယုံပါ့မလား။

သေချာတာကတော့ စကားမဆုံးခင် အဖမ်းခံရပြီး ထိုစဉ်က အလွန်ခေတ်စားလှသော စစ်ကြောမေးမြန်း စခန်းများဆီ ရောက်သွားမှာပဲ ဖြစ်ပါသည်။

ကံတော်တော် ကောင်းပါမှ အသက်နှင့်တကွ အိပ်မက်က လန့်နိုးနိုင်မှာပါ။

တွေးရင်း တွေးရင်းနှင့် မွန်းကျပ် လာပြီး သူ သက်ပြင်းထပ်ချမိပါသည်။

ဒါကို ကိုထွန်းထွန်းဦးက ရိပ်မိ သွားသည်။

'ဘာတွေစိတ်ပူနေလဲ ညီ၊ အိမ်ကို ဆက်သွယ်ချင်လို့လား'

သူ ယဲ့ယဲ့ ပြုံးပြသည်။

'ရပါတယ် အစ်ကို၊ မဖြစ်နိုင်ပါဘူး'

ဒါလည်း အမှန်ပဲ ဖြစ်သည်။

ခတ္တာဦး ဝမ်းဗိုက်ကလေးကို လက်နှင့် မသိမသာဖိရင်းက အားတုံ့အားနာဝင်ပြောသည်။

'ဒါတွေ အားလုံးဟာ ကျွန်မကြောင့် ဖြစ်ရတာပါ၊ အားနာလိုက်တာ ကိုသားရယ်'

သားမောင် ယဲ့ယဲ့ပြုံးသည်။

'မဆိုင်ပါဘူး ခတ္တာရယ်၊ ခတ္တာ ရောက်မလာရင် ဟိုကလေးကို ကျွန်တော်ကိုယ်တိုင် တက်ဆွဲချင် ဆွဲမိမှာပါ၊ အဲဒီအခါကျရင် ကျွန်တော်လည်း ထိချင်ထိသွားနိုင်တာပါပဲ'

'ကိုင်း . . . စပြီဟေ့'

ကိုထွန်းထွန်းဦး၏ မြည်တွန် တောက်တီးသံကြောင့် သူ ကားရှေ့ဘက်သို့ လှည့်ကြည့်မိသည်။

ရှေ့ကားလမ်းပေါ်မှာ စစ်သားတစ်ဖွဲ့ ပိတ်ရပ်ထားသည်။ သံဆူးကြိုးတပ်ထားသော သစ်သားတန်း သုံးမြှောင့်တုံးပုံများကိုလည်း လမ်းမပေါ် ချထားသည်။

စစ်သားတစ်ယောက်က ကားကို လက်ပြရပ်ခိုင်းပြီး ကားပေါ်ကလူတွေအောက်ကိုဆင်းဖို့ လက်ပြသည်။



'မှတ်ပုံတင် စစ်တာဖြစ်မယ်၊ ညီလေးရော၊ ညီမလေးရော အစ်ကိုတို့ ပေးထားတဲ့ မှတ်ပုံတင်တွေ ထုတ်၊ နံပါတ်နဲ့ နာမည်နဲ့လည်း အလွတ်ရပါစေနော်'

သားမောင်က အင်္ကျီအိတ်ကပ်ထဲ ထည့်ထားသည့် ကိုထွန်းထွန်းဦး ပေးထားသော မှတ်ပုံတင်ကတ်ပြားကို ပြန်ထုတ်ကြည့်သည်။ မှတ်ပုံတင်ကတ်ပြားက နိုင်ငံသားစိစစ်ရေးကတ်ပြားဟု ရေးမထားဘဲ အမျိုးသားမှတ်ပုံတင်ဟု ရေးထားသည့် အလွန်ထူးဆန်းသော သုံးခေါက်ချိုး ကတ်ပြားကြီးဖြစ်သည်။ ယင်းကတ်ပြားပေါ်တွင် အယ်လ်အမ်အန်ဒဗလျူ အင်္ဂလိပ်စာလုံးများ အစချီသော ဂဏန်းခြောက်လုံးပါသည်။ အသက် ၁၃နှစ်၊ ၁၄ နှစ်သာ ရှိဦးမည့် ယောကျ်ားတစ်ဦးပါသည်။ မှတ်ပုံတင်ထဲတွင် ရေးထားသည့် မွေးနေ့သက္ကရာဇ်အရဆိုရင်တော့ သူနှင့် အသက်မတိမ်းမယိမ်းသာ ရှိမည်ဖြစ်သော်လည်း ကလေးတုန်းကပုံ ကပ်ထားတာ ဖြစ်သဖြင့် သူ မဟုတ်မှန်းတော့ ဘယ်လိုမှ ခွဲခြား၍ရမည် မဟုတ်။ ခတ္တာ၏ ကတ်ပြားလည်း ပန်းရောင် ဖြစ်နေတာက လွဲလျှင် ထိုနည်းနှင်နှင်ပင် ဖြစ်ပေလိမ့်မည်။

မမေ့ခင် နာမည်ကို တစ်ခေါက် ပြန်ဖတ်သည်။

'မောင်လှမျိုး' တဲ့။

'ကိုမျိုးလို့ ခေါ်ရင် မင်း၊ 'ဖြိုး' လို့ ခေါ်ရင် ခတ္တာနော်၊ အဲဒါလည်း မှတ်ထားကြဦး'

'ဟုတ်'

စောစောက စစ်သားက ကားပေါ်က ချက်ချင်းဆင်းမလာသည့် သူတို့ကို စိတ်ဆိုးဟန်ဖြင့် မောင်းပြန် သေနတ်ကို ခပ်ကြမ်းကြမ်းဝှေ့ယမ်းပြသည်။ ကိုထွန်းထွန်းဦးက လက်ကာပြ၍ ကားပေါ်က စဆင်းသည်။

သူတို့သုံးယောက် လိုက်ဆင်းသည်။ ခတ္တာဦးက ဗိုက်ကဒက်ရာက နာဟန်တူသော်လည်း ဟန်လုပ်၍ မသိသာအောင် လမ်းလျှောက်သွားလိုက်သည်။

ရန်ကုန်မှ ပြည်ရောက်သည်အထိ ကားပေါ်ကဆင်းလျှောက်ရသည့် အကြိမ်ပေါင်း မည်မျှရှိသည်ကို ရေတွက်၍ပင်မနိုင်။ ကားကိုတားပြီး စစ်ဆေးသည့် တပ်မတော်သားတို့၏ မျက်နှာကလည်း တုတ်တစ်ချောင်းလို တင်းမာနေသည်။ အနည်းဆုံး အသက် ၁၈ နှစ်လောက်အထိ အရပ်သား ပြည်သူလူထုကြားထဲမှာနေခဲ့ပြီး အရပ်သား ပြည်သူလူထုမှ ပေါက်ဖွားသွားခဲ့သူများမှ ဟုတ်ပါလေစဟုပင် တွေးမိသည်။

ကိုယ့်ကို မဟုတ်သော်လည်း ကိုယ့်ဘေးမှ အစ်ကိုအရွယ်၊ ဦးလေးအရွယ်၊ အစ်မအရွယ်၊ အဒေါ်အရွယ်တွေကို အော်နေ ငေါက်နေတာကြား၍ပင် မကောင်း။

ဝင်ပြောလိုက်မိ၍ မတော်တဆ များ အဖမ်းခံလိုက်ရလျှင် သို့မဟုတ် သေဆုံးသွားခဲ့ရင် သည်အိပ်မက်ဆိုးကြီးမှ လန့်နိုးပြီး ၂၀၁၄ ခုနှစ်ကို ပြန်ရောက်သွားမှာလား ဆိုတာလည်း ကိုယ့်ဘာသာကိုယ် သိပ်မသေချာချင်တော့။ သူ့အနေအထားက တကယ့်ကို ၁၉၈၈ ခုနှစ်ကို ရောက်သွားသလို ခံစားနေရသည်။

'ဒုတိယကမ္ဘာစစ်တုန်းက ဥရောပမှာ ဂျူးတွေလည်း နာဇီတွေ ခဏခဏ စစ်တာခံရဖူးတယ် ဆိုတော့ တို့လိုလူမျိုး ရှိသေးတာပဲလို့ ဖြေပေါ့ ကွာ'

ကားပေါ် ပြန်တက်ကြရင်း ကိုထွန်းထွန်းဦးက ပြောသည်။ သားမောင်ပခုံးသာတွန့်ပြမိသည်။ ဟိုကလူမျိုး မတူဘူးလေဟူသော စကားကို ပြောဖို့တောင် အားမရှိတော့။

နောင် ၂၆ နှစ်က အဖြစ်အပျက်တွေ အားလုံးကို သိထားသူတစ်ဦး အနေနှင့် ယခု သည်လူတွေစစ်ဆေးနေတာကို သူတို့ဘက်က ခိုင်လုံသော အကြောင်းပြချက်ပင် စဉ်းစားပေး၍ မရ။

ဒါ ပြည်သူတွေပဲလေ။

အရေးအခင်းတုန်းက ဆန္ဒပြသူ တချို့ ဖမ်းဆီးခံရမှာစိုး၍ ဟိုပြေး သည်ပြေး ထွက်ပြေးကြတာ အမှန်။ ဒါကလည်း သူတို့ကြေညာထားသလို



သူတို့က ဒီမိုကရေစီ တည်ဆောက်ပေးမည့် ကြားဖြတ်အဖွဲ့အစည်းသာ မှန်ရင် လိုက်ရှာဖွေ နေရမှာကို မဟုတ်။ ဘယ်လိုမှ အရေးယူမှာ မဟုတ်ဘူးဆိုတာ ယုံအောင် လုပ်ပြရမှာ မဟုတ်ဘူးလား။

မိုင်းယန်းဘက်မှာ ဗကပတွေ ဝင်တိုက်နေတာ အမှန်။ မဲသဝေါမှာ ကေအင်ယူနှင့် တိုက်ပွဲတွေ မပြီးသေးတာအမှန်။ နောက်ပိုင်းမှာ အဲသည်ကို ကျောင်းသားတချို့ ရောက်သွားကြတာအမှန်။ သို့သော် ဟိုမှာလည်း နိုင်နိုင်မာမာ သူပုန်တွေ ဖြစ်လာစရာအကြောင်း မရှိဘူးလေ။ ပါဂျောင်မှာဆို အချင်းချင်း အစိုးရသူလျှို ဆိုပြီးတောင် သတ်ကြဖြတ်ကြဦးမှာ မဟုတ်ဘူးလား။ ဒါတွေအားလုံးဟာ အကြောက်လွန်ရာက ဖြစ်လာကြတာဆိုတာ ဘာမှ သံသယဖြစ်စရာမရှိ။ ယခု တွေ့နေရသည့် ပုံစံကတော့ အကြောက်လွန်အောင် သူတို့ကိုက လုပ်နေသလို ဖြစ်နေသည်။

သူတကယ် စိုးရိမ်နေမိတာက ခတ္တာ။

ကားပေါ်က ဆင်းလျှောက်ရသည့် အကြိမ်များသဖြင့် သူ့ခမျာ ဒဏ်ရာက နာဟန်တူသည်။ အခန့်မသင့်လျှင် သွေးပါစို့လာနိုင်သည်။ ကြာရင် ဟန်ပျက်တော့မည်။ စစ်သားတွေ ရိပ်မိတော့မည်။

ထူးဆန်းတာက တကယ့်အဖြစ်မှန်မှာ မနေ့ကတည်းက ကွယ်လွန်သွားခဲ့ပြီဖြစ်သော မိန်းမပျိုတစ်ဦးကို သည်နေ့အိပ်မက်ထဲမှာ သူက စိတ်ပူပေးနေရတာပဲ ဖြစ်ပါ၏။

'ခတ္တာ ဖြစ်ရဲ့လား'

နောက်ကြည့်မှန်ထဲမှာ ခတ္တာဦး၏ ယှဲ့ယှဲ့မျှသောအပြုံးကို မြင်ရသည်။

'ဖြစ်ပါတယ် ကိုသားရဲ့၊ ကိုသားသာ မျက်နှာကြီး တင်းထားတာလျှော့၊ စစ်သားတွေ ရိပ်မိကုန်ဦးမယ်'

ကိုထွန်းထွန်းဦးနှင့် မမွှေးတို့က ရယ်သည်။

နှစ်ရက်တာ ကာလအတွင်း အခိုင်အမာ ဖြစ်တည်လာခဲ့သည့် သူတို့လေးယောက်၏ ရင်းနှီးမှုနှင့် ရဲဘော်ရဲဘက်စိတ်တို့ကတော့ အံ့ဩလောက်စရာပါပေ။

အောင်လံကို ကျော်တော့ အစစ်အဆေးများ သိသိသာသာ နည်းသွားသည်။ မကွေးတိုင်းအတွင်းမှာ ဆန္ဒပြမှုများ ရှိသော်လည်း တခြားနေရာများလောက် မများဘူးဟုသိလာသည်။ လူဦးရေ သိပ်သည်းမှု နည်းသွား၍လည်း ဖြစ်နိုင်သည်။

မကွေးမှာ ကိုထွန်းထွန်းဦး၏ မိတ်ဆွေအိမ်မှာ ညအိပ်တော့ လမ်းမှာတုန်းကလိုပင် မမွေး၏မောင် ကိုမျိုးနှင့် ညီမ ဖြိုးတို့၏ မှတ်ပုံတင်ကတ်ပြားများကို သုံး၍ ဧည့်စာရင်း တိုင်သည်။

အိမ်ရှင် ကိုပေါက်တို့လင်မယားက သူတို့ကို ညစာကျွေးအပြီးမှာ မကွေးထွက် နှမ်းယိုများနှင့် ရေနွေးကြမ်း ချပေး၍ ဧည့်ခံသဖြင့် အိမ်ရှေ့ခြံဝင်းထဲမှာ ကွပ်ပျစ်တစ်လုံးနှင့် ထိုင်ဖြစ်ကြသည်။ ခတ္တာ၏ အနာကို သူ ဆေးထည့်ပေးပြီး ကတည်းက ခတ္တာ အတွင်းခန်းထဲ ဝင်အိပ်သွားသဖြင့် မမွေးနှင့် ကိုပေါက်၏ဇနီးက ခတ္တာနှင့်အတူ ဝင်သွားကြသည်။

'မနက် ဇက်ကူးပြီးရင် ဟိုဘက် ပခုက္ကူက မဝေးတော့ဘူး၊ ဒါပေမဲ့ ကိုထွန်းထွန်းဦးတို့ ဗဟင်းအထိ ဆက်သွားကြရင် ကောင်းမယ်ထင်တယ်'

ကိုပေါက်က ရေနွေးကြမ်းသောက်ရင်း ပြောတော့ ကိုထွန်းထွန်းဦးက မျက်ခုံးပင့်ကြည့်သည်။

'ဘာလို့လဲ ကိုပေါက်'

'မမွေး မိဘတွေက ပခုက္ကူမှာ ရှိတယ်၊ ကိုမျိုးနဲ့ ဖြိုးက ဗဟင်းက ယာတဲမှာ သွားနေနေကြသတဲ့'

ကိုပေါက်က စကားရပ်၍ သားမောင်ဘက်သို့ တစ်ချက် လှမ်းကြည့်ရင်း ပြုံးသည်။

'ကိုမျိုးနဲ့ ဖြိုး အစစ်ကို ပြောတာနော်'

သားမောင် နေရခက်သွားသည်။ ကိုထွန်းထွန်းဦးက မထူးဆန်းသလို ပြုံး၍ ပြန်မေးသည်။



'ဒါဆိုလည်း ပခုက္ကူနေတာ ဘာပြဿနာရှိလို့လဲဗျာ'

ကိုပေါက်က ခေါင်းကို ဖြည်းညင်းစွာခါသည်။

'ခင်ဗျား လှမောင်ကို မှတ်မိလား၊ အရက်သမား လှမောင်လေ'

'မှတ်မိတယ်၊ သူနာပြုဆရာမကလေး အိပ်ခန်းကို မူးပြီးအတင်းဝင်လို့ ထောင်ကျသွားတဲ့ကောင် မဟုတ်လား'

ကိုပေါက်က ရယ်သည်။

'မကျပါဘူးဗျာ၊ လွတ်သွားပါတယ်၊ အဲဒီကောင်က အရေးအခင်း အစတုန်းကတော့ 'ဒေါင်းနီ' တွေ ဘာတွေလုပ်သေးတယ်၊ နောက်ပိုင်းတော့ စစ်တပ်နဲ့ ပေါင်းနေပြန်ရော၊ ခင်ဗျားတို့ ရပ်ကွက်ထဲမှာ အခု ဒီကောင်က စစ်တပ်ကိုယ်စားလှယ်လို ဖြစ်နေတယ်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးတောင်ဖြစ်မယ် ကြားနေတယ်၊ ခင်ဗျား ဒီကညီလေးနဲ့ ညီမလေးကို ဧည့်စာရင်းတိုင်ရင် ဒီကောင့်ဆီ တိုင်ရမှာ၊ သူက မမွေးမောင် ကိုမျိုးနဲ့ မမွေးညီမ ဖြိုး ဘယ်သူဆိုတာလည်း သိနေတယ်၊ စိတ်ဓာတ်ကလည်း မကောင်း၊ အန္တရာယ်များတယ်ဗျာ၊ ဗဟင်းက ဘာပဲဖြစ်ဖြစ် ရွာကလေးပဲ ဆိုတော့ ခင်ဗျားတို့ အဲဒီအထိ ခဏ သွားရှောင်နေပြီး အခြေအနေစောင့်ကြည့်တာ ကောင်းမယ်ထင်တယ်'

ကိုထွန်းထွန်းဦး ခဏမျှ တိတ်ဆိတ်သွားပြီးမှ သက်ပြင်းချသည်။

'အေးဗျာ၊ အဲဒီနည်းပဲ ရှိတော့တာပဲ'

သားမောင် အိမ်ရှေ့အမှောင်ထုထဲသို့ တိတ်ဆိတ်စွာ ငေးမောကြည့်နေမိပါသည်။

○

## (၇)

**၁၉၈၈**

သူ ရူးများနေတာလား။

ဒါမှမဟုတ် ကွယ်လွန်သွားခဲ့ပြီး ဘဝအသစ်မှာ လူဖြစ်နေတာလား။ ဒါ ဆိုရင်လည်း ကာလနောက်ပြန်တော့ လူပြန်ဖြစ်စရာအကြောင်း မရှိဘူးထင်သည်။ ထင်ရုံသာ ထင်ရဲသည်။ မသေချာလှ။ 'အပြိုင် စကြဝဠာ' အယူအဆတွေကို ဖတ်ဖူး လေ့လာထားဖူးသူ တစ်ယောက် အနေနှင့် လွန်လေပြီးသောကာလတို့သည် အနန္တစကြဝဠာ တစ်နေရာရာ၌ ဖြစ်တည်နေဆဲ မဟုတ်ဘူးဟုတော့ ကံသေကံမ မပြောရဲပါ။

ဒါမှမဟုတ် သူသည် တကယ်ပဲ ၁၉၈၈ ခုနှစ်က လူသားတစ်ဦး ဖြစ်နေပြီး ၂၀၁၄ ခုနှစ်ကို သူရောက်ဖူး သည်ဟု ဒီဂျားဗူးခေါ် စိတ်မှတ်လွဲခြင်းကြောင့် ထင်မြင်နေမိတာလား။

တွေးရင်းနှင့် သားမောင် ခေါင်းတွေ မူးဝေလာသည်။

သေချာသည်ဆိုတာ ဘာမှမရှိတော့သလို ဖြစ်လာသည်။

အနောက်ဘက်မှာ လှမ်းမြင်နေရသော ပုံတောင် တောင်တန်းကြီးက စိမ်းညို့၍ လှပနေသည်။ နောက်ခံ ကောင်းကင်ကလည်း ပြာလဲ့၍ ကြည်



လင်နေသည်။ တောင်တန်းရှေ့က လယ်ကွင်းပြင်တွေ ကလည်း ရိတ်သိမ်းထားပြီးစ စပါးငုတ်တိုတို့နှင့် လှပနေသည်။

ဗဟင်းကို သူ မရောက်ဖူးသော်လည်း ဗဟင်း၏ ကပ်လျက် ပုလဲအထိ ဆေးကျောင်းသားဘဝက သူရောက်ဖူးသည်။

သည်လိုမှ မလှချေပဲ။

တောင်ကုန်းတို့က တောင်ဂတုံး။ အဲဒါ အခုမြင်နေရသည့် ပုံတောင်၊ တောင်ကြောကြီးပေ့ါ။

ရေနံကြောတွေကလည်း ခန်းခြောက်ကုန်ပြီ။ သစ်တောကြိုးဝိုင်းကလည်း ဘာလို့ဝိုင်းထားသေးမှန်းကို မသိ။ သစ်ပင်မှန်သမျှ မျိုးတုံးနေပြီ။

ပုံတောင်လို အညာခေါင်ခေါင် ဒေသမပြောနှင့် ပန်းမြို့တော်ဟု နှစ်ပေါင်းရာနှင့်ချီ ကျော်စောခဲ့သော မေမြို့ခေါ် ပြင်ဦးလွင်မှာပင် ရာသီဥတုတွေက ဖောက်ပြန်နေပြီ။ သစ်ပင်တွေ ပြုန်းနေပြီ။ သည်ကြားထဲ မြေဆီမြေနှစ် စုပ်ယူတာ မြန်သော ယူကလစ် စီမံကိန်းကြောင့် ပိုဆိုးသွားသည်တောင် ကြားမိသေး။

ယခု သူ့မျက်စိရှေ့မှာရှိနေသော လွန်ခဲ့သည့် ၂၆ နှစ်က ဗဟင်းက ယခုပြင်ဦးလွင်ထက်ပင် စိုပြည် စိမ်းလန်းနေသယောင်။

ရာသီဥတုကလေးကလည်း စိမ့် နေအောင် ချမ်းသည်။

အေးမြသော နှလုံးသားပိုင်ရှင် မိသားစုကလေးနှင့်အတူ နေနေရ၍လည်း ဖြစ်မည်ထင်သည်။

ကိုထွန်းထွန်းဦးနှင့် မမွေးတို့ လင်မယားကိုကြည့်ပြီး စိတ်ထားကလေးတွေ ဖြူစင် ငြိမ်းချမ်းလိုက်ကြတာဟု လေးစားချစ်ခင်ခဲ့မိသော သူနှင့် ခတ္တာဦးတို့နှစ်ယောက် ဗဟင်းရွာရှိ ယာတောထဲက အိမ်ကိုရောက်ပြီး မမွေး၏ မောင် ကိုမျိုးနှင့် မဖြိုးတို့ကိုပါ ဆုံရသောအခါ ပို၍ပင် အားရှိလာသည်။

ဘယ်မိုးပေါ်က ကျလာမှန်း မသိသော ဆရာဝန်ကလေး တစ်ယောက်နှင့် မိဘဆွေမျိုး လိပ်စာပင် အတိအကျ မသိသော ကျောင်းဆရာမကလေး တစ်ယောက်ကို အခန့်မသင့်လျှင် သူတို့ကိုယ်တိုင် အရေးယူခံရနိုင်သည်

ဆိုတာကို သိလျက်နှင့်ပင် ဆွေရင်းမျိုးရင်းတွေလို နွေးထွေးစွာ စောင့်ရှောက်လိုက်ကြတာ။

ယခုတော့ ခတ္တာဦး၏ ဒဏ်ရာပင် အနာကျက်နေပြီ။

ခတ္တာဦးအကြောင်းကို စဉ်းစားမိတော့ သူ့ရင်က နွေးထွေးစွာခုန်သည်။

တစ်စုံတစ်ခုမှားနေပြီ ဆိုတာကို သိလျက်ကပင် ၂၀၁၄ ခုနှစ်သို့ မပြန်ချင်လောက်အောင် ဖြစ်စေသည့် မိန်းကလေး။

တွေ့ပြီး မကြာခင်မှာပင် သည်လို ညီမလေးတစ်ယောက် အပိုင်လိုချင်လိုက်တာ. . ဟု တိတ်တခိုး ရေရွတ်မိရသည်အထိ ချစ်ခင်မြတ်နိုးရပါသော မိန်းကလေး။

ယခု တစ်မိုးအောက်တည်းမှာ မောင်နှမရင်းချာတွေလို တစ်လကျော်ကျော် အတူနေခွင့်ရခဲ့သည့် အခါကျတော့ ညီမလေး တစ်ယောက်လိုအပိုင်ရထားပြီးတာတောင်မှ ဆုံမိတိုင်း ရင်ခုန်၍ ခြေဖျားလက်ဖျားတို့ အေးစက်စက်ဖြစ်ရလောက်အောင် မချင့်မရဲ ခံစားချက်ကို ပေးစွမ်းနိုင်သည့် မိန်းကလေး။

တကယ်တော့ အဲသည် မိန်းကလေးက သည်အိပ်မက်ကမ္ဘာ သူနိုးထခွင့်ရဦးမည်ဆိုရင် လွန်ခဲ့သည့် ၂၆ နှစ် ကတည်းက ကွယ်လွန်ခဲ့ပြီးသူတစ်ဦးဖြစ်သွားတော့မည် ဆိုတာလည်း သူသိနေပြန်သည်။

ခက်လှပါလားကွယ်။

ကန်သင်းပေါင်ပေါ်မှာ ဆောက်ထားသော ဝါးကွပ်ပျစ်ကလေးပေါ်မှာ ထိုင်၍ တွေဝေငေးမောနေရင်းက ညာဘက်လမ်းဆီက ခြေသံသဲ့သဲ့ကို ကြားရ၍ သားမောင် လှည့်ကြည့်မိသည်။

နွေးထွေးလှပလွန်းသော အပြုံးပိုင်ရှင်ကလေး။

ချည်သားရင်ဖုံးအကျီ၊ ချည်သား ထဘီကလေးပေါ်မှာ အနွေးထည်ဆွယ်တာကလေး ထပ်ဝတ်၍ ရေချိုး ပြီးခါစဟန် မခြောက်သွေ့တတ်သေးသော သနပ်ခါးပါးကွက်ဝိုင်းကလေးနှင့် ချစ်စရာ ကောင်းချင်တိုင်း ကောင်းနေတော့သည်။



ရှည်လျားသော ဆံနွယ်တို့ကိုတော့ ခါတိုင်းလို ဖားလျားမချဘဲ လက်ကိုင်ပဝါကလေးနှင့် သိမ်းချည်၍ ညာပခုံးရှေ့သို့ တစ်ဖက်သတ် ချထားသည်။

ဒါကိုက ပိုလှနေစေတာပါပဲလေ။

'သက်ပြင်း ခဏခဏ ချတာပဲ အမြဲတွေ့နေတာပဲနော်၊ ကိုသားရည်းစား ကျန်ခဲ့တာတော့ သေချာနေပါပြီ'

သားမောင် ဖွဖွပြုံး၍ ကွပ်ပျစ် တစ်ဖက်ကို ပြတော့ ခတ္တာဦးက ဝင်ထိုင်သည်။

'ဒီအရွယ်အထိ ရည်းစားမထား ဖူးဘူးလို့ပြောရင် ကြွားရာကျမှာလား၊ ရှက်စရာလားတော့ မသိဘူး၊ ဒါပေမဲ့ အဲဒါအမှန်ပါပဲ'

ခတ္တာဦးက တိုးတိုးရယ်သည်။

'ဒီလောက် လူပျိုဆရာဝန် ချောချောလေးကို ဘယ်သူမှ မကြိုက်ဘူးဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ'

သားမောင် ပြုံးမိသည်။

မှန်ပါသည်။

၁၉၈၈ ခုနှစ် ဝန်းကျင်လောက် တုန်းကတော့ ဆရာဝန် လူပျိုတွေ တော်တော်ရေပန်းစားခဲ့ဖူးသည်ဟု သူလည်း ကြားဖူးပါသည်။

'တို့က ခွတီးခွကျ လူပျို. . ခတ္တာရဲ့၊ ရည်းစားရဖို့ မပြောနဲ့၊ အပေါင်းအသင်းတောင် သိပ်မရှိဘူး'

ခတ္တာဦးကရယ်ပြီး လက်ချောင်းလေးတွေ ချိုး၍ ရေတွက်ပြသည်။

'အခု ဒီအိမ်မှာနေတာ လူခြောက်ယောက်၊ ဘယ်သူကမှတော့လည်း ကိုသားကို ခွကျတယ်လို့ မမြင်မိပါဘူး'

ဟုတ်ပ။

သည် အသက်အရွယ် မတိမ်းမယိမ်း လူငယ်လူရွယ် ခြောက်ယောက်ကို သူ တစ်ခါမှ မဆုံဖူးသေးသော ဆွေမျိုးရင်းချာတွေလို စိတ်ထဲမှာ ခံစားရမိသည်။ နွေးနွေးထွေးထွေး ရှိလှသည်။ သည်လူတွေကြားထဲမှာ နေရတာ

သူ့စိတ်ထဲမှာ ဘာမှကျပ်တည်း မနေ။ စိတ်ပေါ့ပါး လွတ်လပ်လှသည်။ ၂၀၁၄ က လူတွေကြားထဲမှာ သူဖြစ်နေခဲ့သလို ခွတီးခွကျပုံ ပေါက်နေမှာ မဟုတ်။

ဘာကွာသလဲဟု စဉ်းစားကြည့်တော့လည်း ကွာတာတွေက အများကြီး။

အဓိက အကျဆုံး ကွာတာကတော့ လောဘနည်းကြတာပဲ ဖြစ်မည် ထင်သည်။ သူတို့အားလုံး တူတာက သူတို့ဆန္ဒ၊ သူတို့လုပ်ချင်တာ၊ မလုပ်ချင်တာ၊ ဖြစ်ချင်တာ၊ မဖြစ်ချင်တာတွေကို ဘယ်တော့မှ ရှေ့တန်းတင်ပြီး ပြောလေ့မရှိ။

၂၀၁၄ ခုနှစ်မှာရှိသည့် သူကြုံခဲ့သော လူငယ်အများစုကတော့ 'The world is spinning around me' ခေါ် 'ကမ္ဘာကြီးက ငါ့ကို ဗဟိုပြု၍ လှည့်ပတ်သွားရမည်' ဆိုသည့်သူတွေချည်းသာ။ အဲဒါကို ဆေးပညာမှာ တော့ egocentric ဟု သုံးနှုန်းပြီး အရပ်အခေါ်မှာတော့ self- centred ဟု သုံးနှုန်းသည်။ အသက် သုံးနှစ်သားအရွယ် ကလေးတွေ၏ စိတ်နေသဘောထား မျိုးပေါ့။

၂၆ နှစ်အတွင်းမှာ လူတွေ အများစုကို အဲသည်စိတ်မျိုးတွေ ဝင်ကုန်အောင် ဘယ်သူတွေက ဘယ်လိုနည်းနဲ့ ပြုပြင်ပြောင်းလဲခဲ့ကြပါသနည်း ဆိုတာကို သူ စဉ်းစားကြည့်နေတာ ကြာလေပြီ။

'ကဲ ထားပါတော့၊ ရည်းစားမလွမ်းရင် ဘာဖြစ်လို့ သက်ပြင်းက ခဏခဏ ချနေရတာလဲ'

သားမောင် ခဏတွေ့ဆိုင်း စဉ်းစားနေပြီးမှ ဖြေသည်။

'ညီမလေးတစ်ယောက်ကို လွမ်းနေတာ ခင္တာရဲ့'

ခင္တာဦး မျက်ခုံးကလေးများ ပင့်တက်သွားသည်။

'အလိုရှင်၊ အရင်က ညီမရှိတယ်လို့ မကြားဖူးပါလား'

'အခုမှ ရှိသွားတာကိုး'

'ဘယ်လို'

သားမောင်က ခင္တာဦးကို မေး ထိုးပြသည်။



'ဒီ ညီမလေးလေ၊ မိုးပေါ်က ကျလာတာ'

ခင္တာဦး မျက်နှာကလေး ရှက်သွေးစို့သွားသည်။ ခေါင်းကလေး ငုံ့သွားသည်။ ခဏနေမှ ခေါင်းကလေး ဆတ်ခနဲ မော့ကြည့်၍ ရွှင်လန်းစွာ ရယ်သည်။

'ဒီညီမက ဒီအစ်ကိုနားမှာ တစ်နေ့လုံး ရှိနေတာပဲ၊ ဘာဖြစ်လို့ လွမ်းရမှာလဲ'

သားမောင် လေးတွဲ့စွာ ခေါင်းခါပြသည်။

'ခင္တာက နေကောင်းနေပြီ၊ လမ်းတွေကလည်း ပွင့်လာပြီ၊ မိဘတွေကလည်း စိတ်ပူတော့မယ်၊ ဒီတော့ မကြာခင် ရှမ်းပြည်ပြန်တော့မှာပေါ့၊ အဲဒါကို ကြိုတွေးပြီးလွမ်းတာ'

ခင္တာဦးမျက်နှာကလေး ညှိုးပြီး ငုံ့သွားသည်။

ခဏနေမှ တိုးတိုးပြောသည်။

'ကိုမျိုးကတော့ မြို့ပြင်ဘက်ကို သွားရင်းကြားခဲ့တယ်တဲ့၊ နိုင်ငံခြားသတင်းစာ တစ်စောင်မှာ ခင္တာအပစ်ခံရပြီး လဲကျနေတဲ့ပုံ ပါလာသတဲ့၊ ခင္တာဦး၊ ကျောင်းဆရာမလို့လည်း သေသေချာချာပါသတဲ့၊ သေသွားတယ်လို့လည်း ရေးထားသတဲ့၊ နိုင်ငံခြား သတင်းစာဆရာတွေတောင် အဲဒီပုံကို ကိုင်ပြီး စစ်ထောက်လှမ်းရေးက တာဝန်ရှိသူတွေကို စက်တင်ဘာလ ၁၉ ရက်နေ့ တစ်ရက်တည်း အပစ်ခံရလို့ သေသွားတဲ့သူ ဘယ်နှယောက် ရှိသလဲ၊ ဘယ်လို သင်္ဂြိုဟ်ခဲ့သလဲ၊ မိဘဆွေမျိုးတွေဆီ ဘယ်လို အကြောင်းကြားခဲ့သလဲနဲ့ သွားမေးလို့ ဟိုကစိတ်ဆိုးကြတယ်ပြောတယ်၊ ပုံစံ ကြည့်ရတာတော့ ခင္တာ ပုန်းနေရဦးမယ့်ပုံပဲ'

သားမောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဲဒါ သူမြင်ခဲ့ရသည့် ပုံပဲပေါ့။

တကယ်တော့ ခင္တာဦး သေဆုံးသွားပြီဆိုသည့် အထောက်အထား အဲသည် ပုံတစ်ပုံတည်း ရှိနေခဲ့တာရော မဖြစ်နိုင်ဘူးလား။ အဲသည်နေ့က သေဆုံးသူအများစုကို သေသေချာချာ မစိစစ်ခဲ့ရဘဲ သိမ်းကျုံးသင်္ဂြိုဟ်ခဲ့ရသည်

ဟု ကြားဖူးသည်။ တကယ့် အပြင်မှာရော၊ သည်အိပ်မက်ထဲကလိုပင် ခတ္တာဦး မသေဘဲ လွတ်မြောက်သွားတာ မဖြစ်နိုင်ဘူးလား။

မဖြစ်နိုင်စရာ အကြောင်းတော့ ရှိသည်။

တကယ့်အပြင်မှာ ခတ္တာဦးကို အချိန်မီ ကယ်တင်လိုက်မည့် သားမောင်ဆိုသည့် ဆရာဝန်ကလေး မမွေးဖွားသေးပါ။

'သူများပဲ မေးနေ၊ ကိုသားကရော မသွားသေးဘူးလား'

သူ ဖြေရခက်စွာ ရယ်သည်။

'တို့က သွားစရာ နေရာကို မရှိတာ ခတ္တာရဲ့'

ခတ္တာဦးက ကျေနပ်သယောင်ယောင် ပြုံးပြီးမှ နှုတ်ခမ်းပြန်စူသည်။

'ကိုသားဟာလေ၊ သိပ်လျှို့ဝှက်တာပဲ၊ ကိုသားအကြောင်းဆို ခတ္တာတို့ ဘာမှမသိရဘူး၊ တွေ့ခါစက မေးတာလည်း ခုထက်ထိ မဖြေသေးဘူး'

'ဘာကိုလဲ'

'ခတ္တာကို ခတ္တာဦးပါလို့ ဘယ်လိုလုပ်ပြီး သိနေသလဲ ဆိုတာလေ'

သူ နှုတ်ဆွံ့သွားပြန်သည်။

'စောစောကပြောတဲ့ သတင်းစာထဲက ပုံကို အင်တာနက်မှာ တွေ့ဖူးထားလို့ပါ'

အဲသလို ဖြေရမှာတဲ့လား။

အမှန်တရားသည် တစ်ခါတစ်ရံ အလွန်ဖြေရခက် နေတတ်ပြန်လေသည်။

သူ မျက်နှာအထားရ ခက်စွာ ရယ်သည်။

'ခတ္တာက အပျိုချောချော ကလေးပဲ၊ လူပျို ဆရာဝန်ကလေးတစ်ယောက် ခတ္တာမသိအောင် ခတ္တာအကြောင်း လိုက်စုံစမ်းထားတာမျိုး ရှိလိမ့်မယ်လို့ တစ်ခါမှ မတွေးမိဖူးလား'

ခတ္တာဦးမျက်နှာကလေး နီမြန်းသွား၍ သူ့ပခုံးကို အရှက်သည်းစွာ လက်သီးဆုပ် ကလေးများနှင့် ထုသည်။



'ဟယ်၊ ကြည့်စမ်း၊ ကြည့်စမ်း၊ ဒါ အစ်ကိုက ညီမကို ပြောရမယ့်စကားတဲ့လား'

သားမောင်က ခတ္တာဦး၏ လက်များကို မနာအောင် ဖွဖွဖမ်းဆုပ်ကိုင်ရင်းက ကြည်နူးစွာရယ်သည်။

'ဘာတွေဖြစ်နေကြတာလဲ၊ ဖြိုးကို ပြောပြဦးလေ'

နောက်က ဖြိုး၏ အသံတွေလာမှ နှစ်ယောက်သား ရှက်ကိုးရှက်ကန်းနှင့် လက်ကို လွှတ်လိုက်ရသည်။

သားမောင် ဖြိုးကိုလှည့်ကြည့်သည်။

ကိုလှမျိုးက သားမောင်ထက် အနည်းငယ်ကြီး၍ အငယ်ဆုံးညီမ ဖြိုးက သားမောင်နှင့် ရွယ်တူလောက် ဖြစ်သည်။

မျက်နှာ အေးချမ်း၍ ဖော်ရွေသည်။

ထူးခြားတာကတော့ ဖြိုးကို စတွေ့ကတည်းက သားမောင် တစ်နေရာရာမှာ ဆုံခဲ့ဖူးသည်ဟု ထင်နေမိခြင်းပင် ဖြစ်သည်။ ဘယ်မှာဆုံခဲ့ဖူးသလဲ ဆိုတာလည်း စဉ်းစား၍မရ။ ဖြိုးကလည်း သူ့ကို သိဟန်မတူပါ။

'ကိုသား ခတ္တာကို စနေလို့ ဖြိုးရဲ့'

ခတ္တာဦးက အရှက်မပြေသေးသော မျက်နှာနှင့် ဖြေသည်။ ဖြိုးက ရယ်၍ ခတ္တာဦးဘေးမှာ ဝင်ထိုင်သည်။

'ဒီလိုပဲ ပျော်ပျော်သာနေကြ၊ ကြာဦးမယ့်ပုံပဲ'

သားမောင် မျက်လုံးပြူးသွားသည်။

'ဘာကြာမှာလဲ ဖြိုး'

ဖြိုးက ပခုံးတွန့်ပြသည်။

'ကိုသားတို့၊ ခတ္တာတို့ ဒီတောမှာပဲ ခဏပုန်းနေရဦးမယ့်ပုံပဲလို့ ပြောတာ၊ နိုင်ငံရေးက မငြိမ်လှဘူး၊ အဖမ်းအဆီး အစစ်အဆေးတွေလည်း များတုန်းပဲတဲ့၊ တောခိုသွားတဲ့ ကျောင်းသားတွေလည်း တောထဲမှာ အဆင်မပြေလှဘူးတဲ့၊ လိုအပ်လို့ရှိရင် ဟိုတောင်တန်းပေါ်က တဲတိုက်တွေဆီတောင် သွားပုန်းချင် ပုန်းကြရဦးမှာ'

ခတ္တာဦး မျက်လုံးကလေး ဝိုင်းသွားသည်။

'တဲတိုက်ဆိုတာ ဘာလဲဖြိုး'

'တဲတိုက်ဆိုတာ တဲစုကလေးတွေပေါ့။ ဟိုတောင်ထိပ်မှာ တဲသုံးလေးခု၊ ဒီတောင်ထိပ် သုံးလေးခုဆိုတော့ ရွာမခေါ်ဘူးလေ၊ ဖြိုးတို့ အသိတွေ ရှိပါတယ်၊ အဲဒီမှာတော့ ဘယ်သူမှလည်း လာမစစ်ဘူး၊ အဲဒီ တောင်ကလည်း တစ်နေကုန်တက်ရမှာ'

သားမောင် ရုတ်တရက် စိတ်ဝင်စားသွားသည်။

'ဘာတိုင်းရင်းသားတွေ နေတာလဲ ဖြိုး'

'မြန်မာတွေပါပဲ၊ သစ်တောကြိုးဝိုင်းထဲမှာ ကျူးကျော်တဲတွေ ထိုးနေတာပေါ့။ ရေနံလက်တွင်း ကလေးတွေ ရှိတယ်လေ၊ နယ်စပ်နဲ့လည်း အဝေးကြီးဆိုတော့ ထောက်လှမ်းရေးက စိတ်မဝင်စားလောက်ဘူး'

ခတ္တာဦးက ဝင်မေးပြန်သည်။

'နို့ နိုင်ငံရေးပါတီတွေတောင် ပေးဖွဲ့နေပြီဆို ဖြိုးရဲ့'

ဖြိုးက ခြောက်ကပ်ကပ် ရယ်သည်။

'ကတိပေးထားတော့လည်း ပေးဖွဲ့ရတာပေါ့ ခတ္တာရယ်၊ လက်တွေ့ကျတော့ တကယ့် အတိုက်အခံအစစ်က အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဆိုပြီး ဦးကျော်ဇ သူရဦးတင်ဦးနဲ့ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ဖွဲ့တာ အင်အားအကြီးဆုံးပေါ့။ ပီစီ ပီစီ ကလေးတွေကတော့ ရာကျော်နေရော၊ မ. ဆ. လ ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီဆို ဖွဲ့တယ်၊ စစ်တပ်နဲ့ ဒီချုပ်ကတော့ ပြေလည်ပုံ မပေါ်ဘူး၊ အခုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြည်မှာ ရောက်နေသတဲ့၊ အစိုးရဘက်ကလည်း အနီးကပ်လိုက်ပြီး စစ်ဆေးတာတွေ တားဆီးတာတွေ ရှိတယ်၊ အခု ပခုက္ကူဘက် တက်လာမယ်ကြားတယ်၊ ထောက်လှမ်းရေးတွေ အများကြီးပါလာမှာ သေချာတယ်၊ ဒါကြောင့် ခတ္တာတို့ကို ရှောင်နေခိုင်းရ ကောင်းမလား တွေးတာ'

ခတ္တာဦး မျက်နှာကလေး ဝင်းပသွားသည်။

'ခတ္တာကတော့ အဲသလို မထင်ဘူး'



'ဘယ်လိုထင်တာလဲ'

'ခတ္တာ ပခုက္ကူကို သွားကြည့်ချင်တယ်'

သည်တစ်ခါတော့ ဖြိုးသာမက သားမောင်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ကြံကြံဖန်ဖန် ခတ္တာရယ်'

'လုပ်ပါ ဖြိုးရယ်၊ ဩဂုတ်လ ၂၆ ရက်နေ့က ဒေါ်ဆောင်ဆန်းစုကြည် ရွှေတိဂုံ အနောက်မုခ်မှာ ပထမဦးဆုံး တရားပွဲလုပ်တော့ ခတ္တာ သွားကြည့်ခဲ့တယ်၊ ခတ္တာ သိပ်သဘောကျတာပဲ၊ ခတ္တာတို့ မမီလိုက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မိခင်ပုံစံနဲ့ ပြန်ရောက်လာသလိုပဲ ခံစားရတယ်၊ သူ့ကို ခတ္တာ သိပ်အနီးကပ်မြင်ဖူးချင်တယ်၊ ခတ္တာလို လူတွေလည်း အများကြီးလာမှာပဲ၊ တကယ်လို့ လူပင်လယ်ကြီး ဖြစ်နေရင် ခတ္တာကို ဘယ်ထောက်လှမ်းရေးက မြင်နိုင်မှာတဲ့လဲ၊ သွားပါရစေ ဖြိုးရယ်'

ဖြိုး ကြက်သေသေနေရာက သားမောင်ကို ဖြည်းဖြည်း လှည့်ကြည့်သည်။

သားမောင် ပခုံးသာ တွန့်ပြမိသည်။ တကယ်တော့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့ နောက်ပိုင်း ခတ္တာဦးကို ဘယ်သူမှ မမြင်တော့တာ သူသေသေချာချာ သိနေခဲ့တာပဲလေ။

○

## (၈)

**၁၉၈၈**

ဘုရား. . ဘုရား. . .

ဧရာမလူအုပ်ကြီးကို ကြည့်ရင်း သားမောင် ဘုရားတမိသည်။ ပခုက္ကူဆိုတာ မြို့သေးသေးလေးပါ။ အဓိကအားဖြင့် ဘုန်းကြီးကျောင်းတွေပဲ ရှိသည့်နေရာ မဟုတ်ဘူးလား။ အခုတော့ လူအုပ်ကြီးက ဟည်းထနေသည်။ သည်လူတွေ ဘယ်ကနေ ရောက်လာကြပါလိမ့်။

သေချာတာကတော့ အစိုးရက ဆင့်ခေါ်ထားတာမဟုတ်။ သည်လူအုပ်ထဲမှာ ပါလိုက်ရုံနှင့်တင် နောက်တစ်နေ့မှာ အိမ်ကို ထောက် လှမ်းရေးတွေ ရောက်လာနိုင်မှန်း သိလျက်က စွန့်စွန့်စားစား ထွက်လာကြတာချည်းသာ ဖြစ်သည်။

အဲသည်လူအုပ်ကြီးကို ပေါက်အောင် ရှေ့ကိုတိုးဖို့ မပြောနှင့် အဲသည်လူအုပ်ကြီးထဲမှာ မိမိကိုယ်တိုင် ခြေတချစာရအောင်၊ အဲသည် ရထားသည့်ခြေမြေမှ လွတ်၍ မြောက်ပါ မသွားရအောင်တောင် မနည်း ကြိုးစားရမည်ဖြစ်သည်။



သည်ကြားထဲမှာ သူရော ခင္တာဦးပါ မမွေးတို့ မိဘတွေအိမ်ကယူလာသော စက်ဘီးတစ်စီး တွန်းလာကြတာဖြစ်သဖြင့် သည်လူအုပ်ကြီးထဲ ဝင်သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်အောင် ဖြစ်နေသည်။

'စိတ်လျှော့လိုက်ပါ ခင္တာရယ်၊ ဒီလူအုပ်ကြီးကို တိုးဝင်ဖို့ဆိုတာလည်း မဖြစ်နိုင်၊ ဒီလောက်အဝေးကြီးကနေ လှမ်းကြည့်တော့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မြင်ရမှာမှ မဟုတ်တာ'

ခင္တာဦးက အောက်နှုတ်ခမ်းကလေးကို သွားဖြင့် ကိုက်၍ ခေတ္တမျှတွေဝေစဉ်းစားနေသည်။ ပြီးတော့မှ ခေါင်းကလေးကို ဆတ်ခနဲခါသည်။

'ဒီလိုလုပ်၊ ခင္တာတို့မှာ စက်ဘီးတွေ ပါတာပဲ၊ မြို့အဝင်ဝက သွားစောင့်ရအောင်၊ ဒေါ်အောင်ဆန်းစုကြည်တို့ကားတန်း ဝင်လာရင် စက်ဘီးနဲ့နောက်က လိုက်မယ်၊ သူလည်း ကားပြတင်းဝက လက်ထွက်ပြမှာပဲ၊ ခဏပဲမြင်ရမြင်ရ ခင္တာကျေနပ်တယ်'

သားမောင် သက်ပြင်းသာ ချမိသည်။

'အင်းလေ'

•

•

•

ကံကောင်းထောက်မစွာပင် သူတို့ စက်ဘီးနှစ်စီး မြို့ပြင်စရောက်ချိန်တွင် ဖုန်တထောင်းထောင်းထ၍ ဝင်လာသော ကားတန်းကြီးကို လှမ်းမြင်ရသည်။

စောင့်နေသော လူအုပ်ကြီးက မြို့ပြင်မှာလည်း လျှံနေသည်။ သို့သော် သူတို့နှစ်ယောက် လူအုပ်ကြီး ရှေ့ကလျှပ်၍ စက်ဘီးစီးသွားဖို့တော့ လမ်းရှိနေသည်။

သူတို့နှစ်ယောက် စက်ဘီး တက်သုတ်ရိုက် နင်း၍ ကားတန်းကြီးဘေးမှ ဖြတ်စီးကြသည်။ ခင္တာဦးက ရှေ့။ သူက နောက်။

ကားတစ်စီး၏ ပြတင်းပေါက်က ပွင့်လာသည်။ အသက် ၄၀ ဟုပင် မထင်ရလောက်အောင် နုပျို ကျက်သရေရှိလှသည့် မြန်မာအမျိုးသမီး၏ မျက်နှာ ထွက်လာသည်။

သူတို့နှစ်ယောက်ကို လက်လှမ်းပြ၍ ပြုံးပြသည်။

သားမောင် ကြက်သေ သေသွားသည်။

ဒေါ်အောင်ဆန်းစုကြည် ပါလား။

လှလိုက်တာ။

မြန်မာ အမျိုးသမီး ပီပီသသ ကျက်သရေရှိရှိ လှပသည့် သည်လို ရုပ်မျိုးကို သူတစ်သက်လုံး မြင်မှမြင် ဖူးရဲ့လားဆိုတာ မသေချာ။

ခတ္တာဦးလည်း လှတာပဲ။ သို့သော် ခတ္တာဦး၏ အလှက ကရုဏာ ရသမြောက်သည်ဟု ဆိုရမည်။

ဒေါ်အောင်ဆန်းစုကြည်၏ အလှကတော့ ကျောက်ဆောင် ကျောက် သားတွေပေါ်မှာ တည်ထားသည့် သူရဲကောင်း ကြေးသွန်းရုပ်တုကဲ့သို့ ခိုင်မာ တည်ကြည်၍နေပါသည်။

သူပြုံးထားသည့် အပြုံးကတော့ မေတ္တာကြောင့် နူးညံ့သိမ်မွေ့၍ နေ လေသည်။

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ လွတ်မြောက်လာသော သတင်းကို ၂၀၁၁ မှစ၍ စဉ်ဆက် မပြတ် လေ့လာဖတ်ရှုခဲ့ဖူးသဖြင့် အသက် ၆၀ ကျော် နှောင်းပိုင်းကာလတွင် မြန်မာ အမျိုးသမီးကြီး တစ်ယောက်သည်မျှ ကျက်သရေရှိ လှပတင့်တယ် နိုင်ပါကလားဟု သူအံ့ဩခဲ့ဖူးတာ အမှန်။

သူ နိုင်ငံရေးနယ်ပယ်ထဲသို့ စတင်ဝင်ရောက်လာသည့် အသက် ၄၀ ကျော် အရွယ်ကတည်းက အခုထိ တစ်ခါမှ အိုစာမသွားခဲ့ဘူးလားဟုပင် တွေးမိသေးသည်။

ယခု အသက် ၄၀ ကျော်အရွယ်မှာ တွေ့ရတော့လည်း ရုပ်ကမတူပြန် တော့။ အသက် ၃၀ ခန့်ဟု ထင်ရ လောက်အောင် နုပျိုလှပ၍နေပြန်လေ သည်။

ခတ္တာဦးက 'အမေ' 'အမေ' ဟု အော်ခေါ်ကာ အားရဝမ်းသာ လက်ပြ ၍ စက်ဘီးကို ရပ်ပြီး နောက်ပြန်ချသည်။ အရှိန်နှင့် မောင်းနေသော



ကားတန်းနောက်သို့ စက်ဘီးကို တရကြမ်းစီးလိုက်သွားသည်။ သူလည်း နောက်က ထက်ကြပ်မကွာ လိုက်ပါသွားသည်။

တကယ်ကျတော့ စက်ဘီးနှင့် ကားကို လိုက်ရတာ မမီနိုင်ပါ။ အသား ကုန်နင်းတာတောင်မှ ဒေါ်အောင်ဆန်းစုကြည်၏ မျက်နှာကို မမြင်ရတော့ပါ။

သားမောင်က စက်ဘီးကို လမ်းဘေးကပ်ရပ်လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည် ရင်ထဲကို သားမောင် ဝင်ကြည့်ချင်နေမိသည်။

ယခု သူကြိုးစားနေသည့် ရွေးကောက်ပွဲမှာ ပြည်သူလူထုက သူ့ပါတီ ကို တောင်ပြို ကမ်းပြို အနိုင်ပေးလိုက်တာ၊ အဲသည်အချိန်က ရွေးကောက်ပွဲ ကော်မရှင်က အလွန်တရား မှုတစ္စာ ဆောင်ရွက်သွားခဲ့တာ အဲဒါတွေ မသိရှာ သေး။

သို့သော် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တကယ် အဲသည် စာသားအတိုင်း မပါပါဘဲနှင့် စစ်အစိုးရက ပါပါသည်ဟု ကြေညာကာ နိုင်ငံခြားသား၏ ဇနီးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ ဝင်ဖို့ ပိတ်ပင်ခဲ့သည်။ နေအိမ်တွင် အကျယ်ချုပ်ချခဲ့သည်။ သူရဦးတင်ဦးလည်း အဖမ်းခံရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိသေးဟူသော အကြောင်းပြချက်နှင့် ရွေးကောက်ပွဲနိုင်သော ပါတီကို အာဏာလွှဲမပေးဘဲ စစ်အစိုးရက ထပ် အုပ်ချုပ်သည်။ ရွေးကောက်ပွဲပြီးလျှင် စစ်တန်းလျား ပြန်မည်ဟု ကြေညာ ထားသော ကာကွယ်ရေးဦးစီးချုပ်ကိုပင် ဖယ်ရှား၍ ဒုတိယကာကွယ်ရေး ဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာသည်။

ရွေးကောက် ခံထားရသော ကိုယ်စားလှယ်လောင်းများ အပါအဝင် အတိုက်အခံနိုင်ငံရေးသမားတွေ ထောင်ကျသူကျ၊ နယ်စပ်ကထွက်ပြေး သူပြေး။ ထွက်ပြေးသူတွေထဲမှာ ကျောင်းသားတွေလည်း အများကြီးပါသွား သည်။

တောထဲတွင် အစိုးရသူလျှိုဟု အပြန်အလှန် စွပ်စွဲကြပြီး ကျောင်း သားကျောင်းသူတွေ အများကြီး ရက်ရက်စက်စက် အသတ်ခံရပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်လည်း နိုင်ငံတကာ စာမျက်နှာများတွင် ထင်ရှားသည်ထက် ထင်ရှားလာသော်လည်း အနှစ်နှစ်ဆယ် ကာလအတွင်းမှာ နေအိမ်အကျဉ်းချထားခံရသော ကာလက အများစု။

အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်က ဗိုလ်ချုပ်ကြီးအထိ ဖြစ်လာပြီး နိုင်ငံတွင် အရေးအပါဆုံးသူတစ်ဦး ဖြစ်လာသည်။ သို့သော် နောက်ပိုင်းတွင် သူလည်း အကျဉ်းချခံရသည်။

အတွင်းရေးမှူး(၂)က ရဟတ်ယာဉ်ပျက်ကျ ကွယ်လွန်သည်။ သူနှင့်အတူ ဗိုလ်ချုပ်တွေ တော်တော်ပါသွားသေးသည်။

ဘုရား . . ဘုရား. .

သည် ၁၉၈၈ ကနေ ၂၀၁၄ အထိ မျှော်ကြည့်လိုက်တော့ အနာဂတ်က အနိဋ္ဌာရုံတို့ ပြည့်လျှံနေပါလား။

ဒါတွေ မဖြစ်လာအောင်သာ ကာကွယ်ခွင့်ရလျှင် ကောင်းပေစွ။ သို့သော် ဘယ်လိုကာကွယ်မှာတဲ့လဲ။

ဒေါ်အောင်ဆန်းစုကြည် ကားတန်းရှေ့က ပစ်လှဲချပြီး ဒါတွေအားလုံး သူ့ကို ပြောပြလိုက်ရမှာတဲ့လား။ ပြောပြခွင့်ရလျှင်တောင် ဘယ်လိုလုပ် ယုံမှာတဲ့လဲ။

သူသာ စိတ်ရောဂါကုဆေးရုံကို အပို့ခံရမှာ သေချာလှ၏။

'ကိုသား ဘာဖြစ်နေတာလဲ၊ ဟိုမှာ ကားတန်းက ထွက်သွားတာပဲ ကြာလှနေပြီ'

စက်ဘီးကိုရပ်၍ ခြေထောက်ပြီး ကြက်သေသေ စဉ်းစားနေသော သူ့နံဘေးသို့ ခင္တာဦး စက်ဘီးကလေးထိုး ဝင်လာပြီး ခင္တာဦးလှမ်းပြောလိုက်မှ သားမောင်အတွေးထဲက လန့်နိုးလာသည်။

ရှက်ကိုး ရှက်ကန်းနှင့် ရယ်မိသည်။

'ဘာမှမဟုတ်ပါဘူး ခင္တာရယ်၊ ဒေါ်အောင်ဆန်းစုကြည် အကြောင်း စဉ်းစားနေမိလို့ပါ၊ ကဲပြန်ကြမလား'

ခင္တာဦးက ခေါင်းဆတ်ပြသည်။



'ပြန်တာပဲ ကောင်းပါတယ်၊ ဆက်လိုက်လည်း မြို့ထဲမှာ တိုးနိုင်မှာမှ မဟုတ်တာ၊ ပြီးတော့ ပါလာတဲ့ ထောက်လှမ်းရေးတွေအာရုံ အကုန်လုံး ဟိုမှာ စုနေတုန်း ဗဟင်းအထိ ပြန်ကြတာ ပိုဘေးကင်းမယ်ထင်တယ်'

'ဟုတ်တယ်'

နှစ်ယောက်သား စက်ဘီး ကိုယ်စီနှင့် ထွက်လာခဲ့ကြသည်။

မမွှေးတို့ မိဘတွေ အိမ်ရှေ့ကို စက်ဘီးနှစ်စီးဆိုက်ပြီး အိမ်ပေါ်တက်ခဲ့ကြတော့ ဧည့်ခန်းထဲမှာတင် ကိုထွန်းထွန်းဦးနှင့် မမွှေးတို့ ထိုင်နေတာ တွေ့ရသည်။

'ဟေး ဟောပြောတာပြီးတောင် ပြီးသွားပြီလား'

ကိုထွန်းထွန်းဦးက လှမ်းမေးသည်။ သားမောင် ခေါင်းခါပြလိုက်သည်။

'မြို့ဝတင် စက်ဘီးနဲ့ နောက်က လိုက်ကြည့်ပြီး ပြန်ခဲ့တာ အစ်ကို၊ လူအုပ်ကြီးက တိုးမပေါက်နိုင်တာနဲ့ပြီးတော့ ဟိုမှာအာရုံတွေ စုနေကြတုန်း ဗဟင်းပြန်ကြတာ ကောင်းမလား တိုင်ပင်ပြီး ပြန်လာကြတာ'

ကိုထွန်းထွန်းဦးမျက်နှာ တစ်မျိုး ဖြစ်သွားသည်။

'အစီအစဉ် အပြောင်းအလဲ ရှိတယ် ညီ'

'ဘာများလဲ အစ်ကို'

'ခင္တာနဲ့ မမွှေးက ဗဟင်းကိုပြန်နှင့်၊ မင်းနဲ့အစ်ကိုအိမ်မှာ ခဏစောင့်ရလိမ့်မယ်'

သားမောင် ထိတ်ခနဲ ဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ အစ်ကို'

မမွှေးက ဝင်ရှင်းပြသည်။

'မောင်လေးတို့ သွားနေတုန်း ထူးထူးဆန်းဆန်း ဖုန်းတစ်ခု လာတယ်၊ ရန်ကုန်က ဆရာဝန် ကလေးတစ်ယောက် ဒီမှာ တည်းနေတာ ရှိလားတဲ့၊ ပခုက္ကူက အသိတစ်ယောက်က ဒီအိမ်မှာ တွေ့လိုက်တယ် ဆိုပြီး ဖုန်းလှမ်းဆက်လို့ စုံစမ်းရတာပါတဲ့'

သားမောင် ခြေဖျားလက်ဖျားများ အေးစက်သွားသည်။ ခတ္တာဦး မျက်နှာကလေးလည်း စိုးရိမ်ဟန် ပေါ်လာသည်။

သူ မမွေးဖွားရသေးသော ကာလမှာ သူ့ကို သိနေသူ ဘယ်လိုလုပ် ရှိနေရတာတဲ့လဲ။

'ဆက်တာက ဘယ်သူတဲ့လဲ အစ်မ'

'အဲဒီ ဆရာဝန်ကလေးရဲ့ ညီမပါတဲ့'

သူ ယခုမှပဲ ရင်အေးသွားတော့သည်။

'လူမှားတာပါ အစ်မရယ်၊ ကျွန်တော့်မှာ ညီမမှ မရှိတာ'

မမွေးက ပခုံးတွန့်ပြသည်။

'မသိဘူးကွယ်၊ သူ့အသံ နားထောင်ရတာ တစ်ယောက်ယောက် အကွက်ဆင်ပြီး ညာပြောနေတာနဲ့ မတူဘူး၊ အရမ်းစိတ်ပူနေတဲ့ အသံမျိုးပဲ၊ ပြီးတော့ သားမောင်ကိုလည်း မမတို့က သားမောင်ပဲသိတာ၊ သူမေးတဲ့ နာမည်က ဒေါက်တာဇာနည်တဲ့'

မြတ်စွာဘုရား။

ဖေဖေ့ကို ရှာနေတာပါလား။

ဒါဆို ဒေါ်လေး ဆက်နေတာပေ့ါ။

ဖေဖေနှင့်သူ ရုပ်ချင်းသိပ်တူသည် ဆိုတာတော့ သူကြားဖူးသည်။ အရေးအခင်းကာလမှာ ဖေဖေလည်း အိမ်က ပျောက်သွားသေးသလားဆိုတာ တော့ သူ မသိခဲ့။

ဟာ၊ နေဦး။

'ညည်း အစ်ကို ခေါ်လာရောပေ့ါ'

'မနက်ကတည်းက ပြန်မလာသေးဘူး၊ မေမေတောင် စိတ်တွေပူလို့'

**စမ်းချောင်း** ဓာတ်ဆီဆိုင်မှာ ဆုံတုန်းက ဒေါ်လေးပြောခဲ့သည့်စကား ကို သူပြန်မှတ်မိသွားသည်။ ဒါဆို ဖေဖေလည်း တကယ်ပဲ ပျောက်နေခဲ့ သေးတာပေ့ါ။

ဖေဖေ ဘယ်များ ရောက်နေခဲ့တာပါလိမ့်။



အားလုံးက သူ့ကိုဝိုင်းကြည့်နေကြသည်ကို ရိပ်မိတော့ သားမောင် တွေဝေနေရာက ရယ်ချလိုက်ရသည်။

'လူမှားတာ သေချာပါပြီ မမရယ်၊ ကျွန်တော့်နာမည် ဒေါက်တာ ဇာနည်လည်း မဟုတ်ရပါဘူး၊ ကျွန်တော်က တစ်ဦးတည်းသောသား၊ **အမေက** နိုင်ငံခြားမှာ၊ အဖေက ဆုံးပြီ၊ အဘိုးအဘွားတွေနဲ့ နေတာပါ'

ကိုထွန်းထွန်းဦးနှင့် မမွေးတို့ မျက်နှာက တစ်ခုခုတော့ မှားနေပြီဟု စဉ်းစားနေသော မျက်နှာပေးမျိုးတွေနှင့် တွေဝေနေကြသည်။ ခတ္တာဦးကို လှည့်ကြည့်တော့လည်း မျက်ရည်ဝဲလျက်ကလေး တုန်တုန်ယင်ယင် ဖြစ်နေ သည်။

ဘုရား၊ ဘုရား။

သူတို့ ငါ့ကို အိမ်ထောင်သည်က လူပျိုယောင်ဆောင်ပြီး ခတ္တာဦးနား မှာ လာကပ်နေတယ်လို့များ ထင်နေကြလား မသိ။

ကိုထွန်းထွန်းဦးက ဆတ်ခနဲ ခေါင်းညိတ်သည်။

'အေးလေ၊ ညီကိုယ်တိုင် ရှင်းပြလိုက်တော့လည်း ကောင်းတာပေ့ါ၊ ခတ္တာဦးကတော့ ဒီမှာ ကြာကြာနေတာ မကောင်းတော့ မမွေးက ခေါ်သွား နှင့်မယ်၊ သူတို့က ခဏနေရင် ထပ်ဆက်မယ် ပြောတာပဲ၊ **အစ်ကိုနဲ့** ညီ ဖုန်း စောင့်ပြီးမှ လိုက်သွားကြတာပေ့ါ'

'ဟိုဟာလေ. . '

သားမောင် ငြင်းမည်ကြံနေတုန်းမှာပင် 'ကလင် ကလင် ကလင်' ဟူ သော ဖုန်းမြည်သံက ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသည်။

'ကလင် ကလင် ကလင် ကလင်'

ကိုထွန်းထွန်းဦးက ပြုံးသည်။

'အတော်ပဲ ညီ၊ သူတို့ပဲနေမှာ၊ ညီထူးလိုက်၊ ဒေါက်တာဇာနည်ဆိုတာ ညီ မဟုတ်ဘူး ရှင်းပြလိုက်ပေ့ါ၊ ပြီးတော့ တို့အတူသွားကြတာပေ့ါ'

သားမောင် တယ်လီဖုန်းကို ချောက်ချားစွာ လှည့်ကြည့်မိသည်။ ဒေါ်လေးကို သူ ဘာဖြေရမှာတဲ့လဲ။

'ကျွန်တော်က ခင်ဗျားအစ်ကို မဟုတ်ပါဘူး၊ မမွေးဖွားရသေးတဲ့ ခင်ဗျားရဲ့ တူပါ'

အဲသလို ဖြေရမှာတဲ့လား။

သားမောင် သက်ပြင်းချ၍ ခေါင်းကို မသိမသာခါရင်း ဖုန်းဘက်သို့ လျှောက်လာခဲ့သည်။ ဖုန်းကိုကိုင် ၍ မကောက်သေးဘဲ တွေဝေနေသည်။

'ကလင် ကလင် ကလင် ကလင်'

'တုံ့တတုံတုံး တုံတုံ့တုံ့တုံ့တုန်'

သူ့လက်ထဲမှာ ကိုင်ထားရင်းကပင် 'ကလင် ကလင် ကလင်' ဆိုသည့် သာမန် အနာလော့ဂ်ဖုန်းမြည်သံကနေ အိုင်ဖုန်းမြည်သံကို ပြောင်းသွားသည့် ဖုန်းကို သူအလန့်တကြား ငုံ့ကြည့်မိသည်။

၁၉၈၈ ခုနှစ်မှာ အိုင်ဖုန်း မပေါ်သေးဘူးလေ။

သူ့လက်ထဲမှာ တကယ်ကို သူကိုင်နေကျ အိုင်ဖုန်းကလေးက ဆက်မြည်နေသည်။

ဟာ. . သွားပြီ။

သူ ရိပ်မိသွားသည်။

အလန့်တကြား ခတ္တာဦးကို လှည့်ကြည့်မိသည်။

ခတ္တာဦး မျက်နှာက အလွန်အမင်း ထိန်လန့်ချောက်ချားနေဟန်။

သည်အိပ်မက်ကနေ သူ နေ့ခင်းကြောင်တောင် လန့်နိုးတော့မည်။ ခတ္တာဦးကို ထားခဲ့ရတော့မည်။

သူ့ဘက်ကို လက်တစ်ဖက် ဆန့်တန်း၍ တစ်စုံတစ်ခု လှမ်းအော်ပြောနေသည်။ ဘာအသံမှတော့ မကြားရ။

ခတ္တာဦး နောက်မှာရပ်နေသည့် ကိုထွန်းထွန်းဦးရော၊ မမွေးပါ တစ်စုံတစ်ခုစီလှ၍ အော်ပြောနေကြသည်။ အသံထွက်မလာ။



လျှပ်တစ်ပြက် အတွင်းမှာပင် သူတို့အားလုံး ကင်မရာ zoom ချုံ့ပစ်လိုက်သလို အဝေးတစ်နေရာကို လွင့်စဉ်သွားကြသည်။

၂၀၁၄

'တုံ့တတုံတုံး တုံတုံ့တုံတုံ့တုန်'

'တုံ့တတုံတုံး တုံတုံ့တုံတုံ့တုန်'

သူ့အိုင်ဖုန်းကလေးက ဆက်မြည်နေသည်။

သူ ချွေးစေးတွေ ပြန်၍ လန့်နိုးလာသည်။ အိမ်အပေါ်ထပ် တီဗီကြည့်ခန်းထဲက ဆိုဖာပေါ်မှာ သူ အိပ်ပျော်နေတာ ဖြစ်သည်။

သူ့ရှေ့မှာ အယ်လ်စီဒီ တီဗီ အပြားကြီးတစ်ခု ရှိနေသည်။ သေချာပါပြီ။ သူ ၂၀၁၄ ခုနှစ်ကို ပြန်ရောက်လာပြီ။

ခတ္တာဦး ၁၉၈၈ ခုနှစ်၊ စက်တင် ဘာလ ၁၉ ရက်နေ့မှာ ကွယ်လွန်ကျန်ရစ်ခဲ့ရှာပါပြီ။

ဆို့နင့် ကြေကွဲမှုကြောင့် ဘေးက သူ့အိုင်ဖုန်းကလေးကို ချက်ချင်း မကိုင်နိုင်သေး။ အိုင်ဖုန်းကလေးက စိတ်ရှည်ရှည် ဆက်မြည်နေသည်။

နံပါတ်ကို ကြည့်လိုက်တော့ တစ်ခါမှ မမြင်ဖူးသည့် နံပါတ်။ ဘာလဲကွာ။ ဖုန်းမှားတာလား။ ဒီလောက် အရေးကြီးနေသည့်အချိန်မှာမှ ဒီဖုန်းက သူ့ကို အိပ်မက်ကန့်ကွက်ရသတဲ့လား။

စိတ်တိုစွာပင် ဖုန်းကိုပွတ်၍ ထူး လိုက်သည်။

'ဟယ်လို'

'ကိုသားမောင်လား'

အလွန် တည်ငြိမ်အေးချမ်းလှသော မိန်းကလေးသံကလေးတစ်ခု ပေါ်လာသည်။ ဘုရားရေ၊ ဒီအသံမျိုး ငါ့ဘယ်မှာ ကြားဖူးနေပါလိမ့်။ အနိမ့်အမြင့် အတက်အကျ မရှိသလောက်။ ပြောနေသူ၏ ဆန္ဒနှင့် ဒေါသ ဘာမှ မပါသည့် အလွန်ထူးခြားစွာ သိမ်မွေ့လွန်းသော အသံမျိုးပါ။

'ဟုတ်ပါတယ်၊ သားမောင်ပါ၊ အခုပြောတာ ဘယ်သူပါလဲ'

'ကျွန်မ သီတာဦးပါ ကိုသားမောင်'

သီတာဦး။

သားမောင် ကြက်သေသေသွားသည်။

ဟိုထူးဆန်းနက်နဲလှသည့် မိန်းမပျို ပေါ်လာပါရောလား။ ဘာကြောင့်မှန်းမသိ။ သားမောင်၏ မေမေက အရမ်းတွေ့ချင်နေသူလေ။

'ဩော်၊ ဟုတ်ကဲ့၊ မုံရွာက ပြန်ရောက်ပြီလား'

'ဟုတ်ပါတယ်၊ ကိုသားမောင်၊ အန်တီ့ဆီလည်း ဗိုင်ဘာနဲ့ ဖုန်းဆက်ပြီးသွားပါပြီ၊ အခု ကိုသားမောင် ဖုန်းနံပါတ်လည်း အန်တီပဲ ပေးလိုက်တာပါ'

ဟုတ်သားပဲ။ သူ သီတာဦး၏ အဒေါ်ကို သူ့ဖုန်းနံပါတ်မှ မပေးခဲ့မိလေပဲ။

'အေးဗျာ၊ ကျွန်တော်ကလည်း တွေ့ချင်နေတာ လွဲလွဲနေလို့'

ရယ်သံတိုးတိုး ကြားရသည်။

ဘုရားရေ။ ရယ်သံကိုက ငြိမ်းချမ်းလိုက်တာ။

နိုင်ငံရေးလုပ်လို့ ထောင်ကျတဲ့ မိန်းကလေးလား။

'ကျွန်မလည်း ကိုသားမောင်ကို တွေ့ချင်ပါတယ်၊ ကျွန်မတို့ ပြောစရာတွေ အများကြီးရှိမယ် ထင်တယ်'

'ဟုတ်ကဲ့၊ ချိန်းလိုက်ပါ၊ ကျွန်တော် ဘယ်နေ့ ဘယ်ကို လာခဲ့ရမလဲ'

ရယ်သံသဲ့သဲ့ ကြားရပြန်သည်။

'ဘာလို့ ချိန်းနေမလဲ ကိုသားမောင်၊ ကျွန်မ အခု ရှင့်အိမ်ရှေ့နားက ဖုန်းဆက်နေတာ၊ ရှင်အိမ်မှာပဲ မဟုတ်လား'

သားမောင်ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ဟုတ်ပ။ သူ မနေ့က ဆေးရုံမှာ ညတာဝန်ကျခဲ့ပြီး အိမ်မှာ နေ့လယ်အိပ်ပျော်နေတာ ဖြစ်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျား ဘယ်လိုလုပ်'



'ကျွန်မက ကိစ္စနဲ့ ရန်ကုန် အနောက်ပိုင်း ဆေးရုံကြီးကို ရောက်ခဲ့တာကိုးရှင့်၊ ရှင့်ကို စုံစမ်းတော့ ညဂျူတီထွက်လို့ အိမ်ပြန်သွားသတဲ့၊ အိမ်က မဝေးတာနဲ့ တစ်ခါတည်း လိုက်ခဲ့တာ၊ ကဲ ကျွန်မကို တံခါးဆင်း ဖွင့်ပေးမှာလား'

'ဟာ ဟုတ်သားပဲ၊ ခဏ ခဏ'

သားမောင် ဖုန်းချ၍ လှေကား ဘက်ဆီပြေးသည်။ ပြီးတော့မှ သတိရ၍ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိတော့ စွပ်ကျယ်နှင့် ဘောင်းဘီတိုသာ ဝတ်ထားသည်။ ဒါနှင့် အိပ်ခန်းထဲ ကမန်းကတန်း ပြန်ပြေးဝင်၍ စပို့ရှပ်တစ်ထည်နှင့် လုံချည်တစ်ထည် ကောက်စွပ်ရသည်။

လှေကားခြေရင်း အိမ်ပေါက်ဝ သံဘာဂျာတံခါးရှေ့မှာတော့ သွယ်လျလျ ကိုယ်လုံးနှင့် မိန်းမပျိုတစ်ဦး ကျောခိုင်း၍ ရပ်နေသည်။

မြန်မာဆန်ဆန် ချည်ထည်အင်္ကျီ ဖြူကလေးနှင့် ချည်ထည်လုံချည် အညိုရင့်ဘက်များများ ရိုးရိုးစင်းစင်း အဆင်ကလေးနှင့် ဆံပင်ရှည်တို့က ကျောမှာ ဝဲနေသည်။

သိချင်စိတ်နှင့် သားမောင် ရင်ခုန်သံ ပိုမြန်လာသည်။

တံခါးသော့ကို ဖွင့်ပေးရင်း လှမ်းအသံပြုသည်။

'မသီတာဦးလား ခင်ဗျာ'

မိန်းမပျိုက လှည့်ကြည့်၍ ပြုံးပြတော့ သားမောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

လှပလွန်း၍တော့ မဟုတ်။ လှတာက အမှန်ပင်ဖြစ်သော်လည်း ထူးခြားလွန်းသော အလှမျိုးတော့ မဟုတ်ပါ။

သူတစ်ခါမှ မမြင်ဖူးသေးသော မိန်းမပျိုမှာ သူသိကျွမ်းရင်းနှီးပြီးသား မျက်နှာရှိနေ၍ပင် ဖြစ်ပါတော့သည်။

၀

## (၉)

**၂၀၁၄**

လေအေးစက် တပ်ထားသော ကဖေး တေးယီးယား ဆိုင်ကလေး၏ ထောင့်က ကုလားထိုင် နှစ်လုံးသာရှိသော စားပွဲကလေးမှာ ထိုင်ကြပြီးနောက် သီတာဦး က ဆိုင်ကို မျက်လုံး ဝေ့ကြည့်၍ ရယ်သည်။

'သူငယ်ချင်း ယောကျ်ားလေးတွေနဲ့တော့ လက်ဖက်ရည်ဆိုင် ခဏခဏ ထိုင်ဖူးပါတယ်၊ ဒီလို ကော်ဖီတစ်ခွက်ကို ထောင်ချီပေးရတဲ့ ဆိုင်တွေတော့ ကြားပဲ ကြားဖူးတယ်၊ မထိုင်ဖူးဘူး'

သားမောင် အိုးတိုး အမ်းတမ်းနှင့် ရယ်သည်။

'ကျွန်တော်လည်း သိပ်ထိုင်ကျင့် မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျား အဒေါ် ဒေါ်သက်သက်ဖြိုးက လက်ဖက်ရည်ဆိုင်တွေထဲမှာ ခင်ဗျားကို လိုက်စောင့် ကြည့်နေတဲ့ လူတွေရှိတာ ပြောဖူးတာနဲ့ ဒါလေးက ပိုအဆင်ပြေမလားလို့'

သီတာဦးက ရယ်၍ ပခုံးတွန့်ပြသည်။

'ကမ္ဘာ့အညံ့ဆုံး ထောက်လှမ်းရေးတွေပေါ့၊ သူတို့ ကြည့်တာ မကြည့် တာလည်း အရေးတော့ မပါလှပါဘူး၊ ကျွန်မကလည်း ဥပဒေနဲ့ ဆန့်ကျင်တာ ဘာမှမှ မလုပ်တာ'

'မလုပ်လည်း ဆွဲသွင်းသွားတာပဲ မဟုတ်လား'



သီတာဦးက ရယ်ပြန်သည်။

'အဲဒါကြောင့် ကမ္ဘာ့အညံ့ဆုံးလို့ ပြောတာပေါ့၊ နိုင်ငံလုံခြုံရေးကို ဘယ်လိုမှ ပြဿနာ ပေးမှာ မဟုတ်တဲ့ ကျွန်မလို ပေါင် ၁၀၀ တောင် မပြည့်တဲ့ မိန်းကလေး တစ်ယောက်ကို စိုးရိမ်တကြီး လိုက်ကြည့်နေရင်းက အခြားမှာ အဓိကရုဏ်းတွေ မျိုးစုံဖြစ်၊ ရာဇဝတ်မှုတွေ မျိုးစုံဖြစ်'

သားမောင် လက်နှစ်ဖက် မြှောက်ပြလိုက်သည်။

'ကိုင်း၊ ခင်ဗျားကိုတော့ နိုင်အောင် မပြောနိုင်ဘူး ထင်တာပဲ၊ ကော်ဖီပဲ ရွေးပါဦး၊ 'လာတေး' ကြိုက်လား 'မိုခါး' ကြိုက်လား'

သီတာဦးက ပြုံးသည်။

'ရှင်ပြောတာ ကော်ဖီ နာမည်တွေလား'

'ဟာ မရွဲ့ပါနဲ့ဗျာ' ရယ်ပြန်သည်။

'မရွဲ့ရပါဘူးရှင်၊ ကျွန်မ ကော်ဖီလုံးလုံး မသောက်ဖူးတာ ခြောက်နှစ်ရှိ ပြီ၊ ရှင် ပြောတဲ့ နာမည်တွေ ဘယ်လိုလုပ် သိမှာလဲ'

သားမောင် မျက်လုံး ပြူး သွားသည်။

'အထဲမှာ ကော်ဖီ မတိုက်ဘူးဆိုတာ ထားပါတော့၊ အခု ခင်ဗျား ထွက်လာတာ လနဲ့ ချီနေပြီပဲ'

သီတာဦးကရယ်၍ စားပွဲပေါ်က မီနူးကို ကောက်ကိုင်ပြီး လှန်လှော နေရင်းက ဖြေသည်။

'ထောင်ထဲမှာ ကော်ဖီသောက်ချင်ရင် ကျန်းမာရေးအရ ကော်ဖီ သောက်ဖို့လိုကြောင်း လျှောက်ရသေးတယ်၊ ဆရာဝန် လက်မှတ် တောင်းရ သေးတယ်၊ ကိုယ့်အိမ်ကနေ ကိုယ့်ကို ပို့ထားတဲ့ ကော်ဖီမစ် ထုပ်ကလေး တစ်ထုပ်ကို ရဖို့တောင်ဘယ်လောက် မျက်နှာငယ်ရလဲ၊ ရှင် မသိပါဘူး၊ အဲဒါနဲ့ ကျွန်မ ထောင်ထဲမှာ ကော်ဖီအပြီး ဖြတ်ပစ်လိုက်တာ'

'နို့ အခု အပြင်ရောက်တော့ကော'

'ကိုယ့်လို ကျနေတဲ့ အစ်မကြီးတွေရဲ့ ထုံးစံအတိုင်းဆိုရင်တော့ ကျွန်မလည်း ဒီတစ်ခေါက်နဲ့ ပြီးမှာမှ မဟုတ်တာ၊ နောက် တစ်ခါပြန်ဝင်ရရင်ပါ

အဆင်ပြေအောင် အပြင်မှာပါ မသောက်တော့ဘူး၊ ကော်ဖီကလည်း သောက်ကျင့် ရှိရင် စွဲတယ် မဟုတ်လား'

သားမောင် ပခုံးသာ တွန့်မိသည်။ လေသံက အေးချမ်းသလောက် စိတ်ခတ်မာကျော လွန်းသော မိန်းကလေးပါတကား။

'ကဲ ဒါဆို မုန့်တစ်ခုခုတော့ စားပါဗျာ'

'စားမှာပေါ့၊ ရှင်ကျွေးရင်၊ ကျွန်မကို ဗိုက်ပြည့်တာ တစ်ခုခုသာ မှာပေးပါ၊ ကျွန်မ မနက်စာရော၊ နေ့လယ်စာရော မစားရသေးဘူး၊ ဒီက မုန့်တွေလည်း မသိဘူး'

'ဘာရှောင်တာ ရှိလဲ'

'ကော်ဖီလေ၊ ဒါပဲ'

ပြောပြီး ရယ်နေသည်။

သားမောင် သက်ပြင်းချ၍ ကျူနာဆင်းဒွစ်ချ် နှစ်ပွဲနှင့် အာလူးကြော် မှာလိုက်သည်။ သူ့အတွက်တော့ ဘလက်ကော်ဖီ မှာလိုက်သည်။ ၁၉၈၈ ကနေ ၂၀၁၄ အထိ ခရီး သွားထားတာ Travelling sickness ခေါ် ခရီးသွားမူးဝေမှုကတော့ ကျိန်းသေကျန်မှာပေါ့။ ဘလက်ကော်ဖီကသာ ကယ်နိုင်ပေလိမ့်မည်။

ကော်ဖီက အရင်ရောက်လာသည်။ ဘလက်ကော်ဖီကို သကြားတစ်ဇွန်းထည့်၍ မွှေနေသော သူ့ကို သီတာဦးက ခဏငေးကြည့်နေပြီးမှ တိုးတိုး ပြောသည်။

'မေးလေ'

သူ ကြောင်တက်တက်နှင့် မော့ကြည့်သည်။

'ဘာကိုလဲ'

'ရှင် ကျွန်မနဲ့ တွေ့တွေ့ချင်း ဘာဖြစ်လို့လဲ မသိဘူး၊ အရမ်း အံ့ဩသွားတဲ့ မျက်နှာဖြစ်သွားတယ်၊ တစ်ခုခု မေးတော့မလိုပဲ၊ ပြီးတော့ ဘာမှ မမေးတော့ဘူး၊ မေးချင်တာ ရှိရင် မေးလေ'

သားမောင် သက်ပြင်းချမိသည်။



'အံ့ဩတာက ခင်ဗျားက ကျွန်တော့် အိပ်မက်ထဲက မိန်းမပျို တစ်ယောက်နဲ့ သွားတူနေလို့ပါ'

အဲသလိုမျိုး ဖြေမိလို့ကတော့ ငါ အရူးနဲ့ လိုက်လာမိပါလားဟု လန့်ပြီး ထပြေးသွား နိုင်သည်။ တွေဝေ၍သာ စဉ်းစားနေမိသည်။

ပြီးမှ စိတ်ကူးရပြီး မေးလိုက်သည်။

'ခင်ဗျားအဒေါ် ဒေါ်သက်သက်ဖြိုးနဲ့တော့ တွေ့ခဲ့တယ်၊ ခင်ဗျား အမေ နာမည်က ဘယ်လို ခေါ်သလဲ မသိဘူး'

သီတာဦးမျက်နှာ အံ့ဩစွာဖြင့် တစ်စုံတစ်ခုကို ပြန် မေးတော့မည့်ပုံစံ ဖြစ်သွားသည်။ ထိုအချိန်မှာပင် စားပွဲထိုးကလေးက ကျူနာ ဆင်းဒွစ်ချ်နှင့် အာလူးကြော်များလာချသည်။

စားပွဲထိုးကလေး ပြန်ထွက်သွားသည်နှင့် သီတာဦးက ဆင်းဒွစ်ချ် တစ်ချပ်ကို လက်နှင့်ပင် ကောက်ယူ၍ တစ်ကိုက် ကိုက်လိုက်သည်။ အဲဒါ ဝါးပြီးမှ ဖြေသည်။

'ဒေါ်သက်သက်မျိုးတဲ့၊ ရှင် ဘာလို့ မေးတာလဲ'

သားမောင် ရင်ထဲတွင် ဟာခနဲ ဖြစ်သွားသည်။

'အိပ်မက်ထဲမှာ တွေ့ခဲ့တာ ခင်ဗျား အမေလား သိချင်လို့ မေးတာပါ၊ ခုတော့ မဟုတ်ပါဘူး'

သည်လိုလည်းဖြေ၍ မဖြစ်သေး။ စကားလွှဲဖို့သာ ကြိုးစားရသည်။

'ခင်ဗျားက ဘာဖြစ်လို့ ပြန်ဝင်ဖို့ကို တွေးနေရတာလဲ၊ အခု စစ်အစိုးရမှ မဟုတ်တော့တာ'

သီတာဦးက တိုးတိုး ရယ်သည်။

'ထောင်ထဲမှာ တစ်ခါတလေ တီဗီကြည့်ရတယ်၊ သတင်းကများပါတယ်၊ ၂၀၁၀ နောက်ပိုင်းမှာ လွတ်တော့မှာပဲလို့ မျှော်လင့်ခဲ့တာပဲ၊ မျှော်လင့်ရင်း သုံးနှစ် ကြာသွားတယ်၊ မလွတ်သေးတဲ့ သူတွေလည်း ရှိသေးတယ်၊ အဲဒါ အစိုးရ ပြောင်းတာနဲ့ တူလို့လား'

သားမောင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

'၂၀၁၁၊ ၂၀၁၂ မှာတော့ ကျွန်မတို့လည်း တော်တော်ကို အကောင်းဘက်ကို တွေးခဲ့တာ၊ နောက်ပိုင်းတော့ဖြစ်မယ် ထင်တာတွေ ဖြစ်မလာရုံမကဘူး၊ ဘယ်လိုမှ ဖြစ်မယ်မထင်တာတွေပါ ဖြစ်ဖြစ်လာတာ၊ အဆိုးဆုံးက ပြဿနာကြီး တစ်ခုခု ဖြစ်လိုက်လို့ ဘယ်သူ့မှာ တာဝန်ရှိသလဲလို့ လူတွေက သိချင်နေရင် အဖြေက သိပ်ထူးဆန်းတယ်၊ အဲဒါကတော့ ဘယ်သူ့မှာမှ တာဝန်မရှိဘူး ဆိုတာပဲ'

သီတာဦးက ခြောက်ကပ်ကပ် ရယ်၍ ဆက်ပြောသည်။

'တကယ်တော့ ကျွန်မ နိုင်ငံရေးသမား မဟုတ်ဘူး၊ ဘယ်ပါတီနဲ့မှလည်း အဆက်အသွယ် မရှိဘူး၊ ၂၀၀၇ တုန်းကလည်း သံဃာတွေ ဆိုတာ လူတွေရဲ့အထက်မှာ ထားပြီး ကာကွယ်ပေးရမယ်လို့ ယူဆလို့ လိုက်သွားတာပဲ၊ ၂၀၀၈ မှာလည်း ရေလယ်ကောင်မှာ ဟိုတစ်ယောက် ဒီတစ်ယောက် ကယ်ရာမဲ့နေတဲ့ လူတွေအကြောင်း ကြားရတာ စိတ်မကောင်းလွန်းလို့ ထွက်လာတာပဲ၊ အကျိုးဆက်က ထောင်ကျရုံတင် မဟုတ်ဘူး၊ အခု ကျောင်းပါ ပြန်မတက်ရတော့ဘူး'

သားမောင် ဘာပြန်ပြောရမည် မသိသေး။ သီတာဦးက ဆက်ပြောနေသည်။

'ကျောင်းမတက်ရတာ ဘွဲ့မရလိုက်ရလို့ စိတ်မကောင်းတာမျိုးတော့ မဟုတ်ပါဘူး၊ လက်ရှိ ပညာရေးစနစ်ရဲ့ ပုံစံကလည်း ပုံစံခွက်ထဲက မထွက်ဘူး၊ ကျွန်မတို့ နောက်က လာမယ့်မျိုးဆက် သစ်တွေအတွက် တွေးရဲ၊ လုပ်ရဲ၊ ဆွေးနွေးရဲ၊ ကြံဆရဲအောင် အားပေးတဲ့ ပညာရေးမျိုး မဟုတ်ဘူးလို့ ယူဆတယ်၊ အဲဒီတော့ ပညာရေးစနစ်ကို ပြောင်းလဲပေးဖို့ တောင်းဆိုနေတဲ့ ကျောင်းသားသမဂ္ဂရှိတယ်၊ အစိုးရက ဖွဲ့ခွင့် မပေးထားသေးတော့ တရားမဝင် အဖွဲ့အစည်းလို ဖြစ်နေတယ်၊ ကျွန်မ သွားဝင်ထားတယ်၊ အဲဒီအဖွဲ့ မကြာခင် တစ်ခုခု လုပ်လိမ့်မယ်ထင်တယ်၊ ကျွန်မလည်း ပါသွားမှာပဲ၊ အဲဒါကြောင့် ကော်ဖီပြန်မသောက်ဘဲ နေနေတာ'



ပြောရင်းနှင့် ရယ်ပြန်သည်။ ပြီးတော့ တိတ်ဆိတ်စွာဖြင့် ရှေ့က ဆင်းဒွစ်ချ်များကိုသာ စားနေသည်။ သားမောင်လည်း သူ့ရှေ့က မုန့်ကို သူဆက် စားနေသည်။ ခဏနေမှ သတိရပြီး မေးသည်။

'ကျွန်တော့် အမေက ခင်ဗျားကို တော်တော်စိတ်ပူနေတယ်၊ သူနဲ့ ဘာတွေပြောကြသေးလဲ၊ ကျွန်တော်ရော ဘာလုပ်ပေးရဦးမလဲ'

သီတာဦးက ပခုံးတွန့်ပြသည်။

'အန်တီကေသီ ငယ်ငယ်တုန်းက မေမေတို့နဲ့ တော်တော် ရင်းနှီးခဲ့ပုံပဲ၊ ကျွန်မတော့ သိပ်မမှတ်မိပါဘူး၊ အိမ်က ဒေါ်လေးကတော့ ရှင့်ကိုပါ သိနေတယ်၊ ကျွန်မ တော်တော် ငယ်ငယ်ကတည်းက ဖေဖေနဲ့မေမေက ကားမှောက်ပြီး ဆုံးတာ၊ ဘာမှ သိပ်မသိပါဘူး၊ အန်တီ့ကိုတော့လိုရင် ပြောပါ့မယ်လို့ပဲ ပြောလိုက်တယ်၊ ရှင် ကတော့ ဝန်ထမ်းကလည်း ဖြစ်၊ ဆရာဝန်ကလည်း ဖြစ်တော့ ကျွန်မနဲ့ ဝေးဝေးနေတာ ဘေးကင်းမယ်ထင်တာပဲ'

ပြောရင်းက ရယ်ပြန်သည်။

သားမောင် အောင့်သီးအောင့်သက် ဖြစ်သွားသည်။

'ခင်ဗျားကလည်း၊ ကျွန်တော် ဒီလောက် မကြောက်တတ်ပါဘူး'

သီတာဦး သည်တစ်ခါတော့ မျက်လုံးလေး ပိတ်အောင်ရယ်သည်။

'အန်တီက အမေရိကားမှာ တက္ကသိုလ် လာတက်ပါတဲ့၊ ကျွန်မကိုများ ပတ်စပို့လွယ်လွယ်နဲ့ ရမယ့်သူ ထင်နေလားမသိဘူး၊ ရှင့်ကိုရောမခေါ်ဘူးလား'

'ခေါ်တယ်၊ ကျွန်တော်က ဒီမှာပဲ အင်္ဂလန်စာမေးပွဲ ဖြေမလို့'

'သဘောပဲလေ၊ မြန်မာပြည် မှာပဲနေပြီး ကျွန်မတို့လိုလူတွေနဲ့ မိတ်ဆွေဖြစ်နေရင်တော့ ရှင့်ရှေ့က ကော်ဖီ ခုကတည်းက မသောက်ဘဲထားတာကောင်းမယ်ထင်တယ်'

ကော်ဖီခွက်ကို နှုတ်ခမ်းမှာ တေ့မိထားရင်းက သားမောင် တစ်ယောက် သောက်ရမှာလိုလို၊ မသောက်ရမှာလိုလို ဖြစ်သွားပါ၏။

ဆရာက သားမောင်ပြောသမျှ အစအဆုံးကို တစ်လုံးမှ ဝင်မထောက်ဘဲ မျက်မှောင်ကြုတ်၍ နားထောင်နေသည်။ ဆရာ့ဘေး တွင်ထိုင်နေသော ဆရာ့သူငယ်ချင်း စိတ်ကျန်းမာရေး ဆရာဝန်ကြီးကလည်း တစ်ချက်တစ်ချက်မှာ သူ့လက်ထဲက မှတ်တမ်းစာအုပ်ကလေးထဲမှာ ရေးတို့မှတ်သားနေတာက လွဲလျှင် တစ်လုံးမှ ဝင်မပြော။

နောက်ဆုံးမတော့ စကားအရှည်ကြီး ဆက်တိုက်ပြောနေရသော သားမောင်သာ အာခေါင်ခြောက်လာသဖြင့် ရေတစ်ခွက် စားပွဲပေါ်မှ ယူသောက်လိုက်ရသည်။

'အဲဒါပဲ ဆရာတို့ရယ်၊ ကျွန်တော် တကယ်ပဲ စိတ်ရောဂါဖြစ်နေပြီလား၊ ဒါမှမဟုတ် time travelling ဆိုတဲ့ အချိန်တွေ ကျော်ဖြတ်ခရီးသွားလို့ ရတယ် ဆိုတာကိုပဲ ယုံရမှာလား၊ ဒါမှမဟုတ် အိပ်မက်ဆိုတာ အဲသလောက် ဆန်းကြယ်နိုင်သလား၊ ဆရာတို့ပဲ ပြောကြပါဦး၊ လိုအပ်ရင်လည်း ဆေးသာကုကြပါတော့၊ ကျွန်တော်တော့ တစ်ယောက်ယောက်ကို ဖွင့်မပြောလိုက်ရရင် ရူးသွားမလိုဖြစ်နေလို့ ဆရာတို့ကို ရင်ဖွင့်တာပါ'

ဆရာက ငြိမ်နေရာမှ အနည်းငယ် အသက်ဝင်လာပြီး စိတ်ကျန်းမာရေး ဆရာဝန်ကြီးကို လှည့်ကြည့်သည်။ စိတ်ကျန်းမာရေး ဆရာဝန်ကြီးက လက်ထဲက မှတ်စုစာအုပ်ကို ဘောလ်ပင်နှင့် ပုတ်၍ စဉ်းစားနေပြီးမှဖြေသည်။

'ကိုယ် သေချာတာတစ်ခုပဲ ရှိတယ်'

'ပြောပါ ဆရာ'

'မောင်ရင့်ကို ကိုယ်ဆေးကုဖို့ မလိုဘူး ဆိုတာပဲ'

ဆရာက တစ်စုံတစ်ခု ဝင်ပြောမည့်ဟန် ပြင်လိုက်တော့ စိတ်ကျန်းမာရေး ဆရာဝန်ကြီးက လက်ကာပြသည်။

'ဒက်ရှူးဝါး သူငယ်ချင်း၊ မင်း တပည့်မှာ စိတ်ဝေဒနာ တစ်ခုခု လုံးဝရှိမနေဘူး ဆိုတာ သူ့စကားတွေ ငါ နားထောင်ကြည့်ရုံနဲ့ သေချာတယ်'

'ဒါဖြင့် မင်းက time travelling ကို လက်ခံတော့မယ်ပေါ့'

စိတ်ကျန်းမာရေး ဆရာဝန်ကြီးက ရယ်သည်။



'အဲဒါကို အဲသလောက် လွယ်လွယ်နဲ့ လက်ခံလိုက်ရင် ငါပါ ဆေးကုခံရမယ့်အဆင့် ဖြစ်သွားမှာပေါ့ကွ၊ ငါ့မှာ တခြားပေးလို့ရတဲ့ အကြောင်းရင်း စဉ်းစားထားတာ ရှိပါတယ်'

'ဘာလဲ'

'အိပ်မက်ပါပဲ၊ အိပ်မက်တွေက မက်တဲ့သူ အရင်ကသိခဲ့ဖူးတဲ့ အကြောင်းအရာတွေပေါ်မှာပဲ နှယ်လို့ပွားလို့ရတယ် မဟုတ်လား၊ သားမောင် အိပ်မက်ရဲ့ ပြဿနာက သူ မသိဖူးသေးတဲ့ ကိစ္စတွေပါနေပြီး အဲဒါတွေက အမှန် တချို့ဖြစ်ဖြစ်နေတာပဲ၊ အဲဒါကို ရှင်းလို့ရတာ တစ်နည်းပဲ ရှိတယ်'

'ဘာများလဲ ဆရာ'

သားမောင်က အားတက်သရော မေးမိသည်။

'အဲဒါတွေက မင်းအစကတည်းက သိဖူးထားခဲ့ပြီး မင်းဟာမင်း သိဖူးခဲ့မှန်း မမှတ်မိတော့တာပဲ'

ဆရာက ကောင်းလိုက်တာကွာ။ ခုမှပဲ ငါလည်း စိတ်နည်းနည်း အေးသွားတော့တယ်ဟု ဝင်ပြောသည်။

သားမောင်ကတော့ ခေါင်းသာ ခါမိသည်။

'အဲဒါတွေက ကျွန်တော် မမွေးခင်ကတည်းက ဖြစ်ခဲ့တာလေ ဆရာ'

စိတ်ကျန်းမာရေး ဆရာဝန်ကြီးက ပြုံးသည်။

'မှန်ပါတယ်၊ မင်းကိုယ်တိုင် တွေ့ခဲ့ရတာလို့ ဆရာ မပြောပါဘူး၊ အဲဒီအချိန်ကိုမီခဲ့တဲ့ လူကြီး တစ်ယောက်ယောက်ဆီက ကြားထားဖူးတာမျိုး၊ ဒိုင်ယာရီကို ဖတ်မိထားတာမျိုး၊ အထူးသဖြင့် မင်းသိပ်ငယ်လွန်းတဲ့အချိန်က သိထားမိလိုက်တာမျိုး မဖြစ်နိုင်ဘူးလား'

သားမောင် မျက်မှောင်ကြုတ် စဉ်းစားနေရင်းက ခေါင်း ခါပြသည်။

'မသိဘူး ဆရာ၊ ကျွန်တော်တော့ ဘယ်လိုမှ မမှတ်မိဘူး၊ ဒါဖြင့် ရုပ်တွေကိုပါ ကျွန်တော် သိနေတာမျိုးကရော'

ဆရာက ရယ်သည်။

'ရုပ်တွေကို မင်းသိနေတယ် ဆိုတာက မင်းထင်နေတာလေကွာ၊ ခတ္တာဦးပုံကို အင်တာနက်မှာ စတွေ့ဖူးတယ်ဆိုတာက မင်း အိပ်မက်မက်ပြီးမှ လိုက်ရှာတာ၊ အဲဒီမတိုင်ခင်က နိုင်ငံခြား ဂျာနယ်ဖြတ်ပိုင်းထဲက ပုံပဲဖြစ်ဖြစ်၊ တခြား တစ်နေရာမှာပဲ ဖြစ်ဖြစ် မင်းမမှတ်မိဘဲ မြင်ဖူးနေခဲ့တာမျိုးလည်း ဖြစ်နိုင်သေးတယ်'

စိတ်ကျန်းမာရေး ဆရာဝန်ကြီးက ဝင်ပြောသည်။

'၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှာ ခတ္တာဦး တကယ် သေနတ်မှန်ပြီး သေခဲ့ မသေခဲ့ဆိုတာက တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့အချက် ဖြစ်လာတယ်၊ သေခဲ့သည်ပဲဖြစ်စေ၊ မသေခဲ့သည်ပဲ ဖြစ်စေ အထောက်အထား ရှာတွေ့ဖို့တော့ တော်တော်ခက်လိမ့်မယ်ထင်တယ်၊ စစ်အစိုးရကလည်း အထောက်အထားတွေ မထားခဲ့လောက်ဘူး၊ မိဘဆွေမျိုးတွေ ရှာတွေ့ရင်တော့ ပိုကောင်းမယ်၊ ဒါနဲ့ ဟိုကောင်မလေးကရော တကယ့်ကို တူတာပဲလား'

'ဘယ်ကောင်မလေးလဲ ဆရာ'

'ဟာမင်းပဲ ပြောတာ၊ သီတာဦး ဆိုတဲ့ သခင်ပေါက်စ၊ ထောင်ခြောက်နှစ် ကလေးဟာလေ၊ ခတ္တာဦးနဲ့ တော်တော်တူသလားလို့'

သားမောင် ဖြည်းညင်းစွာ ခေါင်းခါသည်။

'သီတာဦးကို ခတ္တာဦးနဲ့ တူတယ်လို့ ကျွန်တော်မပြောပါဘူး ဆရာ၊ အိပ်မက်ထဲမှာ မြင်ခဲ့တဲ့ သူတစ်ယောက်နဲ့ တူနေတယ်လို့ ပြောတာပါ'

ဆရာက ဝင်မေးသည်။

'အဲဒါ ငါတို့က ခတ္တာဦးကို ပြောတယ် မှတ်နေတာ၊ သူက နို့ ဘယ်သူနဲ့ တူနေတာတုံး'

သားမောင် သက်ပြင်းချ သည်။

'မမွေးပါ ဆရာ၊ အဲဒါကြောင့် သူ့ အမေနာမည် ကျွန်တော် မေးလိုက်တာပါ၊ သူ့ အမေနာမည်က ဒေါ်သက်သက်မျိုးတဲ့၊ မမွေး မဟုတ်ဘူး'



ဆရာ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သားမောင်က တိုးတိုး ဆက်ပြောသည်။

'သူ့မိဘတွေက မရှိကြတော့ဘူး ဆရာ၊ သူ့အမေသာ မမွေးဆိုရင် ခတ္တာဦး အဲဒီနေ့က မသေခဲ့ဖူးလို့ ကျွန်တော် ယုံကြည်မိမှာပဲ၊ ခုတော့ ခတ္တာဦးက လမ်းစပျောက်သွားပြန်ပြီလေ'

ဆရာနှစ်ယောက်စလုံး စကား မပြန်နိုင်ကြသေး။

○

## (၁၀)

### ၂၀၁၄

တာဝန်ကျ ဆရာဝန် အခန်းထဲမှ ခုတင်ပေါ်တွင် အိုင်ပက်တစ်လုံး ပွတ်၍ ထိုင်နေသော သားမောင် အခန်း၀ ခန်းဆီးကလေး လှစ်ခနဲ ဟသွားသဖြင့် မော့ကြည့်လိုက်သည်။

တစ်တန်းတည်းသား လူနာဆောင် တစ်ဆောင်တည်းအတူ တာဝန်ကျ နေပြီး ယနေ့ည တာဝန်ကျမည် ဖြစ်သော ဆရာဝန်မလေး ဒေါက်တာနီလာခင်။

'သားမောင် ဆေးခန်း မသွားသေးဘူးလား'

'ဆရာက ညနေ ၆နာရီမှ စ,ထိုင်မယ်တဲ့၊ အစည်းအဝေးရှိလို့တဲ့၊ ငါ့လည်း ၅နာရီခွဲလောက်မှ လာခဲ့တဲ့၊ အဲဒါနဲ့ ဒီကပဲ ဆက်သွားမလားလို့ စောင့်နေတာ၊ နင် ရောင်း (round) နေတာလား'

နီလာခင်က ပခုံးတွန့်ပြသည်။

'အထဲမှာ အေးအေးဆေးဆေးပါပဲ၊ ဆရာတို့အစည်းအဝေးက ဘာလို့ ဒီလောက်တောင် နောက်ကျ နေရတာလဲ'

'ဆေး(၁)မှာတဲ့ဟာ၊ ကျောင်းသားတွေ ပညာရေးဥပဒေသစ်ကို မကျေနပ်လို့ တောင်းဆိုထားတာတွေရှိလို့ ဆိုလားပဲဟာ၊ ငါလည်း သေသေချာချာ မသိပါဘူး'



နီလာခင်က ခေါင်းညိတ်ပြသည်။

'အေး၊ ဟို တပ်ရင်းမှူးကတော် အစ်မကြီးတော့ ရှုံ့ကာမဲ့ကာ ပြောနေတာပဲ၊ အေစီဒီအီး (ACDE) တို့၊ အင်န်အင်န်အီးအာ (NNER) တို့၊ အေဘီအက်ဖ်ယူ (ABFU) တို့၊ အဲဒါတွေ ခလောက်ဆန်တာတဲ့'

သားမောင် မျက်မှောင်ကြုတ် ကြည့်သည်။

'အဲဒါတွေက ဘာတွေလဲ'

'ကျောင်းသားသမဂ္ဂလို ဟာတွေပေါ့ဟာ၊ တရားဝင် ဖွဲ့စည်းခွင့်တော့ ရထားဟန် မတူဘူး၊ သူတို့က ကန့်ကွက်ကြတာ'

'အဲဒါ သူက ဘာလို့ မကျေနပ်တာလဲ'

'သိပါဘူးဟာ၊ ကျောင်းသားလည်း မဟုတ်တော့ဘဲ ကျောင်းသားတွေကိစ္စ ဝင်ပါတယ်၊ အစိုးရကို ဆန့်ကျင်ချင်လို့ သက်သက်လုပ်တာ ဆိုလားပဲ'

သားမောင် သူ့အိပ်မက်ထဲက ၁၉၈၈ ခုနှစ် အခြေအနေကို ပြန်သတိရပြီး ခြေဖျားလက်ဖျား အေးသွားသည်။

'သူပြောမှ သူငယ်တန်း ကျောင်းသားကိစ္စဆိုရင် သူငယ်တန်း ကျောင်းသားပဲ ပါရမလို ဖြစ်နေပြီ၊ နေပါဦး၊ ဆရာတွေကရော'

'ဆရာတွေလည်း စာသင်တာသာ ကျွမ်းကျင်တော့ မပေါ့ဟာ၊ ဥပဒေပြုတဲ့ ကိစ္စကျတော့ ကျောင်းသားလည်း လိုချင်တာတောင်း၊ ဆရာလည်း လိုချင်တာတောင်း၊ ဥပဒေ ပြုတတ်တဲ့ သူက စနစ်ကျအောင် လုပ်ပေး၊ အဲသလိုဖြစ်တော့မှာပေါ့၊ ငါထင်တာ ပြောတာလေ၊ အင်န်အင်န်အီးအာမှာတော့ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေ ပါတယ်ဆိုပဲ'

'ကောင်းတာပေါ့၊ ဒါဆို'

နီလာခင်က ရယ်သည်။

'နင့် အစ်မကြီးကတော့ မကျေနပ်ဘူးဟ၊ နိုင်ငံတကာက စံတွေနဲ့ မြန်မာပြည် သဘောသဘာဝ မသိဘဲ လာပြောနေကြတာ အဓိပ္ပာယ် မရှိဘူးတဲ့၊ မြန်မာ့ ရေမြေသဘာဝနဲ့ ကိုက်ညီတာ မြန်မာပဲသိမှာတဲ့'

သားမောင် ပခုံးတွန့်မိသည်။

'သိပါဘူးဟာ၊ ငါတို့ ဘယ်လိုလုပ် ဉာဏ်မီမလဲ၊ သူလည်း မမီလောက်ပါဘူး၊ သူက ဘာလို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရတာတဲ့လဲ'

'သေသေချာချာတော့ မသိဘူးဟာ၊ သူနဲ့ တီချယ်နဲ့ ပြောနေကြတုန်းက ငါကြားတာ အင်န်အင်န်အီးအာက ဒေါက်တာသိန်းလွင် ဆိုတာ ဒေါ်အောင်ဆန်းစုကြည်တို့ ပါတီက ဆိုလားပဲ၊ နိုင်ငံရေးတွေ ပါတယ်တဲ့၊ အဲသလို ပြောတာပဲ'

သားမောင်က မဲ့ပြုံးပြုံးသည်။

'သူတို့ကလည်း အဲဒီအဖွဲ့ဆို ရန်သူလိုပဲဟာ၊ ငါသာဆို ပြောထည့်လိုက်ပြီ၊ မြန်မာ့နည်း မြန်မာ့ဟန်ပဲ အမြဲသွားချင်ရင် ဒီဆေးရုံမှာလည်း တိုင်းရင်းသမားတော်ကြီးတွေကို 'ရောင်း' ခိုင်း၊ အစ်မက နောက်ကနေ ကွမ်းအစ်ကြီးပိုက်ပြီး လိုက်သွားလို့'

နီလာခင်က မျက်လုံးကလေး ပိတ်အောင်ရယ်သည်။

'ဒါကြောင့် နင်တို့ နှစ်ယောက် တစ်ခါမှ စကားပြောလို့ အပေါက်အလမ်း မတည့်တာ၊ ဒါနဲ့ကျောင်းသားဟောင်းဆိုတာ ဘယ်လိုလူမျိုးတွေလဲ မသိဘူးနော်'

'ကျွန်မတို့လို လူတွေပါ မမ'

ရုတ်တရက် ပေါ်လာသောအသံကြောင့် သားမောင်ရော၊ နီလာခင်ပါ ပါးစပ် အဟောင်းသားနှင့် လှည့်ကြည့်မိသည်။

သီတာဦး။

ရင်ဖုံးအင်္ကျီ အဖြူကလေးနှင့် ယောထဘီကလေးနှင့် မြန်မာလွယ်အိတ်ကလေး လွယ်လျက်သား ရပ်နေသည်။

အေးချမ်း တည်ငြိမ်လွန်းသည့် အလှမှာ သားမောင် ခေတ္တမျှ ကြက်သေသေသွားသည်။

နီလာခင်က သူ့ဘက်ကို မေးငွေ့ ထုတ်ဟန် လှည့်ကြည့်သည်။

သားမောင်က ရုတ်တရက် သတိပြန်ဝင်လာပြီး ခုတင်ပေါ်က ဆင်းရပ်သည်။



'ဒါ. . . '

သီတာဦးဘက်ကို လက်ညှိုး ထိုးပြပြီးမှ ဘာဆက်ပြောရမှန်းမသိသဖြင့် ကြောင်အမ်းအမ်း ဖြစ်နေသည်။

သီတာဦးက ပြုံး၍ သွက်လက်စွာ ဝင်ပြောသည်။

'သီတာဦးပါ မမ၊ ကိုသားမောင် မိဘတွေနဲ့ ကျွန်မ မိဘတွေက ရင်းနှီးပါတယ်၊ ကိုသားမောင်နဲ့ သီတာတော့ မကြာသေးပါဘူး'

နီလာခင်က ကြောင်အမ်းအမ်းနှင့် ခေါင်းညိတ်သည်။

'ညီမလေးက'

'ကျွန်မက ဆန္ဒပြလို့ ကျောင်းထုတ်ခံထိထားတဲ့ ကျောင်းသူပါ မမ၊ ထောင်လည်း ကျပြီးပါပြီ၊ မမတို့ စောစောက ပြောနေတဲ့ ကျောင်းသား သမဂ္ဂမှာ ပါပါတယ်'

နီလာခင်က ဘာဆက်ပြောရမှန်း မသိတတ်သေး။

'ဘာဖြစ်လို့ ညီမလေးတို့က. . '

သီတာဦးက ပြုံး၍ သွက်လက်စွာ ဖြေသည်။

'နောက်လူတွေ အတွက်ပါ မမ၊ ပိုကောင်းစေချင်လို့ပါ။ ကိုယ့်ကိုတော့ ကျောင်းကပြန်လက်ခံမှာ မဟုတ်တာ၊ ဘွဲ့မရတော့မှာ သေချာပြီးသားပဲလေ၊ နောက်လူတွေ အကျိုးရှိအောင်လို့ပါ'

နီလာခင် သက်ပြင်းချသည်။

'မမတို့လည်း သေသေချာချာ လေ့လာမထားပါဘူးကွယ်၊ အခု ပညာရေး စနစ်က တော်တော် ဆိုးနေလို့လား'

သီတာဦးက ပြုံးပြသည်။

'ဘယ်စနစ်မဆို အကောင်းအဆိုး ဒွန်တွဲနေမှာပေါ့ မမ၊ အရေးကြီးတာက မကောင်းတဲ့ အပိုင်းကို ဝေဖန်လာရင် သဘောထားကြီးဖို့နဲ့ ပြုပြင်ဖို့ ဝန်မလေးဖို့ပဲ မဟုတ်လား၊ အင်္ဂလိပ်ခေတ် ပညာရေး ဥပဒေကို မကျေနပ်ခဲ့တဲ့ ဦးအောင်ဆန်းတို့ ဆန္ဒပြတုန်းက ကျောင်းထုတ်ခဲ့ပေမယ့် နောက်ပိုင်း ပြန်လက်ခံခဲ့လို့ ဘွဲ့ရခဲ့ဖူးတာပဲလေ၊ ကျွန်မက ၂၀၀၇ ခုနှစ်မှာ သံဃာတော်တွေ

မေတ္တာသုတ်ရွတ်ပြီး လမ်းလျှောက်နေကြတုန်းက သူတို့ကို စိတ်ပူလို့ ဘေးက ကာပြီး လိုက်သွားတယ်၊ ကျောင်းထုတ်ခံရတယ်၊ လိုက်ဖမ်းတယ်၊ ၂၀၀၈ မှာ ထောင်ကျတယ်၊ အခု ကျောင်းပြန်တက်ခွင့် မရတော့ဘူးဆိုတော့ အဲဒီတုန်းက အင်္ဂလိပ်တွေရဲ့ စနစ်လောက်တောင် သဘောထားမကြီးသလို ဖြစ်မနေဘူးလား'

နီလာခင် ဘာပြန်ဖြေရမှန်းမသိ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

နောက်ဆုံး မနေသာတော့ဘဲ သားမောင် ဝင်ပြောလိုက်ရသည်။

'ဒါနဲ့ သီတာဦး ကျွန်တော့်ဆီ လာတာလား'

သီတာဦးက ပြုံး၍ ခေါင်းညိတ် ပြသည်။

'ကိုသားမောင်အမေ ညက ကျွန်မဆီ ဖုန်းဆက်ထားတယ်၊ အဲဒါ ကိုသားမောင်နဲ့ နည်းနည်းပြောချင်လို့ ဝင်လာတာ၊ ဆေးခန်းတော့ သွားခါနီးပြီမှန်း သိတယ်၊ ဆေးခန်းပြီးရင် အချိန်နည်းနည်း ရမလားလို့'

နီလာခင်က အူကြောင်ကြောင်ဖြင့် နောက်တစ်လှမ်း နှစ်လှမ်းဆုတ်၍ လက်ဟန်ခြေဟန်နှင့် 'သွားတော့မယ်' ဟု ပြကာ ထွက်ခွာသွားသည်။

'ကျွန်တော် ဆေးခန်း မသွားသေးပါဘူး၊ အခု အချိန်ရပါတယ်၊ ကျွန်တော့်ဆရာက အဲဒီသီတာဦးတို့ ပြောတဲ့ ပညာရေး ဥပဒေအသစ်ကိစ္စတွေ ကျောင်းမှာ အရေးပေါ်အစည်းအဝေးရှိလို့ နောက်ကျမယ် ပြောထားတယ်'

သီတာဦးမျက်နှာ အားနာဟန် ပေါ်လာသည်။

'ကျွန်မက ကိုသားမောင်ကို ဝင်ချိန်းရုံ ချိန်းတာ၊ ဒီအလုံထဲမှာ အစည်းအဝေး သဘောမျိုးလေး ဆုံဖို့ရှိသေးတယ်၊ ည ၈ နာရီလောက်မှပြီးမှာ၊ အဲဒါဆိုရင် ကိုသားမောင် ဆေးခန်းပျက်နေမလားပဲ'

သားမောင် ခဏ စဉ်းစားနေသည်။ ပြီးမှ ဖြေသည်။

'ရပါတယ်၊ သီတာဦးပြီးရင် ဖုန်း ဆက်လိုက်လေ၊ ကျွန်တော့် ဆရာ့ကို ခွင့်တောင်းပြီး ထွက်လာခဲ့မယ်၊ ဘယ်မှာ ဆုံမလဲသာပြော'

သီတာဦး မျက်နှာရွှင်လန်းသွားသည်။



'ကျေးဇူးပဲ၊ ကိုသားမောင်၊ ကျွန်မလည်း အားနာပါတယ်၊ အနိတီ ပြောတဲ့ ကိစ္စကလည်း အေးအေးဆေးဆေး ပြောမှဖြစ်မှာမို့ပါ၊ ကိုသားမောင် ဆေးခန်းနဲ့နီးတဲ့ မင်းလမ်း မုန့်တီဆိုင်မှာပဲ ဆုံကြတာပေါ့၊ ဟုတ်လား'

'အိုကေလေ'

သီတာဦး လှည့်ထွက်သွားသည်။

မင်းလမ်းမုန့်တီဆိုင်က နာမည်ကသာ မုန့်တီဆိုင် ဖြစ်သော်လည်း ခြံနှင့်ဝင်းနှင့် ကားရပ်နားကွင်းနှင့် တော်တော် သားနားသောနေရာ ဖြစ်သည်။

ကားရပ်နားကွင်းက အောက်မှာဖြစ်ပြီး လှေကားကလေးနှင့် ကုန်းကမူကလေးပေါ် တက်လာမှဆိုင်ပေါ် ရောက်သည်။ ဆိုင်ကအထဲတွင်လည်း ထိုင်၍ရသော်လည်း သားမောင်က အပြင်မှာထိုင်ဖို့ ရွေးလိုက်သည်။

မိုးတော့ မရွာလောက်ပါဘူးလေ။

တကယ်က မိုးအကုန် ဆောင်းအကူးကို ရောက်နေပြီ။ ဟိုကောင်မလေး ရောက်လာမည့် မှောင်ရီပျိုးစ အချိန်ဆိုရင် နည်းနည်းတောင် အေးချင်အေးနိုင်သည်။

'ဘာမှာမလဲ အစ်ကို' ဟု မေးလာသော စားပွဲထိုးမကလေးကို 'စောင့်သည် စောင့်ဦးမယ်' ဟုဖြေ၍ ဘေးမှာချထားသော အိတ်ထဲမှ အိုင်ပက်ကို ပြန်ထုတ်သည်။

အင်တာနက်ဖွင့်၍ ဆာဖာရီဘလောက်က ပုံကို နှိပ်လိုက်သည်။

ဆေးရုံမှာ ရှာထားလက်စဖြစ်သော စာမျက်နှာ ပြန်ထွက်လာသည်။

စာမျက်နှာကို အပေါ်အောက် ခေါက်တုံ့ခေါက်ပြန် ပွတ်ကြည့်သော်လည်း သူလိုချင်သော အဖြေကမရ။

မျက်မှောင်ကြုတ်၍ ဂူဂဲလ်ကို ပြန်ဝင်သည်။ ခတ္တာဦး Khatta Oo ဟု ရိုက်ကြည့်ပြန်သည်။ သူကြည့်နေကျ ခတ္တာဦး သေနတ်မှန် လဲကျနေသည့် ပုံကလွဲ၍ အသစ် ဘာမှရှာမတွေ့။

ဝီကီပီဒီးယားထဲကို ဝင်၍ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့၊ ရန်ကုန် September 1988 Yangoon ဟု ရိုက်ကြည့်ပြန်သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် စစ်အစိုးရအာဏာ သိမ်းပြီးနောက်ပိုင်း ဆန္ဒပြသူများကို ပစ်ခတ်မှုကြောင့် သေဆုံးသူ ထောင်ဂဏန်းချီ ရှိသည်ဟုသာ ဖော်ပြထားပြီး။ သေဆုံးသူ အမည်တွေ ရှာမတွေ့။ စစ်အစိုးရ သတင်းစာရှင်းလင်း ပွဲများတွင်တော့ ရာဂဏန်းသာ ဝန်ခံထားသည်။ ဒါလည်း စာရင်းမတွေ့။

ခတ္တာဦး သွေးအိုင်ထဲမှာ လဲနေသည့်ပုံကို တစ်ခေါက်ပြန်ကြည့်သည်။ ဟုတ်ပါတယ်။ အိပ်မက်ထဲက ခတ္တာဦး အစစ်ပါပဲ။

နှင်းစက်ကလေးတွေ ကျလာသယောင် ခံစားရသည်။

အနွေးထည် ဝတ်မထားသော်လည်း ဝတ်ထားသည့် ရှပ်အင်္ကျီ လက်ရှည်က တော်တော်ထူသဖြင့် လည်ပင်းကြယ်သီးကိုသာ စေ့လိုက်သည်။

'ချမ်းများနေလား ကိုသားမောင်'

ကြည်လင်သော အသံကြောင့် လှည့်ကြည့်တော့ ပြုံး၍ ရပ်နေသော သီတာဦး။

'မချမ်းပါဘူး၊ ထိုင်လေ' ဟု ပြောတော့ သူနှင့် ထောင့်ချိုးက ခုံကလေးတွင် ဝင်ထိုင်သည်။ အပေါ်က မိုးထားသော ထီးအောက်မရောက်မှာစိုး၍ သူက စိတ်ပူစွာ မော့ကြည့်တော့ သီတာဦးက လိုက်မော့ကြည့်ပြီးရယ်သည်။

'ဒီရေစက်လောက် ကျွန်မ မကြောက်ပါဘူး၊ကိုသားမောင် အချမ်းကြောက်ရင် ဘာလို့ အထဲမှာ မထိုင်လဲ'

သားမောင် ပခုံးတွန့်ပြသည်။



'ကျွန်တော်လည်း အအေးတော်တော်ကြိုက်တာပါ၊ ဒါပေမဲ့ ဒါက ရေစက် မကဘူးထင်တယ်၊ ဆောင်းအဝင်ဆိုတော့ နှင်းစက်တွေ များလားလို့၊ သီတာဦး အအေးမိမှာ စိုးလို့ပါ'

သီတာဦးက ကြည်လင်စွာ ရယ်သည်။

'နှင်းဆွတ်. . ရေလို့ ခေါ်တယ်၊ ကိုသားမောင်ရဲ့'

သားမောင် မျက်လုံးပင့်ကြည့် သည်။

'ဘာ. . . နှင်းဆွတ်ရည်၊ ဟုတ်လား'

'နှင်းဆွတ်ရည် မဟုတ်ဘူး၊ နှင်းဆွတ်ရေတဲ့၊ ကျွန်မ မေမေ နာမည်ပေးထားတာ၊ မိုးက ကုန်ရောလေ၊ မိုးတွင်းမှာ သဲသဲမဲမဲ မိုးသက်လေပြင်းတွေ ကျတဲ့ ဒဏ်ကို ကျွန်မတို့ ခံစားခဲ့ရပြီးခါစ၊ ဟို အရှေ့မှာလည်း ပူပြင်းတဲ့ နွေအပူချိန်ကို ခံခဲ့ရပြီးပြီ၊ ဆောင်းဆိုတာ ကျွန်မတို့ နိုင်ငံမှာ နေပျော်စရာ အကောင်းဆုံး အေးမြတဲ့ရာသီ၊ မိုး အကြွင်းအကျန် ရေစက်ကလေးတွေမှာ ကျခါစ နှင်းက ဝင်ဆွတ်တာ၊ နှင်းဆွတ်ရေ တဲ့၊ ကျွန်မ မေမေက စာဖတ်တာ ဝါသနာပါတော့ အဲသလို လှလှကလေး ရှင်းပြဖူးတယ်၊ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကတော့ ဝတ္ထုတစ်ပုဒ်မှာ နှင်းငွေ့တစ်ထောင့် မိုးတမှောင့်လို့ သုံးဖူးတယ်တဲ့၊ ဒါပေမဲ့ အဲဒါက ထိခိုက်ခံစားရတာကို တင်စားပြီး ဖွဲ့တာတဲ့၊ သူကတော့ ဆောင်းအဝင် ရာသီဥတုကလေးကို ချစ်တော့ 'နှင်းဆွတ် . . ရေ' လို့ တင်စားချင်သတဲ့၊ ကျွန်မမေမေ ဘယ်လောက် ကဗျာဆန်သလဲ ကြည့်စမ်း၊ ကျွန်မနဲ့ တခြားစီပဲနော်'

သားမောင်ကတော့ 'နှင်းဆွတ် . . ရေ' ဆိုသည့် နာမည်လေးကို ရွတ်ကြည့်ရင်းက သဘောကျစွာ ခေါင်းကို ညိတ်သည်။

'အေးချမ်းတော့မယ့် နိမိတ်ဆိုတဲ့ သဘောပေါ့နော်'

'ဟုတ်တယ်၊ ဒါပေမဲ့ ဖေဖေတို့ မေမေတို့သာ ဆုံးပြီး ကျွန်မသာ ဒီအရွယ်ရောက်လာရော၊ အေးချမ်းမယ့် ပုံတော့ မပေါ်သေးပါဘူးရှင်'

သီတာဦးကပြောရင်း ရယ်ပြန်သည်။

သားမောင်က စားပွဲထိုးမကလေးကို ပြန်ခေါ်၍ သီတာဦးကို 'ဘာစားမလဲ' မေးသည်။ သီတာဦးက ထုံးစံအတိုင်း 'ဗိုက်ပြည့်တာ' ဟုသာ ဖြေသည်။ သားမောင် 'ဂဏန်းပျော့ ကြော်'၊ 'ငါးသောက်ဆမ်း'၊ 'အသီးအရွက်စုံကြော်' နှင့် ထမင်းနှစ်ပွဲမှာ လိုက်သည်။

အိုင်ပက်ကို အင်တာနက် ပြန်ပိတ်ဖို့ ခလုတ်နှိပ်လိုက်တော့ နောက်ဆုံးကြည့်နေမိသည့် ခတ္တာဦး သွေးအိုင်ထဲမှာ လဲနေသည့်ပုံ ပြန်ပေါ်လာသည်။ သူ ကမန်းကတန်း ပိတ်သော်လည်း သီတာဦးက မြင်သွားသည်။

'ဆောရီးနော်၊ ရှင်ကြည့်နေတာ ၈၈ တုန်းက ပုံတွေလား'

သားမောင် သက်ပြင်းချသည်။

'ဟုတ်တယ်၊ ကျွန်တော့် ဆရာက အစည်းအဝေး သိပ်နောက်ကျနေလို့ ဆေးခန်းပိတ်ခိုင်းလိုက်တယ်၊ အဲဒါနဲ့ ကျွန်တော် တော်တော်စောစော ဒီရောက်လာပြီး အင်တာနက် ကြည့်နေတာ'

သီတာဦး မျက်နှာ အံ့ဩဟန် မပျောက်သေး။

'ရှင်က ၈၈ တုန်းက ကိစ္စတွေ ဘာလို့ စိတ်ဝင်စားနေရတာလဲ'

သားမောင် ခေါင်းခါသည်။

'ကျွန်တော် အမှန်အတိုင်းပြောပြရင် ခင်ဗျားထွက်ပြေးမှာ၊ ကျွန်တော့်ကို အရူးဆိုပြီးတော့လေ'

သီတာဦးက ပြုံးသည်။

'မပြေးဘူးလို့ ကတိပေးပါတယ် ရှင်၊ ကျွန်မလည်း သိပ်ကောင်းလှတာမှ မဟုတ်တာ၊ ပြောပြပါဦး'

သားမောင် ခဏမျှတွေဝေ စဉ်းစားနေပြီးမှ သက်ပြင်းချ၍ အိုင်ပက်ကို ပြန်ဖွင့်ပြလိုက်သည်။

'ဒီမိန်းကလေး နာမည်က ခတ္တာဦးတဲ့၊ ကျောင်းဆရာမကလေး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာ သေနတ်မှန်ပြီး ကွယ်လွန်သွားတာ၊ ဒီပုံက အဲဒီအချိန်မှာ ရှိနေတဲ့ နိုင်ငံခြား သတင်းထောက် တစ်ယောက်က ရိုက်ထားလိုက်တာ'



'အဲဒါ ရှင်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ'

'ပတ်သက်တာကတော့ အဲဒီမိန်းကလေး သေနတ်မှန် လဲကျသွားတာကို ကျွန်တော် အကြိမ်ပေါင်းများစွာ အိပ်မက်မက်နေခဲ့တာပဲ'

သီတာဦး မျက်ခုံး ပင့်ကြည့်သည်။

'ရှင် ဒီသတင်းကို အစွဲအလမ်း လွန်နေတယ်လို့ ပြောတာလား'

'ဒီ သတင်းကို မမြင်ဖူးခင် ကတည်းကပါ'

သီတာဦး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သားမောင်က နောက်ဆုံး သူ့အိပ်မက်ရှည်ကြီး မက်ခဲ့သည့် အထိနှင့် စိတ်ကျန်းမာရေး ဆရာဝန်နှင့် ဆွေးနွေးခဲ့ရပုံတို့ကိုပါ ပြောပြလိုက်သည်။

'ရှင့်အိပ်မက်က တော်တော် အဖြေရှာရခက်တဲ့ အိပ်မက်ဆိုတာ မှန်ပေမယ့် ကျွန်မလည်း စိတ်ကျန်းမာရေး ဆရာဝန်ကြီးလိုပဲ ရှင့်မှာ စိတ်ဝေဒနာ မရှိနိုင်ဘူးလို့ပဲ ထင်ပါတယ်'

'ကျေးဇူးပါဗျာ'

စားစရာများ ရောက်လာသည်။ သီတာဦးက ဟင်းပွဲ အားလုံးကို သူ့ပန်းကန်ထဲသို့ နည်းနည်းစီ ဦးချသည်။

ပြီးတော့ တိတ်ဆိတ်စွာ စ,စားကြသည်။

ခဏနေမှ သတိရပြီး သားမောင်က မေးသည်။

'ခင်ဗျားကို မေမေ ပြောတာ ပြောမလို့ဆို'

သီတာဦးက ခေါင်းညိတ်ပြသည်။

'အန်တီက တားတာ'

'ဘာကိုလဲ'

'ကျွန်မ မန္တလေးသွားမယ့် ကိစ္စကို သူ ဒေါ်လေးဆီက သိသွားတယ်၊ အဲဒါလှမ်းတားတာ'

'ခင်ဗျားက မန္တလေး ဘယ်တော့သွားမှာလဲ'

'မနက်ဖြန်'

'မေမေက ဘာလို့ တားတာလဲ'

'ကျွန်မသွားမယ့်ကိစ္စကို သိလို့ပါ'

'အဲဒါက'

'ပညာရေး ဥပဒေအသစ်ကို ဆန္ဒပြဖို့ ကိစ္စ'

သားမောင် ဘာပြောရမှန်းမသိ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သီတာဦးက ပြုံး၍ ထမင်းကို ဆက်စားနေသည်။

ခဏနေမှ သားမောင် တိုးတိုး ပြောသည်။

'ဒါကြောင့် ခင်ဗျား ကော်ဖီ မသောက်တာကိုး'

သီတာဦးက ရယ်သည်။

'မြန်မာပြည် ပြောင်းလဲပြီလို့ ထင်နေတဲ့ လူတွေထဲမှာ ရှင်ပါရင်တော့ ကျွန်မ ကော်ဖီ သောက်လို့ရတယ်၊ ဘာမှဖြစ်မှာ မဟုတ်ဘူးလို့ လောင်းလေ'

သားမောင်က စိတ်ရှုပ်စွာဖြင့် ခေါင်းခါသည်။

'ဒါ ရယ်စရာကိစ္စ မဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော် တကယ် ညီမလေး တစ်ယောက်လို သဘောထားပြီး ပြောမယ်၊ ခင်ဗျား မသွားပါနဲ့၊ ခင်ဗျား မှန်ချင်မှန်မယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ ခင်ဗျားတို့အားလုံး မှန်ချင် မှန်မယ်၊ ဒါပေမဲ့ ခင်ဗျားတို့ အားလုံး ကျောက်တောင်ကို ခေါင်းနဲ့ တိုက်နေကြတာပဲ၊ 'တယောနီ' ဆိုတဲ့ ဟောလိဝုဒ်ဇာတ်ကား တစ်ကား ကျွန်တော် ကြည့်ဖူးတယ်၊ အဲဒီထဲမှာ ပြောတဲ့ စကားကလေးတစ်ခွန်း ပြန်ပြောပြမယ်၊ အမှားဟာ ခွန်အားကြီးမားလွန်းနေချိန်မှာ အမှန်တရားဟာ စိတ်ရှည်ရှည် စောင့်ရသတဲ့၊ ခင်ဗျားဘဝကလေး အရွယ်ကောင်းအားလုံး ထောင်ထဲမှာ ကုန်သွားပြီး ဘာမှလည်း အရာမထင်မှာစိုးလို့ ကျွန်တော်တားတာ'

မနားတမ်း ပြောနေသော သားမောင်ကို ကြည့်၍ ခတ္တာဦး ပြုံးသည်။

'ရှင် အိပ်မက်ထဲမှာတုန်းက အဲဒါတွေ ခတ္တာဦးကို ပြောခဲ့ရမှာ'

'ခတ္တာဦးက နိုင်ငံရေးလုပ်တာ မဟုတ်ဘူး၊ ကလေးတစ်ယောက်ကို ကယ်ဖို့ ကြိုးစားတာ'

'ကျွန်မလည်း နိုင်ငံရေး တစ်ခါမှလည်း မလုပ်ပါဘူး၊ ကလေးတွေကို ကယ်ဖို့ ကြိုးစားတာပါပဲ'



သားမောင် ဆွံ့အသွားသည်။

ဘာမှပြန်မပြောနိုင်ဘဲ ဖြစ်နေသော သားမောင်ကိုကြည့်၍ ခတ္တာဦးက တိုးတိုးရယ်သည်။ ပြီးတော့ လက်အုပ်ကလေး ချီသည်။

'ရှင့်ကို စကားနိုင်လုပြောသလို ဖြစ်သွားရင် ကျွန်မ ကန်တော့ပါတယ်၊ ရှင်ပြောလိုက်တဲ့ 'တကယ် ညီမလေး တစ်ယောက်လို' ဆိုတဲ့ စကားလေးက နွေးထွေးလိုက်တာ၊ ကျွန်မ တစ်ခါမှ အဲဒါမျိုး အပြောမခံရဖူးဘူး၊ ရှင့်လို အစ်ကိုမျိုးရရင် ကျွန်မ တကယ့်ကို လိုချင်ပါတယ်၊ ရှင့်ကို 'ကိုသား' လို့ပဲ ခေါ်ခွင့်ပြုပါနော်။ ကျွန်မကိုလည်း 'သီတာ' လို့ပဲ ခေါ်ပါလား'

သားမောင် ဘာပြန်ပြောရမှန်း မသိပါ။

သူ့ရှေ့မှာ လက်အုပ်ကလေးချီ ၍ ထိုင်နေသော သီတာဦးကို ကြည့်ရင်း အိပ်မက်ထဲမှာ ခတ္တာဦးကို ညီမလေး အရင်းတစ်ယောက်လို အပိုင်လိုချင်ခဲ့ မိသည့် ခံစားချက်မျိုး ပြန်ပေါ်လာသည်။

ချစ်စရာကောင်းလိုက်တာ။

သည်မျှ ချစ်စရာကောင်းသည့် မိန်းကလေးက သည်မျှ အကျည်းတန် လှသော အရပ်ကိုနေလည်း နေဖူးပြီးခဲ့ပါလျက်နှင့် နောက်တစ်ခါ ဘာ ကြောင့်များ လမ်းဖောက် နေရပါသနည်း။

သားမောင် သက်ပြင်းချသည်။

'အေးပါဗျာ၊ အဲ သီတာရယ်၊ ဒါနဲ့ သီတာက တို့ကို ဘာမှာချင်တာလဲ'

သီတာဦးက ပြုံးသည်။

'သီတာတို့ ခရီးက ရှည်မှာ၊ အန်တီကလည်း တစ်ချိန်လုံး ဖုန်းဆက်တား မှာပဲ၊ အဲဒါကြောင့် သီတာ ဖုန်းမယူသွားတော့ဘူး၊ အဲဒီကျရင် သူ ကိုသားကို ဆက်မှာ၊ လိုက်ခေါ် ခိုင်းချင်ရင်တောင် ခေါ်ခိုင်းနိုင်တယ်၊ ကိုသား လိုက်မလာ ပါနဲ့၊ သူ့ကိုပဲ ဖျောင်းဖျပေးပါ၊ သီတာကြောင့် ကိုသားပါ တစ်ခုခုဖြစ်ရင် သီတာ့ကိုယ် သီတာ ခွင့်မလွှတ်နိုင်မှာစိုးလို့ပါ'

သားမောင် ဆွံ့အနေဆဲ။

ဘတ်စ်ကားဂိတ်အထိ သီတာဦးကို လိုက်ပို့သည်။ ကားစောင့်နေရင်းက သားမောင် အတွေး ပင်လယ်ဝေ၍ နှုတ်ဆိတ် နေသည်ကို ကြည့်ရင်းက သီတာဦး သက်ပြင်း အကြိမ်ကြိမ် ချနေရသည်။

ခဏနေမှ သားမောင် သတိရဟန်ဖြင့် လှည့်မေးသည်။

'သီတာ့ နာမည်မှာ ဘာလို့ 'ဦး' ပါနေရတာလဲဟင်'

သီတာဦးက သားမောင်ကို ကြောင်ကြည့်နေသည်။ ပြီးတော့မှ သတိရသွားဟန်ဖြင့် ရယ်သည်။

'ဘာလဲ၊ ကိုသားက သီတာ့ကို ခတ္တာဦးရဲ့ သမီးလို့ ထင်နေပြန်ပြီလား၊ သီတာ့အမေ နာမည် ဒေါ်သက်သက်မျိုးပါလို့ ပြောပြီးသားပဲ၊ သီတာ့ နာမည်က 'ဦး' က ဖေဖေ့ဆီက ယူတာပါ။ ဟော ကားလာနေပြီ၊ သီတာ သွားပြီနော်'

သားမောင် လှမ်းတားမည် ကြံလိုက်ချိန်တွင်ပင် သီတာဦးက ဘတ်စ်ကားပေါ် ပြေးတက်သွားသည်။

သားမောင် တစ်ယောက်တည်း အမှောင်ထဲတွင် ကျန်ခဲ့လေသည်။

၂၀၀၅

ရောမ လူပင်လယ်ကြီး။

တစ်ဖက်မှာက ရှပ်အင်္ကျီအဖြူ ဘလောက်စ်အဖြူဝတ် ကျောင်းသားကျောင်းသူ လူငယ်ကလေးတွေ။ တစ်ဖက်မှာက ရဲယူနီဖောင်းအပြည့် အစုံဝတ်ထားသော လုံထိန်း တပ်ဖွဲ့ဝင် ရဲဘော်၊ ရဲမေတွေ၊ ပတ်ပတ်လည်မှာက ဝိုင်းအုံကြည့်နေသော ပြည်သူလူထု။

သားမောင် အဲသည် လူပင်လယ် ကြီးထဲမှာ တိုးဝှေ့ လျှောက်သွားနေသည်။ ရာသီဥတုကလည်း ပူပြင်းလိုက်တာ။ ရေငတ်လိုက်တာလည်းအာခေါင ကွဲမတတ်။



သူကတော့ သူရှာနေသည့် သူကို မတွေ့မချင်း လူအုပ်ကြီးထဲတွင် အလောတကြီး တိုးဝှေ့လျှောက်သွားနေသည်။

'စည်းကမ်း ရှိကြပါ၊ စည်းကမ်း ရှိကြပါ၊ ကျွန်တော်တို့ ဘယ်လောက် စည်းကမ်းရှိတယ်ဆိုတာ ပြကြပါ'

ရှပ်အင်္ကျီ လည်ကတုံး ဝတ်ထားသည့် ကျောင်းသားခေါင်းဆောင် တစ်ဦးက လက်နှစ်ဖက်မြှောက်၍ ကျောင်းသူကျောင်းသားများဘက်သို့ လှည့်၍ အော်ပြောနေသည်။

ခပ်ဝေးဝေးမှာပဲ ရဲသားများ တင်ထားသည့် ထရပ်ကားတွေ ထပ်ဆိုက်လာတာ လှမ်းတွေ့ရသည်။ ဘုရား၊ ဘုရား။ ဘာမှမဖြစ်ကြပါစေနဲ့ဘုရား။

တဗိုင်းဗိုင်းခုန်နေသည့် ရင်ကို တည်ငြိမ်အောင် ကြိုးစားရင်းက စောစောက ကျောင်းသား ခေါင်းဆောင်ဘက်ကို ဦးတည်၍ လူအုပ်ကြီးကို သူတိုးသွားသည်။

ဟာ. . . ဟိုမှာ။

သူ ရှာနေသူကို ကျောင်းသူစုစုထဲတွင် လှမ်းတွေ့သည်။ ဘလောက်စ်အင်္ကျီဖြူကလေးနှင့် တည်ငြိမ်လွန်းသော မျက်နှာထားနှင့်။

'သီတာ. . သီတာ. . .'

သူ အော်သော်လည်း သူ့ပါးစပ်က ဘာသံမှ ထွက်မလာပါ။ တံတွေးခြောက်ကပ်ကပ်ကို ဖျစ်ညှစ် မျိုချ၍ သူကြိုးစား၍ ထပ်အော်ခေါ်သည်။

'သီတာ'

တဗိုင်းဗိုင်း ခုန်နေသော ရင်အစုံနှင့် သူ့အိပ်မက်ဆိုးမှ လန့်နိုးသွားပါသည်။

၀

## (၁၁)

၂၀၁၄

ဆေးရုံ အပန်းဖြေခန်းမ အတွင်းတွင် ဂီတသံများ ဆူညံစွာ ထွက်ပေါ်နေသည်။

'ကိုသားမောင် တစ်ပုဒ်လောက်'

အလုပ်သင် ဆရာဝန်ကလေး တစ်ယောက်က ပြုံး၍ တိုက်တွန်းသည်။

နောက်ကျိသောခေါင်း၊ ရှုပ်ထွေး မွန်းကျပ်နေသောရင်နှင့် သည်နှစ်သစ်ကူး ပျော်ပွဲညမှာ သီချင်းဆိုဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သဖြင့် ခေါင်းသာ ခါပြလိုက်ရသည်။

'လုပ်ပါ ကိုသားမောင်ရဲ့၊ ကိုသားမောင်က ဦးနိုင်ထူး သီချင်းတွေဆိုတာ သိပ်မိုက်တယ်လို့ ကြားထားတာ၊ ဘာတဲ့ နှင်းသက်သက်ဝေနှင်းဆိုတာလေ၊ သကြန်တုန်းက ဆိုတယ်ဆို၊ နွေမှာတောင် ဆိုသေးတာ အခုဆောင်းမှာ ပိုဆိုရမှာပေါ့'

အလုပ်သင် ဆရာဝန်မကလေး တစ်ဦးက ပွဲကောင်းပြန်သည်။

ရုတ်တရက် ဘာဖြေရမည် မသိ။

နောက်မှာတော့ သီချင်း ဆိုသူတွေရော၊ အားပေးသူတွေရော၊ ကိတ်မုန့်ဝေသူတွေရော ဆူညံနေသည်။



သူ အလွန်နှစ်သက်စွာ ခဏခဏ ဆိုခဲ့ဖူးသည့် (ဦး) နိုင်ထူး၏ သီချင်းစာသားများကို သူ ရုတ်တရက် သတိရသွားသည်။

*'အစောဆုံး . . . ပြန်ခဲ့ကွယ်၊*

*မင်း မိတ်ဆွေမိုးသို့ လှမ်းမှာရင်း*

*ကိုယ်ရယ်ပါ နှင်းသက် . . . သက်ဝေ နှင်းရယ်. . .*

*ကိုယ်ရယ်ပါ နှင်းသက်. . . သက်ဝေနှင်း'*

မိုးနှင့် နှင်းက အဲသည် သီချင်းထဲမှာတော့ မိတ်ဆွေတွေ ဆိုပဲ။

သီတာဦး၏ ကွယ်လွန်သူ မိခင် ဒေါ်သက်သက်မျိုးကတော့ အမိမြန်မာပြည်ကြီးသည် နွေ၏ ပူပြင်းသောဒဏ်ကိုလည်း ခံခဲ့ရပြီးပြီ။ ကြားခံမိုးတို့သဲကြီးမဲကြီး ရွာပြီး သည့်နောက်တွင် အေးမြသော နှင်းစက်တို့ကို လက်ကျန်မိုးစက်တို့ ဆွတ်ဖျန်းသည့် 'နှင်းဆွတ်. . ရေ' တို့ဖြင့် အေးမြ ပေလိမ့်ဦးမည်ဟု အကောင်းဘက်က နိမိတ်ဖတ်ခဲ့သည်။

သူ့ရင်သွေး သီတာဦး တစ်ယောက်ကတော့ နေ့ပူ၍ ညချမ်းသည့် အညာ ဆောင်းအလယ်မှာ ယုံကြည်ချက် ပြင်းထန်သူ အဖော်တစ်စုနှင့် ကြမ်းတမ်းရုတသော နိုင်ငံရေး စိန်ခေါ်မှုများကို ရင်ဆိုင်ဖို့ ထွက်သွားလိုက်တာ တစ်လတောင် ရှိနေပါပေါ့လား။

ဘယ်မှာလဲ. . နှင်းဆွတ်ရေ။

ပုံစံကတော့ ပူပြင်းသည့် နွေဘက်ကို ပြန်လှည့်နေသည်ဟုသာ သားမောင် ထင်မိတော့သည်။

'ကိုသားမောင် လုပ်လေ ဆိုပါ ဆို'

စောစောက အလုပ်သင် ဆရာဝန်မကလေးက ငေးငိုင်နေသည့် သူ့ကို ကြည့်၍ အားမရစွာ ထပ်ပြောသည်။

သူ ရယ်သွမ်း သွေးလိုက်သည်။

'အေးပါဟာ၊ ဆိုပါ့မယ်၊ ငါ ဖုန်း တစ်ခုစောင့်နေလို့ပါ'

'ဟား ဟား၊ မိပြီ၊ လူပျိုကြီး၊ ရည်းစားမရှိဘူးလည်း ဆိုသေးရဲ့၊ နယူးရီးယားမှာလည်း ဖုန်းစောင့်နေသေးရဲ့'

ကောင်မလေးက ရင်းနှီးစွာ ကျီစယ်နေပြန်သည်။

'အမေ့ ဖုန်းပါဟာ၊ ငါ့ အမေက နိုင်ငံခြားမှာ နေတာ၊ နယူးရီးယား ညတိုင်း ငါ့ကို ဖုန်းဆက်နေကျမို့'

အဲဒါအမှန်ပင် ဖြစ်သော်လည်း တကယ်တမ်းကတော့ သီချင်းမဆို ချင်တာနှင့် ငြင်းလိုက်တာ ဖြစ်သည်။

သို့သော် ထိုသို့ ဖြေလိုက်စဉ်မှာပင် အင်္ကျီအိတ်ကပ်ထဲ ထည့်ထားသော အိုင်ဖုန်းက တုန်ခါလာသည်။ အသံတော့ မကြားရ။ ပတ်ဝန်းကျင်က ဆူညံလွန်းနေ၍ ဖြစ်မည်။

ထုတ်ကြည့်လိုက်တော့ ခေါ်ဆို သူအမည် မပေါ်တာကို တွေ့ရသည်။ သေချာပါပြီ။ နိုင်ငံခြားက ဖုန်းဆိုတော့ မေမေ့ဖုန်းပါပဲ။

'ကဲ ခေါ်ပြီ၊ ငါ ထွက်ပြောလိုက်ဦးမယ်'

'ပြန်လာရင် ဆိုရမယ်နော်'

'အေးပါဟာ'

သားမောင် ဆေးရုံအလယ် မြက်ခင်းပြင်သို့ လမ်းလျှောက်ထွက်ခဲ့ပြီးမှ ဖုန်းကို ထူးသည်။

'ဟဲလို'

'သားလေး၊ ဟက်ပီးနယူးရီးယား တူယူ'

'ဆိမ်းတူယူပါ မေမေ၊ မေမေ့ အမျိုးသားလည်း နှုတ်ဆက်ပေးပါ'

သူဝတ်ကျေတမ်းကျေ ဖြေလိုက်သည်။ မေမေက ရယ်သည်။

'သားကို ဝမ်းသာစရာ ပြောရဦးမယ်'

'ဘာများလဲ မေမေ'

'မေမေ ရှေ့နှစ်ထဲ မြန်မာပြည် တစ်ခေါက် လာဖြစ်မယ်'

သူ့ နှလုံးခုန်တစ်ချက် ရပ်သွားသည်။

သူ လူမှန်းသိကတည်းက တစ်ခါမှ လူချင်း မဆုံဖူးတော့သောသည် ကေတီဂဲလားဝေးဆိုသည့် သူ့ မိခင်ဆိုသူနှင့် သူဆုံတွေ့ရတော့မည်ဆိုပါလား။



'ဘာ ဘာရှိလို့လဲ မေမေ'

မေမေက သက်ပြင်းချသည်။

'သားနဲ့ တွေ့ချင်လို့ပေါ့ သားရယ်'

သူ ဘာပြန်ပြောရမှန်း မသိသဖြင့် အတန်ကြာ တိတ်ဆိတ်နေမိသည်။ မေမေက တိတ်ဆိတ်မှုကို ရိပ်မိသွားဟန်တူသည်။

'နှစ်ပေါင်းများစွာ မလာခဲ့ဘဲနဲ့ ခုမှ ဘာလို့ လာတာလဲလို့ မေးချင်နေတာလား သား'

သူ သက်ပြင်းချသည်။

'မေးရမယ်နဲ့ တူတာပဲ မေမေ'

မေမေက ခြောက်ကပ်ကပ် ရယ်သည်။

'နှစ်ပေါင်းများစွာ ကတည်းက လာချင်နေခဲ့တာပါ သားရယ်၊ တတ်နိုင်ရင် သားနားမှာပဲ အမြဲနေချင်နေခဲ့တာပါ။ ဘယ်လိုမှ မဖြစ်နိုင်ခဲ့လို့ပါ။ အခုမှ အခြေအနေ တချို့ ပေးလာလို့ မေမေရောက်တော့မှ အားလုံး ရှင်းပြမယ်နော် သား၊ လက်မှတ်ဘိုကင် လုပ်ထားတာတော့ မတ်လ ၁၀ ရက်နေ့လောက် ရန်ကုန် ရောက်လိမ့်မယ်'

'ဟုတ်ကဲ့ပါ မေမေ'

မေမေက ခဏတိတ်ဆိတ်သွားသည်။ နောက်မှ တိုးတိုးကလေး မေးသည်။

'သမီး သီတာနဲ့ရော အဆက်အသွယ်ရလား သား၊ သူ မန္တလေးမှာပဲလား'

သူ အံ့ဩသွားသည်။

'သီတာ အဲ သီတာဦး ဘယ်သွားလဲ မေမေ သိနေတာလား'

မေမေက သက်ပြင်းချသည်။

'သူ့ ဖုန်းဆက်တာကွယ်၊ အိမ်မှာ ထားခဲ့တယ်တဲ့၊ ကိုမျိုးက ကိုင်တယ်၊ ဖြိုးကလည်း မန္တလေးလိုက်သွားတယ်တဲ့'

ကိုမျိုး သြော် ဟုတ်ပြီ။ သီတာဦး၏ ဦးလေး လူပျိုကြီးဆိုတာ ဖြစ်ရမှာပေါ့။ ဖြိုးဆိုတာက သီတာဦး ဒေါ်လေး ဒေါ်သက်သက်ဖြိုးပေါ့။

'အစိုးရနဲ့ ဆွေးနွေးကြမယ် ကြားတာပဲ မေမေ၊ သူ ပြန်လာမှာပါ။ သူ ပြန်ရောက်ရင် မေမေ့ကို ဆက်နိုင်းလိုက်ပါမယ်'

မေမေ့ဆီက ညည်းသံလိုလို သဲ့သဲ့ ကြားရသည်။

'သူတို့ လမ်းလျှောက်ကြတော့မှာ သား'

'ဘာလဲ မေမေ၊ သူတို့ဆိုတာ'

'ပညာရေး သပိတ်အဖွဲ့ဝင်တွေလေ၊ နိုဝင်ဘာ ၁၇ ရက်နေ့က သူတို့ ကြေညာထားတာ ရှိတယ်၊ ရက် ၆၀ ပြည့်လို့မှ လွှတ်တော်နဲ့ အစိုးရက မတုံ့ပြန်ရင် သူတို့ စဆန္ဒပြမယ်ဆိုတာလေ၊ အခုပြည့်တော့မယ်၊ မေမေ ကြားတာတော့ မန္တလေး ရန်ကုန် ကားလမ်းကြီးအတိုင်း ရန်ကုန်ကို ခြေကျင် ဆင်းလာကြမှာတဲ့'

သားမောင် မျက်လုံး ပြူးသွားသည်။

'မလုပ်လောက်ပါဘူး မေမေ၊ မိုင် ၄၀၀ ကျော်ကြီး၊ ဒီ လူငယ်ကလေးတွေ ဘယ်လိုလုပ် လျှောက်နိုင်မှာတဲ့လဲ'

မေမေက သက်ပြင်းချသည်။

'ရေစီးက သိပ်သန်တဲ့ အခါမျိုးမှာ လူလေးမျိုး ပေါ်လာတတ်တယ် သား၊ တစ်မျိုးက အဲသည် ရေစီးနဲ့ မျောလိုက်ပြီး အဆင်ပြေသလို ကူးခပ်နေတဲ့ လူမျိုး၊ နောက်တစ်မျိုးက ကမ်းစပ်နားက ရေထဲမှာရပ်ပြီး ရေစီးကို လျစ်လျူရှုနေဖို့ ကြိုးစားနေတဲ့ လူမျိုး၊ နောက်တစ်မျိုးက ရေစီးနဲ့ ဝေးရာကို ထွက်သွားတတ်တဲ့ လူမျိုး၊ နောက်ဆုံးတစ်မျိုးကတော့ ရေစီးကိုတည့်တည့် ဝင်တိုးပြီး ဆန့်ကျင် ကူးခပ် တတ်တဲ့ လူမျိုး၊ သီတာလေးက နောက်ဆုံး တစ်မျိုးထဲမှာ ပါတယ်၊ သူ့လို လူမျိုးတွေက ခေတ်တိုင်းမှာ တယ် မနည်းလှဘူး သား'

သားမောင် အာခေါင်တို့ ခြောက်သွေ့သွားသည်။

'မေမေ အဲသလို လူမျိုးတွေ တွေ့ခဲ့ဖူးတာလား'



'အေး'

'ဘယ်သူတွေလဲ မေမေ'

'သူ့ မိဘတွေပေါ့ သား'

ဂီတသံများနှင့် ဆူညံနေသည့် ခန်းမထဲ သူပြန်ရောက်လာသည်။ ရှေ့ဆုံးက ဆက်တီမှာ တာဝန်ခံ ဆရာဝန်မကြီးနှင့် အတူထိုင်နေသော ပါမောက္ခချုပ်ကိုတွေ့ရသဖြင့် သူ ကိုယ်လေးရို့၍ အရိုအသေပေးပြီး အနားသွား နှုတ်ဆက်သည်။

ဆရာဝန်မကြီးက သူ့ကို မိတ်ဆက်ပေးသည်။

'မမ အဆောင်က လက်ထောက် ဆရာဝန် ဒေါက်တာ ဇာနည်မျိုးတဲ့၊ သူလည်း အမ်အာရ်စီပီ ဖြေမလို့ လုပ်နေတယ်'

'အေး အေး သား၊ ဝမ်းသာတယ်၊ ဒါနဲ့ မင်းကို မြင်ဖူးသလိုပဲ၊ ဆရာနဲ့ စာသင်ဖူးလား'

'ဟုတ်ကဲ့ ပတ်တူးမှာ ဆရာ့တပည့်ပါ ဆရာ'

ပါမောက္ခချုပ်က ပါမောက္ခ၊ သမားတော်ကြီးဘဝက ဖြစ်သွားတာ ဖြစ်သည်။ တာဝန်ခံ ဆရာဝန်မကြီးက ဝင်၍ ထပ်ပြောသည်။

'မြင်ဖူးနေမှာပေါ့၊ သူ့ အဖေက ဆရာတို့ အတန်းကပဲလေ'

'ဘယ်သူလဲ၊ မမ'

'ဇာနည်လေ'

ပါမောက္ခချုပ် မျက်နှာ မသိမသာ ပျက်သွားသည်။

'ဇာနည်၊ ဇာနည်မျိုး၊ အေဟုတ်တာပေါ့၊ သူငယ်ချင်းတွေပေါ့၊ အေး သား ဖေဖေဆုံးတုန်းက ဆရာက တခြားရောက်နေတာ၊ စိတ်မကောင်းဘူးကွယ်၊ သားလည်း လိုတာရှိရင်ပြော၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ ဆရာ'

သူ ပါမောက္ခချုပ်နားက ထွက်လာသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်လောက်က သူ့အဖေဆုံးသည့် ကိစ္စကို ငယ်သူငယ်ချင်း ပါမောက္ခချုပ် ယခုအထိ ဘာကြောင့် မျက်နှာပျက် နေရသည်ကို သူ စဉ်းစား၍မရ။

၂၀၁၅

နေက ချစ်ချစ်တောက် ပူနေသည်။

သားမောင် လက်က နာရီကို ငုံ့ကြည့်သည်။

နေ့ရော ရက်ရောပါသည့် နာရီကို ပတ်ထားမိ၍ မနက် ၁၀ နာရီခွဲ ဆိုတာကိုရော၊ အင်္ဂါနေ့ ၁၀ ရက်နေ့ ဆိုတာကိုရော သူ ထင်ထင်ရှားရှား သိနေသည်။

ဘာလို့ သိနေရတာလဲ။

ဒါ အိပ်မက်လေ။ သူ အိပ်မက်မက်နေတာ မဟုတ်ဘူးလား။ အိပ်မက်ဆိုတာ သူလောက် အတိအကျ မက်စရာ အကြောင်းမရှိ။

ရှေ့ကို ပြန်မော့ကြည့်လိုက်သည်။

လူအုပ်ကြီးက ပင်လယ်ပြင်ကြီးလို ခဲနေသည်။ တစ်ဖက်မှာက ရှပ်အင်္ကျီအဖြူဝတ် ကျောင်းသားအရွယ် ဘလောက်စ် အင်္ကျီအဖြူဝတ် ကျောင်းသူအရွယ်၊ လူငယ်ကလေးတွေ။ တစ်ဖက်မှာက ယူနီဖောင်းအပြည့်အစုံ ဝတ်ထားသော ပုံထိန်း တပ်ဖွဲ့ဝင် ရဲဘော် ရဲမေတွေ။ ပတ်ပတ်လည်မှာက ဝိုင်းအုံကြည့်နေသော လူအုပ်ကြီး။

သားမောင်က အဲသည် လူအုပ်ကြီးထဲမှာ တိုးဝှေ့၍ သီတာဦးကို ရှာနေသည်။

'ညီတာ ပြေလည် သွားပြီဆိုပြီး ဘာဖြစ်လို့ ကလေးတွေကို ရှေ့ဆက်ပေးမတိုးကြတာလဲ မသိဘူး'

လူအုပ်ထဲက အသံ တစ်သံ။



'ကလေးတွေကလည်း ကလေးတွေပဲကွ၊ သူတို့ တောင်းဆိုတာတွေ လိုက်လျောမယ်ဆို ပြီးရောပေါ့၊ လူစုခွဲလိုက်တော့ပေါ့၊ ဘာလို့ ရန်ကုန်အထိ ဆက်ဆင်းချင်ရတာလဲ'

အသံခပ်အစ်အစ် တစ်ခုက ပြန်ဖြေသည်။

မျက်နှာတွေ၊ မျက်နှာတွေ။

မျက်နှာတွေက သားမောင် မျက်စိရှေ့မှာ လှိုင်းတံပိုးများလို လွင့်မျောပျောက်ကွယ်လိုက် ပြန်ပေါ်လာလိုက် ဖြစ်နေသည်။ သီတာဦးကိုမူ မတွေ့ရသေး။

'ကလေးတွေ မယုံတာလည်း အပြစ်မပြောနဲ့၊ တာဝန် လက်ပတ်ပတ်ထားပြီး လူဆိုး သူခိုးရုပ်ပေါက်နေတဲ့ ကောင်တွေကို ထုတ်သုံးပြီး ကျောင်းသူကလေးတွေကို အတင်းဆွဲချုပ် ကားပေါ်တင် ဖမ်းသွားတာ လွန်ခဲ့တဲ့ ငါးရက်ကမှ ရန်ကုန် မြို့တော်ခန်းမ ရှေ့ကြီးမှာ'

'အေးလေကွာ၊ ကလေးတွေ ရန်ကုန်ဝင်သွားတော့ရော ဘာပြဿနာရှိလို့လဲ၊ မိုင်လေးရာကျော် လမ်းလျှောက်လာတဲ့ ကလေးတွေ၊ ပန်းလည်း အရမ်းပန်းနေကြပြီ၊ အခု ဒီ လက်ပံတန်းကနေ ရန်ကုန်အထိ မိုင် ၉၀ ပဲ ကျန်တော့တယ်၊ ငါသာဆို စခန်းကလေးတစ်ခုဖွင့်ပြီးပါ ကြိုလိုက်မယ်၊ သားတို့ သမီးတို့ လာကြ၊ လာကြ၊ နားကြဆိုပြီး ဆေးလည်း ကုပေးလိုက်မယ်။ ပြောစရာရှိရင် အေးအေးဆေးဆေး ပြောကြ၊ ကလေးတို့ အရင်နားလိုက်ဦးဆို ဘယ်လောက် ကြည်နူးဖို့ ကောင်းမလဲ၊ ကိုယ့်သားသမီး အရွယ်လေးတွေဟာ'

ဘုရားရေ။

တိကျလှချည်လား။

လက်ပံတန်း ဆိုပါလား။

သူ အိပ်မက်မက်နေတာမှ ဟုတ်ရဲ့လား။ တကယ်ပဲ ဖြစ်ကုန်ပြီလား။

သူ နာရီကို တစ်ခေါက် ပြန်ကြည့်မိသည်။

အင်္ဂါနေ့၊ ၁၀ ရက်နေ့၊ မနက် ၁၀ နာရီ ၄၅ မိနစ်။ မတ်လ ၁၀ ရက်နေ့နဲ့ တူတယ်။

ဟာ ဒါမေမေ ရောက်မယ့် နေ့ပါလား။ ငါက ရန်ကုန်မှာ မေမေ့ကို ကြိုမနေဘဲ ဘာဖြစ်လို့ လက်ပံတန်းကို ရောက်နေရတာတဲ့လဲ။

ရုတ်တရက် သူ အရာရာကို မှတ်မိသွားသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့ ကတည်းက သီတာဦးပါသော ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်တွေ မန္တလေးကနေ ရန်ကုန်ကို ခြေကျင်လမ်းလျှောက်လာကြသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့မှာ အစိုးရ အဖွဲ့ဝင်တချို့က ကျောင်းသားခေါင်းဆောင် တချို့ကို ရန်ကုန် ခေါ်တွေ့တော့ ဓာတ်ပုံတွေထဲမှာ သီတာဦးကို တွေ့လိုက်ရသေးသည်။ ကျောင်းသားတွေက ကိုးချက် တောင်းဆိုသည်။ အစိုးရက ခုနစ်ချက် သဘောတူသည်။ ၃ ရက်နေ့မှ ထပ်တွေ့ဖို့ သဘောတူခဲ့ကြသော်လည်း အစိုးရဘက်က ဖျက်လိုက်သည်။ အဲသည်နေ့မှာပဲ ဧရာဝတီတိုင်းဘက်က ကျောင်းသားတစ်ဖွဲ့ ရန်ကုန်သို့ ခြေကျင် တက်လာသည်။ ၈ရက်နေ့မှာ ထားဝယ်က တစ်ဖွဲ့ထပ်တက်လာသည်။ ၁၁ ရက်နေ့မှာ ထပ်တွေ့ကြသည်။ သဘောတူညီမှု အထိုက်အလျောက် ရသွားသလို ကြားရသည်။ မသေချာ။

ကျောင်းသားအုပ်ကြီးက မတ်လ ၂ ရက်နေ့မှာ လက်ပံတန်းကို ရောက်လာသည်။ လုံထိန်းအဖွဲ့က ကျောင်းသားတွေ ရန်ကုန်ဘက် ဆက်မဆင်းနိုင်အောင် အင်အားသုံး၍ ပိတ်ဆို့သည်။ ပဋိပက္ခအသွင် မတွေ့ရ။ ကျောင်းသားတွေနှင့် ရဲတွေပင် ခင်နေကြသလိုပုံစံ မြင်တွေ့ရသည်။

၅ ရက်နေ့မှာ ရန်ကုန်၊ ဆူးလေရှေ့မှာ ဆန္ဒပြနေသော ကျောင်းသားကျောင်းသူများကို တာဝန်လက်ပတ် ပတ်ထားသော အမျိုးအမည်မသိ၊ ဝန်ထမ်း မဟုတ်သော လူတစ်စုကို သုံး၍ အင်အားပြ ဖမ်းဆီးရာမှ စိုးရိမ်ပူပန်မှုတွေ ပြန်ထွက်ပေါ်လာသည်။ အဲသည်နောက်ပိုင်းလည်း အဖမ်းအဆီးသတင်းတွေ ဟိုနားသည်နားက ကြားလာသည်။



နောက်ဆုံး မေမေ ရောက်မည့် ရက်ဆိုတာ သိလျက်နှင့် သီတာဦးကို မေမေ့နာမည် သုံးပြီး ပြန်ခေါ်လာမည်ဟု ဆုံးဖြတ်ကာ သားမောင်လိုက်လာခဲ့သည်။

လက်ပံတန်းရောက်တော့ အခြေအနေ တင်းမာနေတာနှင့် တန်းတိုးတော့တာပါပဲ။

သေချာပါပြီ။ ဒါ အိပ်မက်မဟုတ်။

တကယ် ဖြစ်နေတာပါ။

ပြီးခဲ့သည့် သုံးလအတွင်း သည်လို မြင်ကွင်းမျိုးကို ဆင်တူယိုးမှား အိပ်မက်တွေ သူ မကြာခဏ မက်ခဲ့ဖူးသဖြင့် အိပ်မက်မက်သည်ဟု ထင်မိသွားတာပါ။ တကယ်တော့ ဟို အိပ်မက်တွေထဲမှာ သူသည်လောက် တိတိကျကျ ဘာကိုမှ မသိရခဲ့ပါ။

'လမ်းကလေး ပေးကြပါခင်ဗျာ၊ လမ်းကလေးပေးကြပါ'

အကျီအဖြူဝတ် လူငယ်ကလေး နှစ်ဦး အုပ်စုထဲမှ တိုးလာတာတွေ့ရသည်။ လူအုပ်ကြီးက ခွဲပေးသည်။ လူငယ်ကလေးတွေ မျက်နှာမှာ ပျော်ရွှင်မှုက ဖုံးမရ၊ ဖိမရ ပေါ်လွင်နေသည်။

လူငယ်နှစ်ဦး သူ့ဘေးက ဖြတ်ဝင်သွားတော့ သားမောင် စိတ်ပြင်းပြစွာဖြင့် ဘေးလူကို လှည့်မေးမိသည်။

'ဘာဖြစ်တာတဲ့လဲ ဦးလေး'

'အဆင်ပြေသွားပြီတဲ့ကွ၊ ကလေးတွေကို ရန်ကုန် ဆက်သွားခွင့်ပြုလိုက်ပြီတဲ့'

လှစ်ခနဲ တစ်ချက်တော့ သားမောင် ဝမ်းသာသွားသေးသည်။

သို့သော် ရှေ့က ပိတ်ထားသည့် ရဲအဖွဲ့ဝင်တွေကို လှမ်းကြည့်တော့ တုတ်တုတ်မျှ မလှုပ်။

ခပ်ဝေးဝေးမှ ရဲသားများ တင်ထားသည့် ထရပ်ကားများ ထပ်ဆိုက်လာသည်ကိုလည်း လှမ်းမြင်လိုက်ရသည်။

ဘုရား။ ဘုရား။

တဒိုင်းဒိုင်း ခုန်နေသောရင်ကို တည်ငြိမ်အောင်ကြိုးစားရင်း လူအုပ်အလယ်ကောင်ထဲသို့ သူ ထပ်တိုးဝင်သွားသည်။ ပူပြင်းမှုကြောင့် လူတိုင်းချွေးတွေ နစ်နေကြသည်။

ဟော . . ဟိုမှာ။

ကျောင်းသူအုပ်စု တစ်စုထဲတွင် ဘလောက်စ်အင်္ကျီ အဖြူကလေးနှင့် တည်ငြိမ်သော မျက်နှာကလေးနှင့် ရပ်နေသည့် သီတာဦးကို သူ လှမ်းမြင်လိုက်ရသည်။

'သီတာ သီတာ'

သူ့အသံ တကယ် ထွက်သွားသည်။

သီတာဦးက လှည့်ကြည့်၍ သူ့ကို မြင်တော့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဲသည်အချိန်မှာပင် ကမ္ဘာပျက်သလို အော်ဟစ်သံများ ဆူညံစွာ ပေါ်လာပြီး သူတို့ နှစ်ယောက် ကြားတွင် ဝရုန်းသုန်းကား ဖြတ်ပြေးနေသော လူအုပ်ကြီး ပေါ်လာသဖြင့် သူတို့ အချင်းချင်း မျက်ခြည်ပြတ်သွား ကြပါသည်။

သားမောင် ကိုယ့်မျက်စိကိုပင် ကိုယ် မယုံနိုင်။

လွန်ခဲ့သည့် တစ်ပတ်လုံးလုံး ကျောင်းသားတွေရှေ့က ပိတ်ဆို့ထားသော်လည်း ကျောင်းသားတွေနှင့် ချစ်ချစ်ခင်ခင် ရှိနေကြပြီး စားစရာတွေတောင် အတူမျှစားနေကြသည်ဟု နာမည်ကြီးခဲ့သည့် လုံထိန်းတပ်ဖွဲ့ဝင်တွေ ကျောင်းသားကျောင်းသူတွေ နောက်ကို ပြေးလိုက်ပြီး မည်းမည်းမြင်သမျှ လက်ထဲက နံပါတ်တုတ်နှင့် ရိုက်နေကြပါလား။



ကျောင်းသား ကျောင်းသူတွေကတော့ ငရဲသားတွေလို အရပ်ရှစ်မျက်နှာ ခြေဦးတည့်ရာကို ကြောက်လန့်တကြား ပြေးလွှားနေကြသည်။

တစ်နေရာမှာ ကျောင်းသား ကလေးတစ်ဦးတည်းကို ရဲလေးငါးယောက် ဝိုင်းရိုက်၍ လုံချည်ပါ ကျွတ်ကျနေတာလည်း တွေ့ရဲ့။ ဝင်းထရံနားမှာ ထိုင်၍ လက်နှစ်ဖက်မိုးပေါ် မြှောက်၍ ကြောက်ကာ ကာနေသော ကျောင်းသားကလေး တစ်ယောက်ကို ရဲနှစ်ယောက် ဝိုင်းရိုက်နေတာလည်း တွေ့ရဲ့၊ ဘေးက ဝန်းရံသည့် အဖွဲ့ထဲက သံယာတစ်ပါးကို ရိုက်မလိုလုပ်သော ရဲကို နောက်ရဲတစ်ယောက်က လှမ်းဆွဲတားဆီးရာမှ သူတို့အချင်းချင်း ထိုးမလို ကြိတ်မလို ဖြစ်နေကြတာလည်းတွေ့ရဲ့။

ဘာတွေလဲ။

ဘာတွေဖြစ်ကုန်တာလဲ။

ခြေဦးတည့်ရာ ပြေးလွှားနေသော လူအုပ်ကြီးထဲမှာ သားမောင် ကွေ့ကောက်ပြေးလွှားရင်း သီတာဦးကို ရှာသည်။

ဘုရား ဘုရား။ ဒီတစ်ခါတော့ မိပါရစေ ဘုရား။

အရိုက်ခံနေရသော သူတွေထဲမှာ ကျောင်းသူတွေ သိပ်မတွေ့ရ။ လူထုက ကာ၍ကွယ်၍ပဲ ဘေးကင်းရာကို ခေါ်သွားကြတာလား။ ဒါမှမဟုတ် စောစောပိုင်းကတည်းက အဖမ်းခံရကုန်ပြီး ရဲကားတွေပေါ် ရောက်ကုန်တာလား။

နာရေးကူညီမှုအသင်း စာတန်းပါသည့် လူနာတင်ယာဉ် တစ်စီးကို ရှုတ်ရှုတ်သဲသဲ ကြားထဲမှာ ရပ်ထားတာ တွေ့ရသည်။ ထူးဆန်းတာက ထိုယာဉ်ကို လုံထိန်းရဲတွေက တုတ်တွေနှင့် ဝိုင်းရိုက်၊ ခြေထောက်နှင့် ဝိုင်းကန်လုပ်နေကြတာပဲ ဖြစ်သည်။ လူတော့ပါပုံ မရ။ မှန်တွေက ကွဲကြေ။ တံခါးက ပြုတ်ကျ။

ရဲတစ်ယောက်က သူ့ကို မြင်သွားသည်။

ကြောက်ကြောက်နှင့် သူနောက်ပြန် လှည့်ပြေးသည်။

ခွပ်ခနဲ။

ခေါင်းက ပြင်းပြစွာ နာကျင်ပြီး အမှောင်တိုက်က ဖုံးလွှမ်းသွားပါသည်။

နီစွေးသော အမှောင်တိုက်ထဲသို့ သူ ပြန်နိုးလာသည်။

မဟုတ်ဘူးလေ။

အမှောင်တိုက်ဆိုလျှင် မည်းနေရမှာ မဟုတ်ဘူးလား။

ခေါင်းကတစစ်စစ်ကိုက်နေသေးသော်လည်း ကြည်လင်စပြုလာသည်။

ဟုတ်ပြီ။

ငါ နေ့ခင်းဘက် အပြင်မှာ ရှိနေတာပဲ ဖြစ်ရမယ်။

ပိတ်ထားသော မျက်ခွံတို့ကို နေရောင်ထိုးထားခြင်းသည် နီစွေးသော အမှောင်တိုက်အတွက် အကောင်းဆုံး အဖြေပင် ဖြစ်လိမ့်မည်။

မျက်ခွံတို့ကို ဖွင့်ရန် စဉ်းစားလိုက်ချိန်တွင်ပင် ဘယ်ဘက်မျက်ခွံပေါ်သို့ ရေတစ်စက် ကျလာသည်။ နောက် ညာဘက်ပါးပေါ်။

အေးလိုက်တာ။ ရေခဲရေတွေ လိုပါလား။

မိုးစက်တွေလား။

သူ မြက်ခင်းပြင်ပေါ်မှာ အိပ်ပျော်နေပြီး မျက်နှာပေါ် မိုးစက်ကျတာလား။ မိုးစက်ဆိုလျှင်တော့ သည်လောက် မအေးလောက်ဘူး ထင်သည်။ နှင်းစက်တွေများလား။

သီတာ့ အမေ ပြောဖူးသည့် နှင်းဆွတ်. . ရေလား။

တကယ်ပဲ နွေကုန်၊ မိုးကုန်၍ အေးမြသာယာသော ဆောင်းဦးရာသီကို ရောက်နေပြီတဲ့လား။

'သားမောင်၊ နိုးလာပြီလား'



သူ့ကို ခေါ်သံကြားရသည်။ အမျိုးသမီးတစ်ဦး၏ အသံပါ။ အလွန်နူးညံ့ တည်ငြိမ်သော အသံမျိုး။ သူ့ကို သားမောင်ဟု ခေါ်နေမှတော့ အသက်ကြီးကြီး အမျိုးသမီး တစ်ဦးသာ ဖြစ်ရမည်။

သားမောင် မျက်လုံးကို ကြိုးစား၍ ဖွင့်သည်။

လူ မျက်နှာတစ်ခု။ အစမှာ ဝါးဝါး။ နည်းနည်း ကြည်လင်လာတော့ အမျိုးသမီးတစ်ဦး။

သည်ထက် ပိုကြည်လင်လာတော့ . . .

သားမောင် ပါးစပ်ဟသော်လည်း ဘာသံမှ ထွက်မလာနိုင်တော့။

ခတ္တာဦးပါလား။

○

## ၂၀၁၅

ပြတင်းပေါက်မှန်မှာ မိုးရေစက် ကလေးများ တဖြည်းဖြည်း ရိုက်ခတ်လျက်ရှိသည်။

နွေခေါင်ခေါင်မှာ ရွာသောမိုးဖြစ်၍ အခါမဟုတ်သော မိုးဟုတော့ ခေါ်၍ရမည်ထင်သည်။ ပြီးတော့ သဲကြီးမဲကြီးလည်း မဟုတ်။ တစ်ပေါက်နှစ်ပေါက် မကရုံမျှသာပါ။ နောက်က လေကပါနေ၍သာ ပြတင်းပေါက်မှန်ခမျာ တဖြန်းဖြန်း ရိုက်ခံရ နေရတာ ဖြစ်သည်။

ပြတင်းပေါက်ပေါင် မိုးရေစက်တို့ စိုရုံစွတ်ရုံမျှ ပက်နေသည့်နေရာမှာလည်း ငှက်ကလေး တစ်ကောင် နားနေသည်။ မိုးဖွဲကလေးများ ကျနေသည့် ကောင်းကင်ထဲကို မော့ကြည့်လိုက်၊ တောင်ပံကလေး တဖျပ်ဖျပ်ခါလိုက်၊ ခေါင်းကလေး ဘယ်ညာ ငဲ့ယမ်းလိုက်၊ ခြေကလေး ဟိုရွှေ့သည်ရွှေ့ပြင်လိုက်နှင့် ပျာယာခတ်နေသည်။

သည်မိုးထဲကို ပျံထွက်ရမှာလည်း မဝံ့ရဲ။ စိုစွတ်သော ပြတင်းပေါက်ပေါင်ပေါ်မှာလည်း ဆက်မနေချင်တော့ဘူး ထင်သည်။

သည်မိုးကလည်း ကြောက်စရာလေ။



မိုးရွာရမည့် အချိန်လည်းမဟုတ်။ လေကလည်း ဝေ့ကာယမ်းကာနှင့် တော်တော်ပါနေသည်။ ဒါတောင် သည်ငှက်ကလေးက သည်နှစ်သည် မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တွေက မိုးသက်မုန်တိုင်းများ အပြင်းအထန်ကျရောက်ပြီး သဘာဝ ဘေးအန္တရာယ်တွေ အများကြီး ဖြစ်ပေါ်နိုင်သောနှစ်ဟု ကြိုတင် ဟောကိန်းထုတ်ထားတာ သိနိုင်မည်မဟုတ်။ သိလျှင် သည့်ထက်ပင် ခမျာ ကြောက်ရှာပေတော့မည်။

အဲသည့် မိုးမုန်တိုင်းတွေက မုတ်သုံလာမှ လာမှာဆိုတော့ နောက်ထပ် လေးလလောက် လိုနေသေးသည်။

အဲဒါပြီးလျှင်တော့ သီတာဦး အမေ ဒေါ်သက်သက်မျိုး ပြောဖူးသည့် 'နှင်းဆွတ်. . . ရေ' တို့ ရောက်ကောင်းရဲ့။

၂၀၁၆ ဟိုမှာ ဘက်မှာတော့ မြန်မာနိုင်ငံသားတို့ အေးမြကောင်း အေးမြလေရဲ့။

ဒါလည်း ယခု ကြုံတွေ့ခဲ့ရသည့် အဖြစ်ဆိုးကြီးကို ပြန်စဉ်းစားမိတိုင်း သားမောင်မယုံရဲသေး။

သက်ပြင်းကို လေးကန်စွာချ၍ ခေါင်းက ပတ်တီးကို ကိုင်ကြည့်မိသည်။ တစစ်စစ်နှင့် အနည်းငယ် နာနေ သေးသော်လည်း ခေါင်းကနောက်မနေ။ ကာလကြာမြင့်စွာ သိချင်နေခဲ့သည့် ပဟေဠိ တစ်ခု၏ အဖြေကို သိခွင့်ရခဲ့သူ၏ ငြိမ်းချမ်းမှုနှင့် တစ်ပါးသူအတွက် စိုးရိမ်ရသည့် အပူဓာတ်တို့ ရင်မှာ ရောယှက်နေသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်ကို အိပ်မက်ကနေတစ်ဆင့် သူ ပြန်ရောက်သွားသည်မှာ တကယ်တော့ သူ့ မသိစိတ်က မှတ်မိနေသော သူ ငယ်စဉ်က သိခဲ့၊ ကြားခဲ့၊ မှတ်ခဲ့ဖူးသည့် အဖြစ်အပျက်တွေကို အိပ်မက်လို ပြန်မြင်နေရခြင်းသာ ဖြစ်သည်ဆိုတာ သူရှင်းရှင်းလင်းလင်း သိခဲ့ရပေပြီ။ တကယ်တော့ စိတ်ကျန်းမာရေး ဆရာဝန်ကြီး တွက်ဆတာ မှန်နေခဲ့တာပဲ။

ပြီးခဲ့သည့် နှစ်လလုံးလုံး သူ ယခု ကြုံတွေ့ရသည့် အဖြစ်ဆိုးကြီးကို ဘာကြောင့် ကြိုတင်အိပ်မက်နေခဲ့ရသည် ဆိုတာကိုတော့ အဖြေရှာ၍မရသေး။

သီတာဦးအပေါ် နမ အရင်းကလေးကို အစ်ကို အရင်းတစ်ယောက်က ချစ်မြတ်နိုးသလို ချစ်မြတ်နိုး၍ ကာကွယ် စောင့်ရှောက်ပေးလိုသော စိတ်နှင့် သီတာဦး လုပ်နေသမျှကို အသေးစိတ်သိ၍ ပူပန်ပေးနေခဲ့သော စိတ်က မွေးထုတ်ပေးလိုက်သည့် အိပ်မက်နှင့် အပြင်က တကယ့်ဖြစ်ရပ် သွားတိုက်ဆိုင်တာသာ ဖြစ်ကောင်းရဲ့။

အင်း. . . သီတာဦး၊ သီတာဦး။

ဘာများဖြစ်ပြီး ဘယ်များရောက် နေတာလဲ ကလေးမရယ်။

ခတ္တာဦးကို လပေါင်းများစွာ ရှာဖွေနေရင်းက သီတာဦးနှင့် ဆုံတွေ့ခဲ့ရသည်။ ယခု ခတ္တာဦးကို ရှာတွေ့တော့ သီတာဦးက ပျောက်ဆုံးနေခဲ့ပြန်လေပြီ။

'သား. . . ခေါင်းနောက်နေသေးလား'

နောက်က ခြေသံနှင့် စကားသံကို ကြားရ၍ လှည့်ကြည့်လိုက်သည်။ သွယ်လျသော ကိုယ်လုံးပေါ်မှာ မြန်မာဝတ်စုံ သပ်သပ်ရပ်ရပ် ဝတ်ထားသော မေမေ စားစရာ စတီးချိုင့်ဆွဲ၍ ဝင်လာတာ တွေ့ရသည်။ တစ်ယောက်တည်းပါပဲ။

မေမေက ချိုင့်ကို လူနာ ခုတင်ဘေးက ဗီရိုပုကလေးပေါ် ချ၍ သူထိုင်နေသော ခုတင်ဘေးမှာ တင်ပလ္လဲ ဝင်ထိုင်ပြီး သူ့ခေါင်းက ဒဏ်ရာကို ကြင်နာစွာ တို့ထိကြည့်သည်။

'သွေးမထွက်ပါဘူးနော်၊ သား'

သူပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ နယ်မြို့က ပုဂ္ဂလိက ဆေးရုံကလေး ဆိုသော်လည်း သည်သီးသန့်ခန်းကလေးက တော်တော်ကျယ်ဝန်းသပ်ရပ်သည်။ ဆေးရုံအုပ်ကြီးကလည်း တော်တော်ဂရုစိုက်သည်။ တကယ်တော့ သည်ဆေးရုံ သူရောက်လာစဉ်က သူ့ကို ဆရာဝန်မှန်းပင် မသိကြ။ ပြဿနာ ဖြစ်သည့်နေရာမှ သူ့ကို ပွေ့ချီထုတ်လာခဲ့သူတွေက ကြုံရာ ကားကို တား၍ သည်ကို လာပို့ကြတာ ဖြစ်သည်။ ဘယ်နေရာမှ ဘယ်သူတွေနှင့် ပြဿနာ ဖြစ်လာသည်ဆိုတာကို တိတိကျကျသိပြီး ဘယ်သူဆိုတာကို



သေသေချာချာ မသိသော လူငယ်တစ်ယောက်ကို အတွင်းလူနာ အဖြစ်လက်ခံကုသရဲတာ တစ်ခုတည်းနှင့်တင် သူတို့ စေတနာက လေးစားစရာကောင်းလှသည်။ နောက်မှသာ သူ့ကိုယ်ပေါ်က တယ်လီဖုန်းမှတစ်ဆင့် သူ့အိမ်ကို ဆက်သွယ်မိသွားပြီး နိုင်ငံခြားက ရောက်လာသည့် မေမေနှင့် ဒေါ်လေးကို လှမ်းခေါ်နိုင်ကြတာ ဖြစ်သည်။

မေမေက ပတ်တီးအထက်က သူ့ဆံပင်တွေကို ညင်သာစွာ သပ်တင်ပေးသည်။

မေမေက တော်တော် လှတာပါကလား။

အသက်လေးဆယ်ကို တော်တော်ကျော်နေပြီဆိုတာ သိထားပြီးသော မေမေသည် သူ့အိပ်မက်ထဲမှာ မြင်ဖူးခဲ့သည့် အသက် နှစ်ဆယ် အရွယ်ထက် အများကြီး အိုမင်းမသွားခဲ့ပေ။

'ဘာတွေ စဉ်းစားနေတာလဲ၊ သား'

သူ ပခုံးတွန့်ပြသည်။

'အံ့သြနေတာပါ၊ မေမေဟာ တကယ်ပဲ ခတ္တာ. . . အဲ. . . ဒေါ်ခတ္တာဦးပေါ့နော်'

မေမေက ပြုံး၍ ခေါင်းညိတ်သည်။

'သား ဖေဖေ ကိုဇာနည်ဆုံးတော့ သားကတော်တော် ငယ်သေးတယ်၊ ဒါပေမဲ့ သားကို ဖေဖေက အရေးအခင်းမှာ မေမေ့ အသက်ကို သူကယ်လိုက်တာတွေ၊ ကိုထွန်းထွန်းဦးတို့ မမွေးတို့က သူနဲ့ မေမေ့ကို စောင့်ရှောက်ထားတာတွေ၊ မြိုင်အထိ ထွက်ပြေးကြတာတွေ ပြောပြောနေမှာပေါ့၊ မေမေ ငယ်ငယ်ကဓာတ်ပုံတွေကိုလည်း ပြဖူးမှာပေါ့၊ အဲဒါတွေက သားကြီးတဲ့အချိန်မှာ အကြောင်းကြောင်းကြောင့် ဘွားဘွားတို့က အိမ်မှာ မထားကြတော့ သားအိပ်မက်မှာ အာရုံလာဖြစ်ပြီး သားက သားဖေဖေ နေရာကနေ အိပ်မက်မက်ခဲ့တာ သေချာပါတယ်'

သားမောင်သက်ပြင်းချသည်။

'မေမေက ဘာလို့ နာမည် ပြောင်းလိုက်ရတာလဲ'

မေမေ့မျက်နှာ ညှိုးသွားသည်။

'မေမေ သေနတ်မှန်ပြီး သေသွားတယ်ဆိုတဲ့ သတင်းနဲ့ ဓာတ်ပုံဟာ နိုင်ငံတကာသတင်းတွေထဲမှာ တော်တော် ဂယက်ရိုက်ခဲ့တယ်၊ စစ်အစိုးရကို လည်း နိုင်ငံတကာ မီဒီယာတွေက မေးခွန်းတွေ တော်တော်မေးခဲ့တာ၊ သူ တို့လည်း မေမေ့ကို လိုက်ရှာကြတာပေါ့၊ ပခုက္ကူနဲ့ မြို့မှာ နေနေတဲ့ တစ်လျှောက်လုံး သူတို့ မေမေ့ကို ရှာမတွေ့ကြဘူး၊ သားဖေဖေနဲ့ မြို့မှာ လက်ထပ် လိုက်ပြီးတဲ့နောက် ထွက်ပြေးတဲ့လူတွေ တော်တော်များများ အိမ်ပြန်ကြတယ်၊ နယ်စပ်မှာဆိုရင် ကြိုဆိုရေး စခန်းတွေ ဘာတွေတောင် ဖွင့်ပြီး ကြိုဆိုကြတယ်၊ သားကိုယ်ဝန်စရှိတဲ့ အချိန်လောက်ကျတော့ အားလုံး အေးအေးဆေးဆေး ဖြစ်လောက်ပါပြီဆိုပြီး မေမေတို့ ရန်ကုန် ပြန်သွားကြ တယ်၊ အခုသားတို့ အိမ်မှာပဲနေတယ်၊ ဖေဖေတောင် ဆေးခန်း ပြန်ထိုင် သေးတယ်၊ သားမွေးကာစ ကလေးမှာ ထောက်လှမ်းရေးက လူတွေ ရောက် လာတယ်၊ ဖေဖေ့ရော၊ မေမေ့ရော ခေါ်သွားတယ်၊ သားက ဘွားဘွားတို့နဲ့ ကျန်ခဲ့တာပေါ့၊ ကောင်းကောင်းတော့ ထားပါတယ်၊ ဒါပေမဲ့ ခွဲထားတာ၊ မေးခွန်းတွေက နေ့ရော ညပါ တရစပ်မေးတာ၊ မေမေသေပြီလို့ လူတိုင်း ထင်နေတဲ့ အချိန်မှာ မေမေက ဘာလို့ ပုန်းနေတာလဲ ဆိုတာကိုပဲ ထပ် တလဲလဲ မေးတာပဲ၊ မေမေက ပြောပါတယ်၊ ကျွန်မ သတင်းစာရှင်းလင်းပွဲမှာ လိုက်ရှင်းရမလားလို့၊ အဲဒီကတည်းက အရပ်ဝတ်နဲ့ လူကြီးက ညည်းကို ခတ္တာဦးပါလို့ သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြရင်တောင် နိုင်ငံခြား သတင်း ထောက်တွေက ဒါခတ္တာဦး အတုပဲလို့ စွပ်စွဲတော့မှာပဲတဲ့၊ အဲဒါမျိုးကဖြစ်လည်း ဖြစ်ဖူးခဲ့တာကိုး၊ အဓိကကတော့ ဖေဖေနဲ့ မေမေကို သူတို့က တောခို အဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်ရှိတယ်လို့ ထင်တာ၊ ငြင်းလို့လည်း မရဘူး၊ မြို့ကို ဘယ်သူတွေ ခေါ်သွားတာလဲ အထပ်ထပ် မေးတယ်၊ ဖေဖေရော၊ မေမေရောက ခြေဦးတည့်ရာ ပြေးရင်းရောက်သွားတာပါလို့ ဖြေကြတယ်၊ ဟုတ်တယ်လေ၊ ကိုထွန်းထွန်းဦးက သဘော်သား၊ သဘော်ပြန်လိုက် မရဘဲ ဖြစ်သွားနိုင်တယ်၊ မမွေးကလည်း ကိုယ်ဝန်နဲ့'



'မမွေးဟာ ဒေါ်သက်သက်မျိုးပဲ ပါ့'

မေမေက ခေါင်းညိတ်ပြသည်။

'မမွေးကို အိမ်မှာ မွေးလို့ပဲ ခေါ်ကြတယ်၊ သူ့ညီမ သက်သက်ဖြိုးကို တော့ 'ဖြိုး' လို့ ခေါ်ကြတယ်၊ ဘာဖြစ်လို့လဲ သား'

သားမောင်ခေါင်းခါ ပြလိုက်သည်။ မေမေက ဆက်ပြောသည်။

'တစ်ပတ်လောက် ကြာသွားတယ်၊ သူတို့လည်း တော်တော်စိတ်ညစ်၊ မေမေဆိုတာတော့ သားကို နို့မတိုက်ရလို့ ငိုရတာ နေ့ရောညပါပဲ၊ ပြန်ရောက် တော့ ဘွားဘွားကလည်း ငိုလို့၊ သားကို ဘယ်လိုမှ နို့ဘူး တိုက်မရဘူး၊ တစ်ချိန်လုံး ငိုနေရောတဲ့၊ မေမေ ထပ်ငိုရပြန်ရော'

သားမောင်ရင်ထဲတွင် မွန်းကျပ် လာသည်။ ဘယ်အစိုးရ တက်တက် အစိုးရ ဆန့်ကျင်လှုပ်ရှားမှု ဘာတစ်ခုမှမလုပ်ခဲ့သော သာမန်လူလတ်တန်းစား ပညာတတ် လူငယ်နှစ်ဦး၏ ဘဝဟာ ဘာကြောင့်များ သည်လောက် အကျည်းတန်ခဲ့ရပါသလဲ။ ဘာကြောင့်များ နိုင်ငံတော်က စောင့်ကြည့် စစ်ဆေးခံရသည့် ဘဝအထိ ရောက်ခဲ့ရပါသလဲ။ သာမန် နိုင်ငံသား တစ်ဦးမှာ နိုင်ငံသားတို့၏ ရပိုင်ခွင့် ဘာကြောင့် သည်လောက် ဆုံးရှုံးခဲ့ရပါသလဲ။ ဘာမှ အပြစ် ကျူးလွန်မထားသော ပညာတတ် လူငယ်နှစ်ဦးသည် အပြစ်ကျူး လွန်ကြောင်း သက်သေမပြနိုင်ရင် သူတို့ဘဝကို ဘယ်သူကမှ ကျူးကျော် စွက်ဖက် ပိုင်ခွင့်မရှိဘူးလေ။ နိုင်ငံလုံခြုံရေးဆိုသည့် ခေါင်းစဉ်ကြောင့် သာမန်နိုင်ငံသားတို့ဘဝ မလုံမခြုံဖြစ်ရသည်ဆိုလျှင် လူ့အခွင့်အရေးဆိုသည့် ခေါင်းစဉ် အောက်ကို ပညာတတ်တွေ အများကြီး ရောက်သွားပြီး အုပ်ချုပ် သူတို့ မကြိုက်သည့် စကားတွေပြောနေ၊ မကြိုက်တာတွေ လုပ်နေမယ်ဆိုတာ ဘယ်လိုလုပ် ရှောင်လွှဲ၍ ရတော့မှာတဲ့လဲ။ အဲသလို လူတန်း စားမျိုးတွေထဲက သီတာဦးလို မိန်းကလေး ပေါ်ထွန်းလာတာလည်း အံ့ဩစရာမရှိ။

မေမေက ဆက်ပြောသည်။

'နောက်တော့ ရှမ်းပြည်က မေမေ့ အဒေါ်တွေ လိုက်လာတယ်၊ အခြေ အနေတွေ သိရတော့ သူတို့ တော်တော် စိတ်ပူကြတယ်၊ နောက် တစ်ခေါက်

ထပ်လာခေါ်ကြဦးမှာပဲတဲ့၊ ထောက်လှမ်းရေးက စောင့်ကြည့်နေတဲ့ လူဖြစ်သွားရင် မလွယ်တော့ဘူးတဲ့၊ ခေါ်သွားပြီး ပြန်မလာရတဲ့ သူတွေလည်း ရှိတယ်တဲ့၊ မယ်ဆိုင်တို့၊ ချင်းမိုင်တို့မှာလည်း မေမေတို့ ဆွေနီးမျိုးစပ်တွေ ရှိနေတော့ အဲဒီဘက်ကို သွားရှောင်နေကြဖို့ အကြံပေးတယ်၊ သူတို့ ပြန်ရင်လိုက်ခဲ့တဲ့၊ ခက်တာက ဖေဖေနဲ့ မေမေကို ထောက်လှမ်းရေးက ဘယ်မှ မသွားဖို့ မှာထားတယ်၊ ထွက်ရင် ခိုးထွက်ရမှာ၊ သားဘွားဘွားကလည်း ကလေးတော့ ခေါ် မသွားနဲ့တဲ့၊ သူ နို့ဘူးရအောင် တိုက်ပြီး မွေးမယ်တဲ့၊ လမ်းကို စိတ်မချရဘူးတဲ့၊ နောက် အခြေအနေတွေ အေးဆေးမှ လာခေါ်ရင်လည်းခေါ်၊ ပို့ပေးဆိုရင်လည်း ပို့ပေးမယ်တဲ့၊ သားဘွားဘွား ပြောတာလည်း မှန်နေတော့ မေမေတို့ သားကို ထားခဲ့ပြီး ပြေးဖို့ထွက်လာကြတယ်'

သားမောင် မျက်လုံးပြူးသွားသည်။

'ဖေဖေပါလား'

'ဟုတ်တယ်၊ ဖေဖေပါ တောင်ကြီးအထိ ပါလာတယ်၊ နောက်တော့ မေမေ့အပြစ်ပဲ ဆိုပါစို့၊ မေမေက တစ်လမ်းလုံး ငိုလာတယ်၊ သားကို မခွဲနိုင်လို့ သားငိုနေမှာတွေးပြီး မခံစားနိုင်လို့၊ နောက်ဆုံး တောင်ကြီးမှာ နားကြရင်း ဖြစ်ချင်ရာဖြစ် ရန်ကုန် တစ်ခေါက်ပြန်ပြီး သားကို ပြန်ခေါ်ချင်တယ်လို့ သားဖေဖေကို ပူဆာတယ်၊ သားဖေဖေကလည်း မေမေငိုနေတာ မကြည့်ရက်တော့ မေမေ တောင်ကြီးမှာပဲ ပုန်းနေ၊ သူ တစ်ယောက်တည်း သားကို ပြန်ခေါ်မယ်ဆိုပြီး ပြန်ဆင်းသွားတာ'

မေမေမျက်ရည်ကျသည်။

'ပြန်ရောက်တာနဲ့ အဖမ်းခံရတော့တာပါပဲကွယ်၊ မေမေ သတင်းကြားကြားချင်း လိုက်သွားမလို့၊ မေမေ့ အဒေါ်တွေက မေမေ့ကို အတင်းနားချပြီး ဟိုဘက်အရောက် ဖွတ်ခေါ်ထုတ်သွားလို့ မေမေပါ အဖမ်းမခံရတာ'

မေမေက ဆက်မပြောဘဲ ငြိမ်သက်စွာ ထိုင်နေသည်။ ပြန်စဉ်းစားမိတိုင်း ထိခိုက်ကြေကွဲနေမှာအမှန်။ မေမေ့ဘဝက တကယ့်ကို ၂၀ ရာစု မပဋ္ဌာပါလား။



'မေမေက ထိုင်းမှာ နာမည်ပြောင်းလိုက်တာပေါ့၊ ဟုတ်လား'

မေမေက ပြုံး၍ ခေါင်းခါသည်။

'မေမေက တစ်ခါမှ နာမည် မပြောင်းခဲ့ပါဘူးကွယ်၊ ထိုင်းက အဆက်အသွယ်တွေက အမေရိကားက လူမှုရေး အဖွဲ့အစည်းတစ်ခုနဲ့ ချိတ်မိပြီး မေမေ့ကို အမေရိကားကို ပို့ကြတော့ မေမေ့နာမည် ခင္တာဦးကို သူတို့အနောက်တိုင်း နာမည်တွေလို ရှေ့က 'အင်နစ်ရှယ်' နှစ်လုံးတည်း ရေးပြီး ကေ၊ တီ၊ ဦး (K.T.Oo) ဆိုရေးခဲ့တာပါ၊ ကေ၊ တီ ဆိုတာ ခင္တာပဲလေ'

သားမောင် 'ဩော်' ဟု တိုးတိုး အသံပြုမိသည်။

ခုမှပဲ ကွင်းဆက်တွေက ဆက်မိသွားသည်။ သားမောင် လူမှန်းမသိခင်ကတည်းက မေမေက အမေရိကား ရောက်သွားသည်။ ပြည်တွင်း ပြန်လာရန်လည်း မဖြစ်နိုင်တော့။ ဖေဖေက ထောင်ထဲမှာ စွဲချက်မည်မည်ရရမရှိဘဲ နှစ်နှစ်လောက် နေလိုက်ရသည်။ ပြန်ထွက်လာတော့ ကောင်းကောင်း မကျန်းမာတော့ ဆေးခန်းလည်း မထိုင်နိုင်။ သူ အလွန်ချစ်မြတ်နိုးရသော ဇနီးနှင့် ဆုံတွေ့ဖို့ ဆိုတာလည်း မဖြစ်နိုင်တော့။ နောက်ကွယ်လွန်သည်။ အဲသည့်အချိန်မှာ မေမေ တော်တော်ကို ခံစားရရှာပါလိမ့်မည်။ သားကိုလည်း မတွေ့ရ။ ခင်ပွန်း အသုဘတောင် ပြန်မလာနိုင်။ ကိုယ်ကိုယ်တိုင်လည်း နိုင်ငံခြားမှာ ပုံမှန်ဘဝတစ်ခု ထူထောင်နိုင်ဖို့ လှုပ်လီလှုပ်လဲ့။

ဘော့ဂဲလားဝေးဆိုသည့် စကော့လူမျိုး အဘိုးကြီးက ဟိုမှာ မေမေ ဒုက္ခရောက်နေချိန်မှာ အစ်ကိုကြီး အရင်းနှင့်မခြား တော်တော် ကူညီခဲ့သည်ဟု သူကြားဖူးသည်။ ဒါနှင့်ပဲ မေမေ 'ခင္တာဦး' ဘဝမှ 'ကေ၊ တီ၊ ဦး' ဖြစ်။ အဲသည်ကနေ 'ကေ၊ တီ၊ ဂဲလားဝေး' ဖြစ်ခဲ့ဟန်တူသည်။

လက်စသတ်တော့ သူတစ်ချိန်လုံး ရှာနေခဲ့သည့် ချစ်စရာကောင်းလှသော ကျောင်း ဆရာမကလေး ခင္တာဦးဆိုတာ သူ၏ တစ်ဦးတည်းသော သက်ရှိထင်ရှား မိဘ၊ အမေပါ တကား။

သူ့မှာ အမေရှိနေသေးပြီး အဲသည့် အမေကလည်း သူ့ကိုတစ်သက်လုံး တစ်ခါမှ မမေ့ဘဲ အလွန်ချစ်ခဲ့ပါသည် ဆိုတာကို နားလည်လာရသော

အသိက သူ့နှလုံးသားထက်သို့ နှင်းဆွတ်ရေ တစ်စက်ကျသကဲ့သို့ အေးမြလှသည်။

နှင်းဆွတ်ရေ။ ဟာ. . . ဟုတ်သားပဲ။

'သီတာ့ မိဘတွေကျတော့ ဘာလို့ ဆုံးကုန်ကြတာလဲ မေမေ'

မေမေက နွမ်းလျစွာ ပြုံးသည်။

'မေမေ လွတ်သွားပြီး နောက်ပိုင်းမှာ သူတို့လည်း ခေါ်မေးခံရတာ ခဏခဏပဲတဲ့၊ သီတာလေးကိုတောင် ထောင်ထဲမွေးရရင် အခက်ပဲလို့ မမွေးကရယ်စရာ လုပ်သေးသတဲ့၊ နောက်ပိုင်း ၁၉၉၀ ရွေးကောက်ပွဲမှာ သူတို့လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကနေ ဝင်လှုပ်ရှားကြတယ်၊ သူတို့ပါတီနိုင်၊ အစိုးရက အာဏာမလွှဲတဲ့အပြင် သူတို့ ပါတီက လူတွေ တော်တော်များများနဲ့ ငြိကုန်တော့ သူတို့လည်း ခဏခဏ အထိန်းသိမ်းခံရ ပြန်ရော၊ နောက်တော့ သီတာလေး တော်တော် ငယ်ငယ်မှာပဲ နယ်ထောင်တစ်ခုကနေ လွတ်လာတဲ့ ကိုထွန်းထွန်းဦးကို မမွေးက သွားကြိုပြီး ပြန်အလာ ကားမှောက်ဆုံးတယ်လို့ ကြားရတာပဲ'

'ဖြစ်ရလေ မေမေရယ်'

သားအမိနှစ်ယောက် ခုတင်ပေါ်မှာ တိတ်ဆိတ်စွာထိုင်၍ တွေဝေစဉ်းစားနေကြသည်။

အပြင်မှာတော့ မိုးကစဲစပြုလာသည်။ ငှက်ကလေးလည်း ပျံသွားလေပြီ။

ခဏနေမှ သားမောင်က တိုးတိုး မေးသည်။

'သီတာဦး ပျောက်နေတယ်ဆိုတာရော မေမေ၊ သတင်းကြားရပြီလား'

မေမေ့ မျက်နှာပျက်သွားသည်။ သူ့ဘေးမှာ ချထားသော စလင်းဘက်အိတ်ထဲမှ အိုင်ပက်မီနီ လက်တစ်ဝါး သာသာကလေးကို ထုတ်ယူသည်။

'သား၊ စိတ်မကောင်း မဖြစ်နဲ့နော်၊ ဒီမှာကြည့်'

မေမေက အိုင်ပက်ကိုဖွင့်၍ ဓာတ်ပုံတစ်ပုံပြသည်။



သားမောင်မျက်လုံးတို့ မျက်ရည်များဖြင့် ဝေဝါးသွားသည်။ ဘယ်ဘက်ရင်ဘတ်က အောင့်သည်။ အံကို တင်းတင်းကြိတ်မိသည်။

အဆောက်အအုံ တစ်ခု၏ ကြမ်းပြင်ပေါ်တွင် ရှေ့နောက်တန်းစီ၍ ဆောင့်ကြောင့်ကလေး ထိုင်နေကြသော မြန်မာရင်ဖုံးအကျီ အဖြူဆင်တူဝတ်ထားသည့် အသက် ၂၀ ကျော်အရွယ် ကျောင်းသူကလေးများ။ အားလုံး၏ မျက်နှာက နွမ်းလျမှိုင်တွေနေသည်။ မျှော်လင့်ချက် ကုန်ခန်းနေသည့် လူသားတို့၏ မျက်လုံးမျိုးတွေနှင့် ဖြစ်နေသည်။ ရှေ့ဆုံးကရေတွက်လျှင် သုံးယောက်မြောက်လောက် ကျောင်းသူက သီတာဦးဖြစ်သည်။ မိုင်သုံးရာလောက် လမ်းလျှောက်ထားရ၍ပေပဲလား။ စိတ်ထိခိုက် ကြေကွဲလွန်းနေ၍ပဲလားမသိ။ သီတာဦး မျက်နှာကလည်း လူသေအလောင်းတစ်လောင်း၏ မျက်နှာလို ခံစားချက် ကင်းမဲ့၍နေသည်။ လက်နှစ်ဖက်ကို လက်အုပ်ချီသလို ရှေ့မှာ ပူးထားပြီး ပလတ်စတစ်ကြိုး အမည်းဟုထင်ရသော ကြိုးများနှင့် ကျောင်းသူ ကလေးများ အားလုံးနည်းတူ လက်ကောက်ဝတ်မှာ ပူးအချည်ခံထားတာကို တွေ့ရသည်။ နောက်မှာ ရပ်နေသော လုံထိန်းရဲမေတွေ၏ ခြေထောက်တွေကိုလည်း မြင်နေရသည်။

'ဘာလဲ မေမေရယ်၊ ဒါဘာလဲ၊ ဘာအဓိပ္ပာယ်ရှိလို့လဲ'

သားမောင်က တုန်ယင်စွာမေးတော့ မေမေက ဖြည်းညင်းစွာ ခေါင်းခါပြသည်။

'ဖမ်းသွားတယ်သား၊ ကျောင်းသားသမဂ္ဂက ကလေးတွေရော၊ ဘေးကဝန်းရံတဲ့ လူတွေရော၊ တစ်ရာကျော်တယ်ပြောတယ်'

'အဓိပ္ပာယ်မရှိတာ မေမေရယ်၊ သူတို့ဘာလုပ်လို့လဲ၊ သူတို့ အရိုက်ခံနေရတုန်းကတောင် ဘာမှ ပြန်မလုပ်တာ ကျွန်တော့် မျက်စိနဲ့ မြင်ခဲ့တာပဲ'

မေမေက ဒေါသကြောင့် တုန်ယင်နေသော သားမောင် ပခုံးကို ကြင်နာစွာ ပွေ့ဖက်လိုက်သည်။

'သား၊ ဒါတွေဟာ ပထမဦးဆုံး အကြိမ်ဖြစ်တာ မဟုတ်ဘူး၊ ဒါတွေ ဒီလို ဖြစ်တတ်မှန်းကို သားမိဘရယ်၊ သီတာလေး မိဘတွေရယ်၊ သားတို့

သီတာလေးတို့ အရွယ်ကတည်းက သိခဲ့ရတာ၊ ခံစားခဲ့ရတာလေ၊ မေမေတို့အခုလုပ်ရမှာက သီတာလေး လွတ်မြောက်ရေးအတွက် ဥပဒေ ဘောင်ထဲက ကြိုးစားဖို့ရယ်၊ မီဒီယာတွေ၊ ပြည်သူတွေရဲ့ အားရယ်၊ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ မေတ္တာရပ်ခံချက်တွေ တတ်နိုင်သလောက် ရဖို့ရယ် ကြိုးစားရမှာလေ၊ သားဒေါ်သတကြီး သွားတုံ့ပြန်နေရင် သားဖေဖေလိုပဲ ဆရာဝန်ဖြစ်ပြီး အများကို ဆေးပညာနဲ့ မကူညီလိုက်ရဘဲ ဘဝနိဂုံးချုပ်သွားမှာပေါ့'

သားမောင် အံကြိတ်၍ သက်ပြင်းချသည်။ ခေါင်းယမ်းသည်။ မေမေက တိုးတိုးဆက်ပြောသည်။

'နောက် တစ်ဆင့်ကျရင်တော့ ဥပဒေဆိုတာ အာဏာပိုင် အဖွဲ့အစည်းတွေက အသုံးချဖို့ မဟုတ်ဘဲ သာမန်ပြည်သူတစ်ဦးချင်းကို စောင့်ရှောက်ကာကွယ်ပေးမယ့် ဒိုင်းလွှားတစ်ခုအဖြစ် ရပ်တည်ပေးဖို့ အသုံးချနိုင်အောင် ခေတ်ကို ပြောင်းပစ်ရမှာ သား'

သားမောင်က နှမ်းလျစွာ မော့ ကြည့်သည်။

'ဖြစ်ရော ဖြစ်နိုင်သေးလို့လား မေမေရယ်'

မေမေက ပြုံးသည်။

'ဘာလို့ မဖြစ်နိုင်ရမှာလဲ သား၊ စေတနာသာမှန်ရင် ကံဆိုတာနောက်ကျချင်သာ ကျမယ်၊ ဘယ်တော့မှ အကျိုးပေးမမှားဘူး သား၊ အခုတောင် အခြေအနေတွေ ပြောင်းလဲသင့်သလောက် ပြောင်းလဲခဲ့လို့ မေမေအမိမြန်မာပြည် ပြန်ခြေချလို့ရခဲ့ပြီ မဟုတ်လား၊ တစ်ချိန်ချိန်မှာ သီတာဦးကလေးဟာလည်း လွတ်လာရုံတင် မကဘူး၊ လူအများကို အကျိုးပြုမယ့် ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ အရေးပါတဲ့ နေရာကနေ ဦးဆောင်မယ့် လူငယ်တစ်ဦး ဖြစ်လာလိမ့်မယ်ဆိုတာ ယုံထားလိုက်ပါသား'

သားအမိနှစ်ယောက် မိုးစဲစပြု၍ ရေမှုန်ရေမွှားများနှင့် ဝါးနေသော ပြတင်းပေါက်မှန်ကို ငေးငိုင်စွာ ကြည့်နေမိကြပါသည်။



**၂၀၁၅ ခုနှစ်၊**
**နိုဝင်ဘာလ (၉) ရက်နေ့**

သားမောင်လက်ကိုင်ဖုန်းက မြည်လာသည်။ ခေါ်သူအမည် ပေါ်မနေ၊ နိုင်ငံခြားဖုန်းဆိုတော့ မေမေပါပဲ။

လူနာစမ်းသပ်ခန်း အတွင်းဘက် စားပွဲကြီးမှာ ထိုင်နေသော ဆရာ့ကို မော့ကြည့်သည်။ ဆရာက လူနာစမ်းနေရင်းက ခေါင်းညိတ်ပြသည်။ သားမောင်ဖုန်းကို ကိုင်၍ စမ်းသပ် ခန်းထဲကနေ ထွက်ခဲ့ပြီး ထူးလိုက်သည်။

'မေမေလား'

'ကွန်ဂရက်ကျူလေးရှင်း သား'

သားမောင် သက်ပြင်းချသည်။

'မေမေ့ကိုလည်း ကွန်ဂရက်ကျူလေးရှင်းပါ၊ တကယ်တော့ သားတို့အားလုံး တစ်ယောက် တစ်ယောက် ဂုဏ်ပြုရမှာလေ၊ အားလုံး အတူကြိုးစားပြီး အတူအောင်မြင်ခဲ့တာလေ'

မေမေက တိုးတိုးရယ်သည်။

'သားက ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်နိုင်သွားတာကို ပြောနေတာကိုး၊ မေမေက သား အမ်အာရ်စီပီ အောင်တာကို ဂုဏ်ပြုနေတာပါ'

ဟုတ်သားပဲ။

ရွေးကောက်ပွဲမှာ အပြောင်းအလဲ ဖြစ်ခဲ့ရင်တော့ သာမန်ပြည်သူတွေလည်း မျက်နှာငယ်ရသည့် ဘဝက လွတ်မြောက်မည်။ ဘာပြစ်မှုမှ သေသေချာချာ မရှိပါဘဲ ပုဒ်မငါးခုလောက်နှင့် စွဲချက်တင်ခံရကာ အာမခံတောင်မရဘဲ ထောင်ထဲတွင် ရောက်နေသော သီတာဦးတို့ အဖွဲ့လည်း လွတ်မြောက်ဖို့ မျှော်လင့်နိုင်မည်ဟု တွေးကာ ရွေးကောက်ပွဲကို နေ့နေ့ညည ခေါင်းထဲထည့်ထားမိတာ အဲသည့်ရှေ့က အမ်အာရ်စီပီ အောင်စာရင်း ထွက်တာတောင် မေမေ့ကို မပြောပြရသေး။ မေမေက ဘွားဘွားတို့ဆီက သိဟန်တူသည်။

'ရေဖြေ တစ်ပိုင်းပဲအောင်တာပါ မေမေ၊ ရှေ့နှစ်က လူနာစမ်းတာ ဖြေပြီးအောင်မှ အမ်အာရ်စီပီရမှာပါ'

'သီတာလေးရော မလွတ်သေးဘူးလား သား'

မေမေက မအောင့်နိုင်ဘဲ မေးသည်။

ဖုန်းတစ်ဖက်က မမြင်ရဘူးဆိုတာ သိလျက်နှင့် သူယောင်ယမ်း၍ ခေါင်းခါပြမိသည်။

'သားလည်း တစ်ချိန်လုံး စုံစမ်းနေတာပဲ မေမေ'

'ပြဿနာတော့ မဖြစ်စေနဲ့နော် သား၊ သားက ဝန်ထမ်း'

သားမောင် မဲ့တဲ့တဲ့ ပြုံးသည်။

'ပြည်သူ့ဝန်ထမ်းပါ မေမေ၊ အစိုးရဝန်ထမ်း မဟုတ်ပါဘူး'

'အဲဒါကြောင့် ပြောတာပေါ့ သား၊ သည်အလုပ်က ဆုံးရှုံးရရင် သားကို မေမေ အချိန်မရွေးခေါ် ထုတ်သွားလို့ရတယ်၊ ဒါပေမဲ့ မျက်နှာငယ်ရတဲ့ ကိုယ့်ပြည်သူ ပြည်သားတွေကို တစ်ခုခု လုပ်ပေးနေနိုင်တဲ့ အခွင့်အရေး သား မဆုံးရှုံးချင်သေးဘူး မဟုတ်လား'

မေမေ ပြောမှပင် မကြာသေးခင်က ဖြစ်ခဲ့သော ဖဲကြိုးနက် လှုပ်ရှားမှုခေါ် ကျန်းမာရေး ဝန်ကြီးဌာနသို့ တပ်မတော် အရာရှိ အများအပြား ပြောင်းလာတာကို ဆန့်ကျင်သည့် လှုပ်ရှားမှုမှာ သူ ဝင်လက်မှတ်ထိုးခဲ့မိတာကို မှတ်မိလိုက်သေးသည်။

ဒါကိုတော့ မေမေ့ကို ပြောပြ၍ မဖြစ်ဘူးထင်သည်။

'ဟုတ်ကဲ့ပါ မေမေ၊ သားသတိထားပါ့မယ်'

'သမီးရုံးထုတ်ရင်ရော သွားတွေ့ ဖြစ်သေးလား သား'

နွမ်းလျစွာ ပြုံးပြနေသည့် မျက်နှာလေးကို ပြန်မြင်ယောင်တော့ ရင်ထဲက နင့်သည်။

'ဟုတ်ကဲ့ မေမေ'

'သူနေရော ကောင်းရဲ့လား သား'

ဒါကိုတော့ အမှန်အတိုင်းပဲ ပြောပြလိုက်တော့မည်ဟု စိတ်ကူးသည်။



'သိပ်မကောင်းဘူး မေမေ၊ ဖျားထားလို့ တော်တော် ပိန်နေတယ်၊ အရေပြားမှာလည်း အနာတွေနဲ့'

'အိုကွယ်'

မေမေ့အသံ တိမ်၍ ပျောက်ကွယ်သွားသည်။

သားမောင်လည်း ဘာဆက် ပြောရမည်မသိ။

**၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့**

သားမောင် လက်က လက်ပတ်နာရီကို ဘယ်နှကြိမ်မြောက်မှန်း မသိပင့်ကြည့်သည်။

ညနေ ၆ နာရီခွဲ။

ဆောင်းတွင်းမို့ ပတ်ဝန်းကျင်က တော်တော် မှောင်နေပြီ။ သားမောင် ထိုင်နေသည့် လက်ဖက်ရည်ဆိုင် ကလေးကနေ လှမ်းမြင်နေရသည့် သာယာဝတီထောင်ကြီး အနောက်ဘက်ကို နေလုံးဝင်ရောက် ကွယ်ပျောက်သွားတာ တော်တော်ကြာခဲ့ပြီးနေလေပြီ။

သားမောင်ရင်ထဲမှာ ညှို့မှိုင်းနေတာကတော့ မွန်းလွဲပိုင်းလောက်ကတည်းက ဖြစ်မည်။

လွတ်လပ်ရေးနေ့မှာ လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ကျောင်းသူ၊ ကျောင်းသားကလေးတွေ လွတ်လာလိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာ လာစောင့်နေသည့် ဆွေမျိုး မိတ်သဂ်ဟတွေ အားလုံးရင်မှာ အတူတူပင်ဖြစ်ပေလိမ့်မည်။

သွားပြန်ပါပြီ။ မျှော်လင့်ချက် တစ်ခု။

လွန်ခဲ့သည့် နှစ်တစ်ရာလောက်က ဂျွန်ဆရာစံကို ဖမ်းဆီးခဲ့ရာနေရာ သာယာဝတီထောင်ကြီးကတော့ လူဆိုး၊ ဓားပြ မဟုတ်ဘဲ ယုံကြည်ချက်ကြောင့် အကျဉ်းကျလာသည့် လူငယ်ကလေးတွေကို သိမ်းပိုက်ထားဆဲပေါ့။

ခပ်လှမ်းလှမ်းမှာ ကင်မရာ သုံးချောင်းထောက်ကို ခေါက်သိမ်းနေသော သတင်းထောက်မကလေး တစ်ဦးကိုလည်း လှမ်းမြင်နေရသည်။ သူတို့ အားလုံး အိမ်ပြန်ကြတော့မည်။

သားမောင်ကရော။

အိမ်ပြန်ရုံကလွဲ၍ ဘာများ တတ်နိုင်ပါဦးမည်နည်း။ တကယ်တော့ ပြန်ချင်စိတ်လည်း မရှိ။ ညစာ စားချင်စိတ်လည်း မရှိသဖြင့် သည် လက်ဖက်ရည်ဆိုင်ကလေးထဲမှာ ထိုင်ရင်း လက်ဖက်ရည် တစ်ခွက်ကို ကြာမြင့်စွာ စွဲသောက်နေတာ ဖြစ်သည်။

မီးကလည်း မလာ။

ဆိုင်၏ ပလတ်စတစ်မိုး အပြင်ဘက်နားက စားပွဲမှာ ထိုင်နေသဖြင့် သားမောင် နေရာက တော်တော် မှောင်နေသည်။ ဆိုင်ရှင်က သူ့ဘက်ထရီမီးချောင်း ထွန်းထားသည့်နား ရွှေ့ထိုင်ဖို့ ခေါ်သေးသည်။ သားမောင် နွမ်းလျစွာ ပြုံး၍ ခေါင်းသာခါပြလိုက်သည်။ ဆိုင်ရှင်ကလည်း အလိုက်သိစွာ ထွက်ခွာသွားခဲ့သည်။

သားမောင်လို ဝိညာဉ်မဲ့ မျက်နှာသေနှင့် လူမျိုးတွေ သူဘယ်နှယောက်တောင် တွေ့ဖူးထားသည် မသိ။

သားမောင်ကတော့ နွမ်းလျစွာ ပြုံးနေသည့် သီတာဦး၏ မျက်နှာကလေးကို မြင်ယောင်ကြည့်နေရင်းက နှလုံးသားတို့ တစ်စစီ ကြွေကျနေသည်။

မိဘချင်း နက်နက်ရှိုင်းရှိုင်း ပတ်သက်ခင်မင်ခဲ့ကြပါလျက်နှင့်ကြီးမှ ဆုံတွေ့ခွင့်ရပြီး မိုးပေါ်ကကျသလို ရလာခဲ့သည့် နှမကလေးပါ။ အနွေးနှင့် အမြန် လွတ်မှာပဲလေ။ သီတာပေ့ါ။ လာမည့် ၂၉ ရက်နေ့ဆိုရင် လက်ရှိ လွှတ်တော်က သက်တမ်းကုန်တော့မည်။ ပြည်သူတွေ ၈၀ ရာခိုင်နှုန်းက ရွေးချယ်လိုက်သည့် လွှတ်တော်လာတော့မည်။ အစိုးရသစ်လာတော့မည်။ အဲသည့် လုပ်ငန်းစဉ်က သုံးလလောက် ကြာမည်ထား။ သုံးလဟိုဘက်မှာ မျှော်လင့်၍ရသည်။ သို့သော်



မစောင့်ချင်တော့ဘူးလေ။

သည်နှမကလေးကို နွေးထွေးစွာ လက်ကမ်းကြိုချင်လှပြီ။ ကိုယ့်မိဘကို သူ့မိဘက စောင့်ရှောက်ခဲ့သလိုမျိုး သူ့ကို ကိုယ်က ပြန်စောင့်ရှောက်ပေးခွင့်ရချင်လှပြီ။ ရင်ထဲအသည်းထဲက ယုံကြည်တာတွေကို လက်တွဲလုပ်ချင်လှပြီ။

သားမောင် သက်ပြင်းကို နောက်တစ်ကြိမ်ချမိသည်။

တစ်စက်၊ တစ်စက်။

မိုးစက်ကလေးများ ပထမ သူ့ပါးပေါ်၊ နှာခေါင်းပေါ်၊ နောက်ပခုံးပေါ်။

လာပြန်ပြီ အခါမဟုတ်သော မိုး။

'ဗျို့ ဆရာလေး၊ အထဲလာ၊ နေမကောင်းဖြစ်နေဦးမယ်၊ သည်မိုးက နှင်းနဲ့ ရောနေတာ၊ တအားအေးတယ်'

ဆိုင်ရှင်က ဆိုင်အတွင်းဘက်က လှမ်းခေါ်သည်။

နှင်းနဲ့ရောနေတဲ့ မိုး။

ဒါဆို နှင်းဆွတ်. . . ရေတွေပေ့ါ။ အင်းလေ လာတော့ လာခါနီး နေပြီ ထင်ပါရဲ့။

သားမောင် ပစ္စည်းများ သိမ်း၍ နေရာမှ ထကာ ဆိုင်အတွင်းဘက်သို့ လေးကန်စွာ လျှောက်လှမ်း၍ ဝင်သွားပါသည်။

**ပြီးပါပြီ**

**ဆန္ဒမွန်ဖြင့်**
**လက်ဘက်ရည်ကျော်**
**၄.၁.၂၀၁၆**
**ည ၉ နာရီ ၄၆ မိနစ်**
**(လွှတ်လပ်ရေးနေ့)**

●